ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရား ရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်၊ တနင်္လာနေ့။ Monday, 20 May 2024 ၁၁၄၆၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos State Space Corporation မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Savelyev Sergey Valentinovich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos State Space Corporation မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

## မြန်မာ-ရုရှား နှစ်နိုင်ငံအကြား အာကာသနည်းပညာ ပူးပေါင်းဆောင်ရွက်မှု၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

နေပြည်တော် မေ ၁၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos State Space Corporation မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Savelyev Sergey Valentinovich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ★

ယနေ့ ဖတ်စရာ

**မိုးဦးကာလ သဘာဝဘေးအန္တရာယ်ကြုံချိန်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် လူမှုကူညီရေးအသင်းများ ကြိုတင်ပြင်ဆင်လျက်ရှိ** စာမျက်နှာ » ၄

**YBS ယာဉ်များ ဇွန် ၃၀ ရက်နောက်ဆုံးထား၍ CCTV မတပ်ဆင်ပါက ယာဉ်ပိုင်ကုမ္ပဏီအား ထိရောက်စွာ အရေးယူမည်** စာမျက်နှာ » ၇

**၂၀၂၄ ခုနှစ်တွင် ပုဂံယဉ်ကျေးမှုဒေသနှင့် လိုက်ဖက်ညီသည့် လူထုအခြေပြုခရီးသွား လုပ်ငန်းများဆွဲဆောင်မှုဖြင့် ခရီးသွားပိုမိုဝင်ရောက်မည်ဟု ခန့်မှန်းထား** စာမျက်နှာ » ၁၇

# ငွေကြေးဈေးကွက်တည်ငြိမ်ရေး စည်းမျဉ်းများနှင့်အညီဆောင်ရွက်

မြန်မာနိုင်ငံတွင် ငွေကြေးဈေးကွက် မတည်ငြိမ်မှုကြောင့် ကုန်စည်ပို့ဆောင်ရောင်းဝယ်ဖောက်ကားမှုလုပ်ငန်းများတွင် ဈေးနှုန်းအတက်အကျ ဖြစ်ပေါ်လျက်ရှိပြီး အထူးသဖြင့် အတက်ဈေးဖြင့် ကုန်စည်ဈေးနှုန်းများမြင့်မားလာမှုကြောင့် အများပြည်သူတို့၏ လူမှုစီးပွားဘဝတွင် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ အဓိကမှာ ကုန်ပစ္စည်းများကို တန်ဖိုးဖြတ်နေသော နိုင်ငံခြားငွေကြေးဈေးကွက် အပြောင်းအလဲကြောင့်ဟု ဆိုနိုင်သည်။

တစ်ချိန်သောကာလက နိုင်ငံခြားငွေကြေးတန်ဖိုးကို နိုင်ငံတော်၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ပြီးနောက် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နိုင်ငံခြားငွေကြေး ရောင်းဝယ်ဖောက်ကားမှုများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုသည့်အခါ နိုင်ငံတကာ၌ ရွှေဈေးနှင့် ငွေကြေးဈေးနှုန်း အပြောင်းအလဲဖြစ်ပေါ်မှုထက် ဈေးကွက်တွင် မသမာမှုများနှင့် ဈေးကစားမှုများကြောင့် နိုင်ငံခြားငွေကြေးတန်ဖိုးသည် တစ်စထက်တစ်စ မြင့်မားလာသည်ကို တွေ့ရမည်ဖြစ်သည်။ အကျိုးဆက်မှာ ကုန်ပစ္စည်းဈေးနှုန်းများ တစ်နေ့တခြားမြင့်မားလာသည့် ဆိုးကျိုးများကို ကြုံတွေ့လာရသည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံခြားငွေတန်ဖိုး တည်ငြိမ်မှုရှိစေရေးအတွက် သတ်မှတ်နှုန်းထားများနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရေးနှင့် နိုင်ငံခြားငွေ မှောင်ခိုဈေးကွက် ပပျောက်စေရေးအတွက် အစဉ်အဆက်ကြပ်မတ် ထိန်းသိမ်းဆောင်ရွက်လျက်ရှိသော်လည်း တရားမဝင် နိုင်ငံခြားငွေကြေးမှောင်ခိုဈေးကွက်မှာ ရှိနေဆဲဖြစ်သည်။ မသမာသူဝိသမလောဘသားများက ငွေကြေးအမြောက်အမြား ရင်းနှီးမြှုပ်နှံပြီး ငွေကြေးဈေးကစားမှုများ ပြုလုပ်နေကြဆဲဖြစ်သည်။ လက်ရှိတွင် ငွေကြေးလဲလှယ်နှုန်းတည်ငြိမ်မှုကို အဟန့်အတားဖြစ်စေသော ရွှေနှင့် နိုင်ငံခြားငွေကြေးကစားနေသူများကို ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီက စိစစ်ဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံခြားငွေကြေး လဲလှယ်ခွင့်ရသည့် လိုင်စင်ရဘဏ်များအနေဖြင့် ဗဟိုဘဏ်က ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုအပ်သည်။ စည်းကမ်းနှင့်မညီ ဆောင်ရွက်မှုများကို စစ်ဆေးတွေ့ရှိပေါ်ပေါက်ပါက သက်ဆိုင်ရာဥပဒေများအရ စီမံခန့်ခွဲမှုဆိုင်ရာ အရေးယူမှုများကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ငွေသားအမြောက်အမြား ထုတ်ယူနေခြင်းများနှင့်ပတ်သက်၍ ဒစ်ဂျစ်တယ်ငွေပေးချေမှုနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်သွားရန် လိုအပ်သည်။ ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် ဆောင်ရွက်မှသာ လိုအပ်သည့် ကြီးကြပ်စစ်ဆေးမှုများနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များအတွက် ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

တရားမဝင် ငွေလွှဲဟွန်ဒီ ဆောင်ရွက်မှုများကို နိုင်ငံတကာကပါ စောင့်ကြည့်နေပြီး ဗဟိုဘဏ်အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မှုများကြောင့် တရားမဝင်လုပ်ကိုင်သူများ အရေးယူခံရနိုင်ခြေရှိသည်။ အွန်လိုင်းကုန်သွယ်မှုပလက်ဖောင်းသည် နိုင်ငံခြားငွေရောင်းချဝယ်ယူသည့် တရားဝင်ဈေးကွက်ဖြစ်သည်။ ဘဏ်များမှတစ်ဆင့် ဝယ်လိုသူ/ရောင်းချလိုသူတို့သည် ၎င်းတို့ရောင်းချဝယ်ယူလိုသည့် နှုန်းထားကို နေ့စဉ်တင်ပြပြီး ဈေးကွက်ပေါက်ဈေးအတိုင်းရောင်းချသည့် တရားဝင်နိုင်ငံခြားငွေကြေးလဲလှယ်သည့်ဈေးကွက်ဖြစ်သည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် အများပြည်သူတို့သိရှိစေရန်အတွက် နေ့စဉ်တရားဝင်ကြေညာ အသိပေးလျက်ရှိသည်။

တရားမဝင်ငွေကြေးများနှင့်ပတ်သက်၍ အွန်လိုင်းပေါ်တွင် ရောင်းချနေမှုများကို အရေးယူလျက်ရှိပြီး တရားမဝင်ဈေးကွက်တွင် ရောင်းဝယ်မှုများကြောင့် ဆုံးရှုံးနစ်နာမှုများကို ကြားသိနေရသည်။ ဗဟိုဘဏ်က ချမှတ်ထားသော မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဈေးကွက်၌ ပါဝင်သူများအားလုံး (အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ)တို့က ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည်။ လွတ်လပ်စွာရောင်းချသည့် နိုင်ငံခြားငွေကြေးဈေးကွက်ကို ဖော်ဆောင်ရာတွင် အဟန့်အတားများ၊ အထူးသဖြင့် ကောလာဟလများကြောင့် ဈေးကစားသူများကို ထိရောက်စွာ ထိန်းကျောင်းကြပ်မတ်ရန်လိုအပ်သည်။ သို့မှသာ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားသည့် တရားဝင်ဈေးကွက်ပေါ်ပေါက်လာမည်ဖြစ်သည်။

ကုန်သွယ်မှုလုပ်ငန်းများအတွက် ငွေပေးချေမှုဆောင်ရွက်ရာတွင် တရားဝင်ဘဏ်စနစ်ဖြင့် ဆောင်ရွက်ရန် လိုအပ်သည်။ လိုင်စင်ရဘဏ်များအနေဖြင့် အွန်လိုင်းကုန်သွယ်မှုပလက်ဖောင်း၌ နိုင်ငံခြားငွေများ ဝယ်ယူဆောင်ရွက်ပေးရာတွင် တရားဝင်အကျိုးခံစားခွင့်ရှိသူတို့သာ ရရှိရန်လိုအပ်သည်။ နယ်စပ်ကုန်သွယ်ရေး၌လည်း သွင်းကုန်လိုင်စင်များ ချထားဆောင်ရွက်ရာတွင် ဘဏ်စနစ်ဖြင့် လုပ်ကိုင်ရန်လိုအပ်သည်။ နိုင်ငံခြားငွေများ ရောင်းဝယ်ရာ၌လည်း တရားဝင်အွန်လိုင်းဈေးကွက်နှုန်းထားအတိုင်း ရောင်းဝယ်ကြရန်လိုအပ်သည်။

သို့ဖြစ်ရာ ယနေ့ဖြစ်ပေါ်နေသော ငွေကြေးမတည်ငြိမ်မှု၊ ကုန်ပစ္စည်းဈေးနှုန်းများမြင့်တက်နေမှု၊ အဓိကကျသည့် အကြောင်းရင်းအချက်တစ်ချက်သည် နိုင်ငံခြားငွေကြေးများကို တရားဝင်လုပ်ကိုင်မှုမရှိဘဲ မှောင်ခိုဈေးကွက်တွင် ဈေးကစားမှု၊ ဈေးတင်မှုများကြောင့်ဖြစ်နေသည်ကို အားလုံးသိရှိကြပြီးဖြစ်ရာ ဗဟိုဘဏ်က နေ့စဉ်သတ်မှတ်ထားသောနှုန်းထားအတိုင်း ရောင်းဝယ်ဖောက်ကားသူများအားလုံး လုပ်ကိုင်ဆောင်ရွက်ကြခြင်းဖြင့် အများပြည်သူတို့၏ လူမှုစီးပွားဘဝများ အဆင်ပြေတည်ငြိမ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ပညာရေးဝန်ကြီးဌာန
## ၂၀၂၄-၂၀၂၅ ပညာသင်နှစ်
## "အသိပေးကြေညာချက်"

☆ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG)သို့ အပ်နှံရန်။

☆ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1)သို့ အပ်နှံရန်။

## ပညာရေးဝန်ကြီးဌာန
## "၂၀၂၄-၂၀၂၅ ပညာသင်နှစ်"
## မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

❖ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။

❖ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်းမပြုပါရန်။

❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်ပါရန်။

❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။

❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။

❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။

❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

❖ ကျောင်းသား၊ ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

❖ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေ ပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။

❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၅၂၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မေ ၁၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မေ ၂၀ ရက်မှ ၂၆ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၅၂၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

**အရေးယူဆောင်ရွက်**

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos State Space Corporation မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

★ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos State Space Corporation မှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား အာကာသနည်းပညာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ အာကာသနည်းပညာနှင့်သက်ဆိုင်သည့် ပညာတော်သင်များ စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos State Space Corporation မှ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos State Space Corporation မှ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



## အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပန်းချီပညာဌာန ကျောင်းသား ကျောင်းသူများ၏ ပန်းချီပြပွဲ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၌ ခင်းကျင်းပြသ

**ရန်ကုန် မေ ၁၉**

အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပန်းချီပညာဌာနမှ မဟာဝိဇ္ဇာ ပထမနှင့် ဒုတိယနှစ် ကျောင်းသား ကျောင်းသူ လေးဦးနှင့် စတုတ္ထနှစ် ကျောင်းသား ကျောင်းသူ ၁၄ ဦး တို့၏ စိတ်ကူးစိတ်သန်းများဖြင့် ရေးဆွဲထားသည့် ပန်းချီကားပေါ်မှ ဇာတ်ကြောင်းများ ပန်းချီပြပွဲကို မေ ၁၈ ရက်မှ ၂၅ ရက်အထိ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ ပန်းဘဲတန်းမြို့နယ် အမှတ်(၉)ရပ်ကွက် ကုန်သည်လမ်းမရှိ အမျိုးသားစာကြည့်တိုက် (ရန်ကုန်)၌ ခင်းကျင်းပြသလျက်ရှိသည်။

အနုပညာဖန်တီးမှု စွမ်းရည်မြင့်မားစေရေး၊ ပရိသတ်နှင့်ထိတွေ့မှု အတွေ့အကြုံရယူနိုင်ရေး၊ ခင်းကျင်းပြသခြင်းဆိုင်ရာ လုပ်ငန်းများကို နားလည်သိရှိစေရန်၊ ခေါင်းဆောင်မှုစွမ်းရည်မြင့်မားစေရန်နှင့် ပူးပေါင်းဆောင်ရွက်တတ်စေရန်ရည်ရွယ်ချက်များဖြင့် ပြပွဲကို ပြသခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကျောင်းသား ကျောင်းသူများ၏အနုပညာဖန်တီးမှုနှင့် ပြပွဲခင်းကျင်းခြင်းဆိုင်ရာ Credit အမှတ်ရယူနိုင်ရန်အတွက် ပြသခြင်းလည်းဖြစ်သည်။ ပြပွဲတွင် ဆီဆေးပန်းချီကား ၄၅ ကား၊ ရေဆေးတစ်ကား၊အခရိုင်လစ်ရုစ်ကား၊ Charcoal တစ်ကား အပါအဝင် စုစုပေါင်းပန်းချီကား ၅၅ ကားတို့ကို ခင်းကျင်းပြသထားရာ စိတ်ပါဝင်စားသူများ အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ပန်းချီအနုပညာမြတ်နိုးသူများအတွက် ပန်းချီကားတန်ဖိုးမှာ ကျပ်တစ်သိန်းခွဲမှ ကျပ် ၁၅ သိန်းအထိရှိသည်။ ကိုဗစ်ကာလမတိုင်မီ ပြုလုပ်ခဲ့သည့် ပန်းချီပညာဌာန ကျောင်းသား ကျောင်းသူများ၏ ပန်းချီပြပွဲများကို ရန်ကုန်မြို့ရှိ ပြင်ပပန်းချီပြခန်းများတွင် ပြသခဲ့ပြီး ကိုဗစ်ကာလတွင်ခေတ္တရပ်နားခဲ့သည်။ ယခုပြပွဲသည်ပထမဦးဆုံးအကြိမ် ပြန်လည်ပြသသည့်ပြပွဲဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသူရ**



## တာချီလိတ်မြို့နယ်၌ ဇီဝဆိုင်ရာအချက်အလက် လူဦးရေ ၄၈၄၄၆ ဦး ကောက်ယူပြီးစီး

**တာချီလိတ် မေ ၁၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းလုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိရာ မေ ၁၆ ရက်ထိ လူဦးရေ ၄၈၄၄၆ ဦးအား ဆောင်ရွက်ပေးပြီးကြောင်း သိရသည်။

ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူ ဆောင်ရွက်ရာတွင် မြို့နယ်အတွင်းရှိ အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဧည့်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် နိုင်ငံသားပြုခွင့်ရသူကတ်ပြား ကိုင်ဆောင်ထားသူများကို ဇီဝဆိုင်ရာအချက်အလက်များ စိစစ်ကောက်ယူ၍ Data Base တွင် သိမ်းဆည်းကာ မတူညီသည့် ဂဏန်း ၁၀ လုံးပါ Unique ID စာရွက်များ ထုတ်ပေးလျက်ရှိသည်။

အဆိုပါ ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းလုပ်ငန်းများကို မြို့နယ်ဦးစီးမှူး ဦးကျော်သက်နိုင်၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက Biometric စက်လေးလုံးဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးတွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများသို့ အလှည့်ကျ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းဇော်(ပြန်/ဆက်)**



**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

**နေပြည်တော် မေ ၁၉**

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ မိုး/ဇလ

# ပြည်တွင်းစားသုံးဆီ ဖူလုံစွာထုတ်လုပ်နိုင်ရေး ဆွေးနွေး



နေပြည်တော် မေ ၁၉

ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိသည့် ဆီထွက်သီးနှံများကို ကြိတ်ခွဲထုတ်လုပ်ပြီး ပြည်တွင်း စားသုံးဆီ ဖူလုံရေးအတွက် သက်ဆိုင်ရာကဏ္ဍများမှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်နိုင်ရန် ပြည်တွင်းစားသုံးဆီ ဖူလုံစွာထုတ်လုပ်နိုင်ရေး ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၁၅) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးမင်းနောင်၊ ဒေါက်တာ ချာလီသန်းနှင့် ဦးထွန်းအုံတို့က ဦးဆောင်ဆွေးနွေးခဲ့ကြပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက ပြည်တွင်းစားသုံးဆီ ဖူလုံစွာထုတ်လုပ်နိုင်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ပြည်တွင်းစားသုံးဆီ ဖူလုံရေးနှင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှု လျှော့ချနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်းပါဝင်သည့် လုပ်ငန်းအဖွဲ့များဖြင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ယာယီနေရပ်စွန့်ခွာ ဝန်ထမ်းများနှင့်တွေ့ဆုံ၊ သာစည်(၃၀)မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းနှင့် ၅၀၀ ကေဗွီ ကံကောင်းဓာတ်အားခွဲရုံစီမံကိန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၁၉

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ကျောက်ဆည်မြို့နယ်ရှိ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ဘယ်လင်းအခြေစိုက်စခန်းသို့ ရောက်ရှိပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) မှ ယာယီနေရပ်စွန့်ခွာ၍ ကျောက်ဆည်မြို့နယ်ရှိ ရုံးဌာနများတွင် တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသည့် ယာယီနေရပ်စွန့်ခွာဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများ၏တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာစည်မြို့နယ်ရှိ သပြေဝ-၃ (၃၀) မဂ္ဂါဝပ်နှင့် သာစည် (၃၀) မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းများသို့ ရောက်ရှိရာ တာဝန်ရှိသူများက ဓာတ်အားပေးစက်ရုံဆိုင်ရာ အချက်အလက်များ၊ မြို့ပြပိုင်းဆိုင်ရာလုပ်ငန်း ဆောင်ရွက်ခဲ့မှုအခြေအနေ၊ Tracking System အသုံးပြုပြီး Solar Panel များ တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှု၊ ပင်မဓာတ်အားခွဲရုံများသို့ ဓာတ်အားပို့လွှတ်နိုင်ရန် ဓာတ်အားလိုင်းများ တည်ဆောက်ခဲ့မှုနှင့် စက်ရုံဝန်းကျင်ရှိ ကျေးရွာများကို လူမှုရေးတာဝန်သိတတ်မှု (CSR) လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံများတွင် Tracking System အသုံးပြုခြင်းနှင့် ESS Battery Storage ထည့်သွင်းအသုံးပြုခြင်းတို့သည် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သည့် အချိန်အတွင်းထုတ်လုပ်ရမည့်ဓာတ်အားကို အပြည့်အဝ ထုတ်လုပ်နိုင်ရေး တည်ငြိမ်စွာဖြင့် ထုတ်လုပ်နိုင်ရန် များစွာအထောက်အကူပြုသဖြင့် ထပ်မံတိုးချဲ့မည့် Solar စီမံကိန်းများတွင် အဆိုပါစနစ်ထည့်သွင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဓာတ်အားထိန်းချုပ်ခန်းအတွင်း နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အားများထုတ်လုပ်ပြီး နိုင်ငံတော်ဓာတ်အားစနစ် (National Grid System) သို့ ချိတ်ဆက်ပို့လွှတ်ပေးနေမှုနှင့် စက်ရုံဧရိယာအတွင်း Tracking System အသုံးပြုပြီး Solar Panal များ တပ်ဆင်ထားမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

သပြေဝ-၃နှင့် သာစည်နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတို့သည် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် တည်ရှိပြီး စက်တပ်ဆင်အင်အားမှာ သပြေဝ-၃ ဆိုလာစီမံကိန်းတွင် ၃၀ မဂ္ဂါဝပ်ဖြစ်ပြီး ၎င်းမှလျှပ်စစ်ဓာတ်အားများကို ၂၀၂၄ ခုနှစ် မတ် ၃၀ ရက်တွင် လည်းကောင်း၊ သာစည်ဆိုလာစီမံကိန်းမှာ ၃၀ မဂ္ဂါဝပ်ဖြစ်ပြီး ၎င်းမှလျှပ်စစ်ဓာတ်အားများကို ၂၀၂၄ ခုနှစ် ဧပြီ ၃၀ ရက်တွင်လည်းကောင်း နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားများ စမ်းသပ်ပို့လွှတ်ပေးလျက်ရှိသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ်ရှိ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ၅၀၀ ကေဗွီ ကံကောင်း ဓာတ်အားခွဲရုံစီမံကိန်းသို့ရောက်ရှိကာ စီမံကိန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ယခုစီမံကိန်းသည် နိုင်ငံ၏လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးကဏ္ဍတွင် အရေးပါသော စီမံကိန်းဖြစ်သဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဆောင်ရွက်ရန်ကျန် လုပ်ငန်းများအလိုက် ပြီးစီးရမည့် အချိန်ဇယားများ ရေးဆွဲထားပြီး အချိန်ဇယားများအတိုင်း သတ်မှတ်ချိန်ပြီးစီးနိုင်ရေး အဆင့်ဆင့် ကြပ်မတ်စစ်ဆေးပြီး တွန်းအားပေးဆောင်ရွက်သွားရန်နှင့် ဆောင်ရွက်ရာတွင်လည်း အရည်အသွေး ပြည့်မီအောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ထရန်စဖော်မာများနှင့် Shunt Reactor တပ်ဆင်ပြီးစီးမှု၊ Hybrid Gas Insulated Switchgear (HGIS) တပ်ဆင်ပြီးစီးမှု၊ 500 kV Switch Bay နှင့် 230 kV Switch Bay တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် Control Building တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယခုအကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် ၅၀၀ ကေဗွီ ကံကောင်းဓာတ်အားခွဲရုံစီမံကိန်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ သည့် ၅၀၀ ကေဗွီ ဓာတ်အားခွဲရုံစီမံကိန်းဖြစ်ကာ စီမံကိန်းပြီးစီးသွားသည်နှင့် နိုင်ငံမြောက်ပိုင်းတွင်တည်ရှိနေသော လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားများကို နိုင်ငံ၏တောင်ပိုင်းသို့ ၅၀၀ ကေဗွီ ဓာတ်အားလိုင်းစနစ်ဖြင့် ပြည့်ဝစွာ ဓာတ်အားပို့လွှတ်ပေးနိုင်မည်ဖြစ်ပြီး ယခုအခါ စီမံကိန်းတစ်ခုလုံးအနေဖြင့် ၇၉ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ရာနှုန်းပြည့်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုးဦးကာလ သဘာဝဘေးအန္တရာယ်ကြုံချိန်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် လူမှုကူညီရေးအသင်းများ ကြိုတင်ပြင်ဆင်လျက်ရှိ



ရေကြီးရေလျှံမှုများဖြစ်ပွားပြီး နောက်ဆက်တွဲကူညီကယ်ဆယ်ရေးဆိုင်ရာလုပ်ငန်းများကို ကြိုတင်ဇာတ်တိုက်လေ့ကျင့်နေစဉ်။

ရန်ကုန် မေ ၁၉

မကြာမီကာလတွင် မြန်မာနိုင်ငံ၏ မိုးဦးကာလသို့ ရောက်ရှိတော့မည်ဖြစ်ရာ သဘာဝဘေးအန္တရာယ်ကြုံချိန်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ရန် လူမှုကူညီရေးအသင်းများ ပြင်ဆင်နေကြပြီဖြစ်ကြောင်း ရွှေမေတ္တာလူမှုကူညီရေးအသင်းမှ ဥက္ကဋ္ဌ ဒေါ်ရွှေလဲ့က ပြောသည်။

မိုးဦးကျကာလတွင် မော်တော်ယာဉ်များအနေဖြင့် မောင်းနှင်နေစဉ် လမ်းချော်ခြင်းများဖြစ်နိုင်သည့်အတွက် လူမှုကူညီရေးအသင်းများက ၎င်းတို့ အသင်းများနှင့် နီးစပ်ရာနေရာများတွင် ကူညီနိုင်ရန်အတွက် ဆေးအိတ်ပြင်ဆင်ခြင်းများကိုလည်း ဆောင်ရွက်နေကြကြောင်း ၎င်းက ပြောသည်။

"မိုးဦးကာလနဲ့ မိုးကြိုကာလမှာ ကြိုတင်ပြင်ဆင်ရတာက ဘာလဲဆိုတော့ မိုးတိမ်တောင်အဖြစ်များရင် မိုးကြိုးများတယ်။ မိုး၊ လေ ကြမ်းတတ်တယ်။ လွှစက်တို့ ဘာတို့ လုပ်ရတာပေ့ါ။ mm အသင်းတွေရဲ့ ဦးတည်ချက်တွေထဲမှာက သဘာဝဘေးအန္တရာယ်တွေမှာလည်း ပူးပေါင်းပါဝင်ကူညီပေးနိုင်ဖို့၊ အချိန်နဲ့တစ်ပြေးညီ ကူညီနိုင်ဖို့လည်း ပါတယ်။ အပင်လဲရင်၊ လမ်းတွေ ပိတ်ဆို့ရင် အစ်မတို့လည်း ကိုယ်နိုင်တဲ့နေရာကနေ ကူညီနိုင်ဖို့အတွက် အပင်တွေဖြတ်မယ့်လွှစက်တွေ၊ လှေကားလိုမျိုးတွေ လုပ်ရတယ်" ဟု ၎င်းက ပြောသည်။

မိုးရွာပြီးနောက် အနိမ့်ပိုင်းနေရာများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားနိုင်သည့်အတွက် ကူညီကယ်ဆယ်ရေးဆိုင်ရာပစ္စည်းများကို ပြန်လည်စမ်းသပ်ခြင်းများ ပြုလုပ်နေကြကြောင်းလည်း သိရသည်။

"ရေက အမြဲကြီးတာ မဟုတ်ဘူး။ ရေတွေ ပြန်ဆင်းသွားရင် ရေညစ်တွေ ကျန်ခဲ့တတ်တယ်။ ရေညစ်တွေကို စုပ်တာ၊ သန့်တာတွေ ပြန်လုပ်ပေးရတယ်။ စက်ပစ္စည်းတွေဖြစ်တဲ့အတွက် ကူညီကယ်ဆယ်ရေးလုပ်တဲ့အချိန် အဆင်သင့်ဖြစ်အောင်ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ စမ်းသပ်ထားတာပါ" ဟု ၎င်းက ပြောသည်။

**Htet Oo Maung**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ အပူပိုင်းဒေသရှိ ခရိုင်များအတွင်း တစ်ရွာ နှစ်ဧက ကျေးရွာထင်းစိုက်ခင်းနှင့် ဘက်စုံသုံးစိုက်ခင်းများတည်ထောင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကွင်းဆင်းစစ်ဆေး



**နေပြည်တော် မေ ၁၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် တောင်ကန်ကြီးကျေးရွာရှိ ၂၀၂၄ ခုနှစ် မိုးရာသီ ကျေးရွာထင်းစိုက်ခင်း တစ်ရွာ နှစ်ဧက တည်ထောင်မည့် မြေနေရာများ ပြုပြင်ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံကျေးရွာလူထုနှင့် တွေ့ဆုံသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပေါက်ပင်အိုင့်ကျေးရွာရှိ ၂၀၂၄ ခုနှစ် မိုးရာသီအကြို ဘက်စုံသုံး တစ်ရွာနှစ်ဧက စိုက်ပျိုးထားရှိမှုနှင့် ကျေးရွာစာကြည့်တိုက်များကို လည်းကောင်း၊ ရေငံကျေးရွာရှိ ၂၀၂၄ မိုးရာသီ ကျေးရွာထင်းစိုက်ခင်း တစ်ရွာနှစ်ဧက တည်ထောင်မည့်မြေနေရာများ ပြုပြင်ဆောင်ရွက်ထားရှိမှုအခြေအနေကို လည်းကောင်း၊ ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် နတ်ပလင်ကျေးရွာရှိ ၂၀၂၄ မိုးရာသီအကြို ဘက်စုံသုံး တစ်ရွာနှစ်ဧက စိုက်ပျိုးထားရှိမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒေသခံကျေးရွာလူထုနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဒေသခံများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကျေးရွာလူထုနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် မိုးရာသီတွင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ဧက ၂၂၀၀၀ ကျော်တွင် အပင်ပေါင်း ၂၂ ဒသမ ၃ သန်းကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အပူပိုင်းဇုန်ဒေသများဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၃ ခုတွင် အထူးစီမံချက်ဖြင့် တစ်ရွာနှစ်ဧက ကျေးရွာထင်းစိုက်ခင်းနှင့် ဘက်စုံသုံးစိုက်ခင်းများ တည်ထောင်ပေးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမည့် သစ်မျိုးများကိုလည်း ပျိုးပင်သက်တမ်း နှစ်နှစ်အထက်၊ ပျိုးပင်အမြင့် နှစ်ပေအထက်ရှိသည့် ဒေသမျိုးရင်း သစ်မျိုးနှင့် အရိပ်ရ လေကာသစ်မျိုးများကို တစ်ပင်စိုက် တစ်ပင်ရှင်အောင် တစ်ရွာလျှင် ဝန်ထမ်းတစ်ဦး သတ်မှတ်တာဝန်ပေးပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံကျေးရွာလူထုကလည်း မိမိတို့ရွာပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာစေရန် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ညောင်ဦးမြို့နယ်ရှိ နဘူးတောပျိုးဥယျာဉ်အတွင်း သစ်မျိုး ၁၆ မျိုးဖြင့် ပျိုးပင် ၆၇၀၀၀ ကျော် ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ညောင်ဦးမြို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးသို့ ရောက်ရှိရာ တာဝန်ရှိသူများက အပူပိုင်းဇုန် ခရိုင် ၁၃ ခုအတွင်း တစ်ရွာနှစ်ဧက ကျေးရွာထင်းစိုက်ခင်းနှင့် ဘက်စုံသုံးစိုက်ခင်းတည်ထောင်မည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းအဆင့်အလိုက် အချိန်မီပြီးစီးအောင် အလေးထား ဆောင်ရွက်ရန်နှင့် တစ်ရွာနှစ်ဧက စိုက်ခင်းတည်ထောင်ခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ်ရှိ ရွှေပုံတောင်ပျိုးဥယျာဉ်အတွင်း သစ်မျိုး ၃၂ မျိုးဖြင့် ပျိုးပင် တစ်သိန်းကျော် ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ ချောက်မြို့နယ် ကိုင်းထောက်ကန်ကျေးရွာ(၁/၂၀၂၄) ကျေးရွာထင်းစိုက်ခင်း ဧက ၂၀ စိုက်ပျိုးမည့်နေရာ မြေပြုပြင်ဆောင်ရွက်နေမှု အခြေအနေကို လည်းကောင်း၊ ကိုင်းထောက်ကန်ကျေးရွာ ၂၀၂၄ ခုနှစ် မိုးရာသီ ကျေးရွာထင်းစိုက်ခင်း တစ်ရွာနှစ်ဧက စိုက်ပျိုးရန် မြေပြုပြင်ဆောင်ရွက်နေမှုကို လည်းကောင်း၊ ၂၀၂၃ မိုးရာသီ အထူးစိမ်းလန်းစိုပြည်ရေးစိုက်ခင်း အပင် ၃၀၀၀ ရှင်သန်အောင်မြင်မှု အခြေအနေကိုလည်းကောင်း၊ ကိုင်းထောက်ကန်ကျေးရွာ ၂၀၂၄ မိုးရာသီ ဘက်စုံသုံးစိုက်ခင်း တစ်ရွာနှစ်ဧက စိုက်ပျိုးရန် မြေပြုပြင်ဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒေသခံကျေးရွာလူထုနှင့် တွေ့ဆုံ၍ ဒေသခံများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးခရိုင် ရေနံချောင်းမြို့နယ်ရှိ ယာကြီးပြင်ကျေးရွာ ၂၀၂၄ မိုးရာသီအကြို ကျေးရွာထင်းစိုက်ခင်း တစ်ရွာနှစ်ဧက စိုက်ပျိုးထားရှိမှုကို လည်းကောင်း၊ ဂျုတ်ပင်ကျေးရွာ ၂၀၂၄ မိုးရာသီ ကျေးရွာထင်းစိုက်ခင်း တစ်ရွာနှစ်ဧကစိုက်ပျိုးရန် မြေပြုပြင်ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ မကွေးမြို့နယ်ရှိ အင်တိုင်းကြီးရွာ ၂၀၂၄ မိုးရာသီ ဘက်စုံသုံးစိုက်ခင်း တစ်ရွာနှစ်ဧက စိုက်ပျိုးရန် မြေပြုပြင်ဆောင်ရွက်ထားရှိမှုနှင့် ကျေးရွာစာကြည့်တိုက်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒေသခံများနှင့်တွေ့ဆုံ၍ ရာသီဥတုပြောင်းလဲမှု၊ သစ်တောစိုက်ခင်း တည်ထောင်ခြင်းနှင့် သစ်တောသစ်ပင် ထိန်းသိမ်းစောင့်ရှောက်ခြင်း ဆိုင်ရာများနှင့် ပတ်သက်၍ ပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

**ဒေါက်တာထွန်းတင့်**

## ဖက် နဲ့ ဘက်

**(ယမန်နေ့မှအဆက်)**

ကဲ–"ဘက်" အကြောင်း ပြောရအောင်။ "ဘက်"မှာ အနက်မရှိဘူးလို့ ပြောခဲ့ပြီးပြီနော်။ "ဘက်" ရဲ့ အနက်အဓိပ္ပာယ်ကို သိချင်ရင်တော့ "ဖက်"မှာ ရှာရလိမ့်မယ်။ ဒီလိုဆိုတော့ "ဘက်" မှာလည်း ပေါင်းဖက်၊ ယှဉ်ဖက်၊ ပြိုင်ဖက် ဆိုတဲ့ အနက်ရှိတယ်ဆိုတဲ့ သဘောပဲပေါ့။ "ဘက်" လို့ အသံထွက်တဲ့အတိုင်း ရေးတဲ့ အသံစွဲအရေးပါပဲ။ ဒီနေရာမှာ ကြားဖြတ်ပြီး ရှင်းပြမှာထားချင်တာ ရှိပါသေးတယ်။ အနက်စွဲအရေး၊ အသံစွဲအရေးလို့ ကိုကြီး ပြောပြောနေတာဟာ အနက်စွဲအက္ခရာ၊ အသံစွဲအက္ခရာတွေကိုသုံးပြီး ရေးတာကို ဆိုလိုတာနော်။ အနက်စွဲအရေးပဲဖြစ်ဖြစ်၊ အသံစွဲအရေးပဲဖြစ်ဖြစ် ရေးတဲ့အက္ခရာအတိုင်း၊ မြင်နေရတဲ့ အက္ခရာအတိုင်း ဖတ်ရ ပြောရတာ မဟုတ်ဘူးဆိုတာ ညီလေးသိပြီးသားပဲ။ "အသံပြောင်းထုံး"အရ အသံပြောင်းပြီး ဖတ်ကြ၊ ပြောကြရတာ မဟုတ်လား။

ဆိုလိုတာက "ဖက်" လို့ ဖဦးထုပ်နဲ့ အရေးတွေ့တာနဲ့ ဖဦးထုပ်သံနဲ့ "ဖက်"လို့ပဲ ဖတ်ရ၊ ပြောရမယ်လို့ မှတ်ထားလို့မရဘူး။ ဖဦးထုပ်သံနဲ့ "ဖက်"လို့ ဖတ်ရပြောရတာရှိသလို "ဘက်"လို့ ဘကုန်းသံ "ဘက်"လို့ အရေးတွေ့တော့လည်း "ဘ"ကုန်းသံပြောင်းပြီး ဖတ်ရ၊ ပြောရတာလည်း ရှိတယ်။ ဘကုန်းနဲ့ဘက်လို့ အရေးတွေ့တော့လည်း ဘကုန်းနဲ့ "ဘက်" လို့ချည်းမဖတ်ရ၊ မပြောရဘူး။ အသံစွဲအက္ခရာနဲ့ရေးထားတာဖြစ်ပေမဲ့ မူလအနက်စွဲ အက္ခရာ ဖဦးထုပ်သံနဲ့ "ဖက်" လို့ ဖတ်ရ၊ ပြောရတာတွေရှိတယ်လို့ ဆိုချင်တာပါ။

"ဘက်" နဲ့ ရေးရတဲ့ ဝေါဟာရတွေကိုတော့ "မြန်မာစာလုံးပေါင်း သတ်ပုံခွဲထား"မှာ ဟောဒီလို ပြထားတယ်လေ။

"ငြိုးသူရန်ဘက်၊ ဆန့်ကျင်ဘက်၊(တဘက်–ပဝါ)၊ တောင်ဘက် မြောက်ဘက်၊ ပြိုင်ဘက်၊ ဘက်စုံ –၊ ရဲဘော်ရဲဘက်၊ လောဘက်တင်–၊ သူရဲသဘက်၊ သူ့ဘက်ကိုယ့်ဘက်၊ သန်ဘက်ခါ၊ ဟိုဘက်ဒီဘက်၊ ဟိုဘက် သည်ဘက်"။

ဒီအရေးတွေကို ကြည့်ရင်လည်း "ဘက်" ဟာ "တွဲဖက်၊ ယှဉ်ဖက်၊ ပြိုင်ဖက်" အနက်ရှိတဲ့ "ဖက်" ကို အခြေခံထားတာပါကလားလို့ သိနိုင်ပါတယ်။ ဒီတော့ "ဖက်" နဲ့ "ဘက်" ဟာ အနက်စွဲ၊ အသံစွဲပဲ ရှိနေကြတယ်။ "ဘက်"ရဲ့ အနက်ဟာ မူလအက္ခရာဖြစ်တဲ့ ဖဦးထုပ် အက္ခရာ "ဖက်"ကို အခြေခံတာဖြစ်လို့၊ "ဖက်"နဲ့ ခွဲဖို့ မလွယ်လှဘူး မဟုတ်လား။ ကောင်းပြီ၊ အခွဲရခက်တဲ့ "ဖက်" နဲ့ "ဘက်"ကို ရေးသင့်တာလည်းဖြစ်အောင်၊ လိုက်နာရေးသားဖို့လည်း ဘယ်လိုများ စနစ်တကျ ချင့်ချင့်ချိန်ချိန် သတ်မှတ်ကြသလဲဆိုတာ ကြည့်ကြရအောင်။

၁။ **ကြိယာ"ဖက်"**။ ။ ဖဦးထုပ် "ဖက်" မှာသာ အနက်အဓိပ္ပာယ်ရှိတာဖြစ်လို့ ကြိယာမှန်သမျှကို ဖဦးထုပ် "ဖက်" နဲ့ ရေးရမယ်တဲ့။
**သာဓက**။ ။ စုံဖက်၊ စွက်ဖက်၊ ဆွဲဖက်၊ တွဲဖက်၊ ပိုက်ဖက်၊ ပွေ့ဖက်၊ ဖက်စပ်၊ ဖက်တွဲ၊ ဖက်ပြိုင်၊ ဖက်ယမ်း၊ ယှဉ်ဖက်၊ လိုက်ဖက် အစရှိတာတွေ။

၂။ **အဖော်အဖက်**။ ။ "ဖော်" နဲ့ တွဲတဲ့ "ဖက်"တွေကို "ဖော် … ဖက်" လို့ ဖဦးထုပ် "ဖက်" နဲ့ ရေးရမယ်တဲ့။
**သာဓက**။ ။ ကူဖော်လောင်ဖက်၊ ကြင်ဖော်ကြင်ဖက်၊ ဆေးဖော်ကြောဖက်၊ ဆေးဖော်ဝါးဖက်၊ ဆွေးနွေးဖော် ဆွေးနွေးဖက်၊ တိုးတိုးဖော်တိုးတိုးဖက်၊ တိုင်ပင်ဖော်တိုင်ပင်ဖက်၊ လုပ်ဖော်ကိုင်ဖက်၊ လမ်းလျှောက်ဖော်လမ်းလျှောက်ဖက်၊ သွားဖော်လာဖက် အစရှိတာတွေ။

၃။ **သင်္ချာနဲ့တွဲတဲ့ဖက်**။ ။တစ်၊ နှစ် စတဲ့ အရေအတွက် သင်္ချာတစ်ခုခုနဲ့ တွဲသုံးရင် ဖဦးထုပ် "ဖက်" နဲ့ ရေးရမယ်တဲ့။
**သာဓက**။ ။ တစ်ဖက်တစ်ချက်၊ နှစ်ဦးနှစ်ဖက်၊ နှစ်ဖက်သော မိဘများ၊ သုံးဖက်မြင်၊ လေးဖက်နှာ၊ အနားငါးဖက် ပဉ္စဂံ၊ လေးလုံးခြောက်ဖက် အစရှိတာတွေ။

၄။ **အရပ်မျက်နှာ"ဘက်"**။ ။ အရပ်မျက်နှာနှင့်တွဲရင် ဘကုန်း "ဘက်"နဲ့ ရေးရမယ်တဲ့။
**သာဓက**။ ။ အရှေ့ဘက်၊ အနောက်ဘက်၊ တောင်ဘက်၊ မြောက်ဘက်၊ အရှေ့တောင်ဘက် အစရှိတာတွေ။

၅။ **တည်နေရာ"ဘက်"**။ ။ တည်နေရာတစ်ခုခုနဲ့တွဲရင် ဘကုန်း "ဘက်" နဲ့ ရေးရမယ်တဲ့။
**သာဓက**။ ။ အိမ်ဘက်မှာ၊ ဈေးဘက်မှာ၊ မြစ်ဘက်မှာ၊ ရွာဘက်မှာ၊ တောဘက်မှာ၊ ဝဲဘက်၊ ယာဘက်၊ အထက်ဘက်၊ အောက်ဘက် အစရှိတာတွေ။

၆။ **သူ၊ ငါ၊ ကျား၊ မ နောက်က "ဘက်"**။ ။သူ၊ ငါ အစရှိတဲ့ နာမ်စားတွေ၊ ယောကျ်ား၊ မိန်းမအစရှိတဲ့ သက်ရှိနာမ်တွေနဲ့တွဲရင် ဘကုန်း "ဘက်"နဲ့ ရေးရမယ်တဲ့။
**သာဓက**။ ။ သူ့ဘက်၊ ငါ့ဘက်၊ ကိုယ့်ဘက်၊ လင်ဘက်၊ မယားဘက်၊ အဖေ့ဘက်၊ အမေ့ဘက်၊ ဆရာ့ဘက်၊ တပည့်ဘက်၊ အစိုးရဘက်၊ ပြည်သူဘက်၊ လူကြီးဘက်၊ လူငယ်ဘက် အစရှိတာတွေ။

၇။ **အာဒိစကားလုံး"ဘက်"**။ ။ အာဒိစကားလုံးဖြစ်ရင် ဘကုန်း "ဘက်"နဲ့ ရေးရမယ်တဲ့။ (အာဒိစကားလုံးဆိုတာက အစစကားလုံး၊ ရှေ့ကလာတဲ့ စကားလုံးကို ပြောတာနော်။)
**သာဓက**။ ။ ဘက်ကန်၊ ဘက်စုံ၊ ဘက်ညီ၊ ဘက်ပေါင်းစုံ၊ ဘက်မလိုက်၊ ဘက်လိုက် – အစရှိတာတွေ။

ကဲ–ဒီလောက်ဆိုရင် "ဖက်" နဲ့ "ဘက်" ကို ဘယ်လိုခွဲခြား မှတ်သားရမယ်ဆိုတာ ညီလေးသိလောက်ပြီထင်ပါရဲ့။ ခြွင်းချက်တစ်ခုကတော့ "ရဲဘော်ရဲဘက်"ပဲ။ "အဖော်အဖက်၊ ဖော်… ဖက်" မှန်သမျှကို ဖဦးထုပ် "ဖက်" နဲ့ရေးရပါတယ်။ ဒါပေမဲ့ "ရဲဖော်ရဲဖက်" လို့တော့ မရေးရဘူး။ "ရဲဘော်ရဲဘက်"လို့ပဲ ဘကုန်းနဲ့ရေးဖို့ ခြွင်းချက်ထားပါတယ်တဲ့။ "အသုံးတွင်ကျယ်ပြီး၊ အရေးတွင်ကျယ်ပြီး" ဖြစ်တာမျိုးတွေကို ခြွင်းချက်ထားကြရစမြဲပဲလေ။ "ရဲဘော်ရဲဘက်၊ ရဲဘော်၊ ရဲဘက်" တို့ကို ခြွင်းချက်အနေနဲ့ သီးသန့်မှတ်ထားပေတော့။ "ရဲဖော်ရဲဖက်၊ ရဲဖော်၊ ရဲဖက်" မဟုတ်ဘူးနော်။

- ◆ အရပ်မျက်နှာ၊ တည်နေရာ၊
  သူ ငါ ကျား မ၊ အာဒိ စ၊ ရေးကြ **ဘကုန်း** နှင့်။
- ◆ ကြိယာဖက်၊ အဖော်ဖက်၊ ယှဉ်လျက်သင်္ချာ၊ ရေတွက်ခါ၊
  ရေးပါ **ဦးထုပ်** နှင့်။
- ◆ ရဲဘော်ရဲဘက်၊ မျှသာပက်၊ ခြွင်းချက်ထားကုန်လင့်။

**မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေ။**

**ကိုကြီး**

**ထွန်းတင့်**

# ခက်ခဲကြမ်းတမ်းသည့် ပြည်ပရောက်နေ့စွဲများ

မင်းသော်

**အာရပ်စော်ဘွားများပြည်ထောင်စု (UAE) မှာ သွားရောက်အလုပ်လုပ်ကိုင်ရာကနေ အခက်အခဲတွေ အများကြီးကြုံတွေ့ရပြီး သက်ဆိုင်ရာကို အကူအညီတောင်းခံလာတဲ့ မြန်မာအမျိုးသမီးရွှေ့ပြောင်းအလုပ်သမား ငါးဦးက ပြီးခဲ့တဲ့ဧပြီလကုန်ပိုင်းမှာ ဒူဘိုင်းမြို့မှာရှိတဲ့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးရဲ့ ကူညီဆောင်ရွက်ပေးမှုနဲ့ မြန်မာနိုင်ငံကို ပြန်လည်ရောက်ရှိလာခဲ့ပါတယ်။**

အာရပ်စော်ဘွားများ ပြည်ထောင်စုမှာရှိတဲ့ ဒူဘိုင်းမြို့အပါအဝင် အရှေ့အလယ်ပိုင်းနိုင်ငံအချို့မှာ အလုပ်လုပ်ကိုင်ဖို့ ထွက်ခွာသွားတဲ့ မြန်မာအမျိုးသမီး ရွှေ့ပြောင်းအလုပ်သမားအချို့ အလုပ်အကိုင်မရရှိတာ၊ အခြားသူတွေထံ ထပ်ဆင့်ပို့ဆောင်ခြင်းခံရတာနဲ့ ပိတ်လှောင်ထားကာ အတင်းအကျပ်စေခိုင်းခြင်းခံရတာမျိုးတွေအပါအဝင် အကြမ်းဖက်ခံရပုံနဲ့ လူကုန်ကူးခံရတဲ့အခြေအနေမျိုးတွေ၊ မြန်မာအစိုးရရဲ့ ကူညီကယ်ဆယ်ပေးနေမှု အခြေအနေတွေကို အခုနောက်ပိုင်းမှာ ခပ်စိပ်စိပ် မြင်တွေ့ရပါတယ်။

ပြည်တွင်းပွဲစားတွေရဲ့ အမျိုးမျိုးသော မက်လုံးတွေက ဒူဘိုင်းမရောက်ဖူးသေးတဲ့ မြန်မာအမျိုးသမီးတွေအဖို့ မက်လောက်စရာပါပဲ။ တစ်လကို မြန်မာငွေကျပ် ဆယ်သိန်းနဲ့အထက် ရရှိမယ်ဆိုတဲ့ မက်လုံးကြောင့် ပြည်ပကိုထွက်ခွာဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ပွဲစားအများစုက ကုန်ကျစရိတ်အားလုံးကို ပက်ကေ့ချ်စနစ်နဲ့ ကြိုတင်ထုတ်ပေးလိုက်ပြီး သိန်း ၆၀ ဝန်းကျင်ကုန်ကျပါတယ်။ ပြည်ပထွက်ခွာဖို့ ကုန်ကျစရိတ်ကို ပွဲစားကထုတ်ပေးပြီး နှစ်နှစ် သို့မဟုတ် တစ်နှစ် အလုပ်လုပ်ပေးမယ်ဆိုတဲ့ စာချုပ်တွေ ချုပ်ဆိုကြရပါတယ်။ များသောအားဖြင့် အလုပ်သမားအများစုက စာချုပ်ထဲမှာပါတဲ့အလုပ်ခွင်ကို မရောက်ရှိခဲ့ကြပါဘူး။

### ယူအေအီးက ငါးဦး ပြန်လည်ရောက်ရှိလာ

ဧပြီလ ၂၆ ရက်နေ့နဲ့ ၂၈ ရက်နေ့တွေမှာ ပြန်လည်ရောက်ရှိလာသူ မပိုးအိခိုင်အပါအဝင် မြန်မာအမျိုးသမီး ငါးဦးအနက် လေးဦးက ဒူဘိုင်းမှာရှိတဲ့ ပွဲစားတွေကနေ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီအဆင့်ဆင့်ကို လက်လွှဲရောင်းချခံရသူတွေ တစ်နည်းအားဖြင့် လူကုန်ကူးခံရသူတွေ ဖြစ်ပါတယ်။ ကျန်တစ်ဦးကတော့ အိမ်ရှင်တွေနဲ့ အဆင်မပြေတဲ့အတွက် ပွဲစားကိုပြောတာကို ပွဲစားက တာဝန်မယူမဖြေရှင်းပေးတာ၊ ဒူဘိုင်းဘက်က အလုပ်အေဂျင်စီကလည်း မြန်မာနိုင်ငံကူးလက်မှတ်ကို သိမ်းဆည်းခံထားရတာမို့ ဒူဘိုင်းမှာ ထွက်ပြေးနေရသူဖြစ်တယ်လို့ ဒူဘိုင်းရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးက နိုင်ငံခြားရေးဝန်ကြီးဌာနကို သတင်းပေးပို့ချက်အရ သိရှိရပါတယ်။

မပိုးအိခိုင်အပါအဝင် ငါးဦးကို ဒူဘိုင်းမှာရှိတဲ့ ကောင်စစ်ဝန်ချုပ်ရုံးက ပြန်လည်ကယ်ဆယ်နိုင်ရေးအတွက် ကြိုးပမ်းခဲ့ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနကတစ်ဆင့် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ အာဏာပိုင်အဖွဲ့အစည်းတွေကို ဆက်သွယ်ပြီး မြန်မာအမျိုးသမီး ငါးဦးကို ပြန်လည်ခေါ်ယူဖို့ ညှိနှိုင်းခဲ့ပါတယ်။ ငါးဦးအနက် မပိုးအိခိုင်၊ မနှင်းနှင်းဌေးနဲ့ မဖြိုးသက်ခိုင်တို့ သုံးဦးဟာ အယ်လ်အိန်းမြို့ ဟီလီရဲစခန်းမှာ ထိန်းသိမ်းခံနေရပြီး မခင်မျိုးဌေးနဲ့ မဇူးဇူးလှိုင်တို့ကတော့ ဒူဘိုင်းမြို့ရှိ အဆောင်တစ်ခုမှာ ခေတ္တနေထိုင်နေတာကို ကနဦးသိရှိခဲ့ရပါတယ်။

အမျိုးသမီး ငါးဦးမှာ မပိုးအိခိုင်ဆိုသူက လွန်ခဲ့တဲ့ သုံးလဝန်းကျင်က ယူအေအီးကို ရောက်ခဲ့တာပါ။ မနှင်းနှင်းဌေးကတော့ ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းမှာ ရောက်ရှိလာသူဖြစ်ပါတယ်။ သူတို့နှစ်ဦးက ရန်ကုန်မြို့ လှိုင်မြို့နယ်က ဒေါ်တင်တင်စီ (ရန်ကုန်ပွဲစား)ကနေ ဒူဘိုင်းမှာရှိတဲ့ ဒေါ်တင်တင်စီရဲ့သားကျော်ဇေယျနဲ့ ဇနီးဖြစ်သူတို့ထံကို ရောက်ရှိလာခဲ့ပါတယ်။ ပွဲစား ကျော်ဇေယျထံကနေ အဆင့်ဆင့်လက်လွှဲရောင်းချခံရပြီး အယ်လ်အိန်းမြို့က နေအိမ်တစ်အိမ်စီမှာ တစ်ဦးက အလုပ်လုပ်နေပြီး တစ်ဦးက ခေတ္တနေထိုင်နေပါတယ်။

မခင်မျိုးဌေးနဲ့ မဇူးဇူးလှိုင်တို့ကတော့ လွန်ခဲ့တဲ့ ရှစ်လဝန်းကျင်က ယူအေအီးကို ရောက်ရှိခဲ့သူတွေဖြစ်ပြီး ရန်ကုန်ပွဲစား ဖြူဖြူဝင်းရွှေ(သုဝဏ္ဏ)နဲ့ ရတနာဦး (ခ)မီးမီး (ကျန်စစ်မင်းအိမ်ရာ)၊ ဒူဘိုင်းပွဲစား ဟန်လင်းစိုးတို့နဲ့ ချိတ်ဆက်ရောက်ရှိလာတာပါ။ သူတို့ကလည်း ပွဲစားတွေထံကနေ အေဂျင်စီရုံးအဆင့်ဆင့် လက်လွှဲရောင်းချခံရပြီး ဒူဘိုင်းမြို့က အဆောင်တစ်ခုမှာ ခေတ္တနေထိုင်ခဲ့ရသူတွေဖြစ်ပါတယ်။

### နိုင်ငံကူးလက်မှတ်သိမ်းဆည်းခံရ

မဖြိုးသက်ခိုင်ကတော့ ဒဂုံမြို့သစ်အရှေ့ပိုင်းက ပွဲစား သင်းနွယ်စိုးကတစ်ဆင့် ဒူဘိုင်းက Ajamn Tadbeer (ပွဲစား)ထံကို လွန်ခဲ့တဲ့သုံးလက ရောက်ရှိလာခဲ့ပါတယ်။ အိမ်ရှင်တွေနဲ့ အဆင်မပြေလို့ ပြန်လာတဲ့အခါ ပွဲစားဘက်က တာဝန်မယူတာ၊ နိုင်ငံကူးလက်မှတ်ကို သိမ်းဆည်းခံထားရတာကြောင့် ထွက်ပြေးလာခဲ့ပြီး ဒူဘိုင်းမြို့က မိတ်ဆွေတစ်ဦးထံမှာ ခေတ္တနေထိုင်ခဲ့သူ ဖြစ်ပါတယ်။

အမျိုးသမီး ငါးဦးအတွက် အထောက်အထားလက်မှတ်များ ထုတ်ပေးနိုင်ရေးနဲ့ မြန်မာနိုင်ငံကို ပြန်လည်ပို့ဆောင်နိုင်ဖို့စီစဉ်ရေး၊ လေကြောင်းလိုင်းနဲ့ ပြန်လည်ပို့ဆောင်ရေး၊ ရန်ကုန်လေဆိပ်မှာ အဆင်ပြေချောမွေ့စေရေးနဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နဲ့ အလွတ်သဘော ချိတ်ဆက်ရေးတွေကို ဒူဘိုင်းမြို့မှာရှိတဲ့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးက ကူညီဆောင်ရွက်ပေးခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် မပိုးအိခိုင်အပါအဝင် ငါးဦးက ဧပြီလ ၂၆ ရက်နေ့နဲ့ ၂၈ ရက်နေ့တွေမှာ အမိမြေကို ပြန်လည်ခြေချခွင့်ရရှိခဲ့ကြပါတယ်။ မပိုးအိခိုင်အပါအဝင် ငါးဦးကိစ္စကို ဆောင်ရွက်ပေးစဉ်အတွင်းမှာပဲ အယ်လ်အိန်းမြို့ ဟီလီရဲစခန်းမှာ ဖမ်းဆီးခံထားရတဲ့ မြန်မာအမျိုးသမီးနှစ်ဦးကို ထပ်မံတွေ့ရှိခဲ့ပါတယ်။ မစန္ဒာထွေးနဲ့ မအိရွှေစင်တို့ဖြစ်ကြပြီး အဆိုပါအမျိုးသမီး နှစ်ဦးကလည်း နေရပ်ပြန်နိုင်ဖို့ အကူအညီတောင်းခံထားပြီး အထောက်အထားလက်မှတ်တွေထုတ်ပေးတာ၊ နေရပ်ပြန်ဖို့ ညှိနှိုင်းမှုတွေကို ကောင်စစ်ဝန်ချုပ်ရုံးက ဆက်လက်လုပ်ဆောင်ပေးနေပါပြီ။

### အလုပ်သမားများကို အဆင့်ဆင့်လက်လွှဲရောင်းချ

ပြည်တွင်းမှာ တရားမဝင် အေဂျင်စီအမည်နဲ့ လုပ်သားစေလွှတ်တာတွေရှိသလို ဒူဘိုင်းကို ရောက်နေပြီးသား မြန်မာအချို့ကလည်း လူမှုကွန်ရက်တွေပေါ်ကနေ အလုပ်အကိုင်ခေါ်ယူတာတွေကို မကြာခဏမြင်တွေ့နေရပါတယ်။ အချို့ကတော့ ဒူဘိုင်းလို့ ပြောဆိုခေါ်ယူပေမယ့် အခြားနိုင်ငံတွေဆီ ပို့ဆောင်ခံရပြီး တစ်နေရာတည်းမှာ ပိတ်လှောင်ထားတာ၊ အခကြေးငွေအနည်းငယ်နဲ့ အချိန်ပိုင်း အိမ်အကူအလုပ်လုပ်တာ၊ ရသမျှလုပ်အားခကို ခေါင်းပုံဖြတ်တာတွေအပြင် အကြမ်းဖက်ခိုင်းစေတာနဲ့ အစာရေစာ ဝလင်အောင် မကျွေးမွေးတာတွေကိုပါ ကြုံတွေ့နေရပါတယ်။

ဒီလိုဒုက္ခမျိုးစုံကို ရင်ဆိုင်နေရတာ မြန်မာအမျိုးသမီးတွေချည်းမဟုတ်ပါဘူး။ ပင်လယ်ကွေ့ အာရပ်နိုင်ငံတွေမှာ အိမ်အကူအမျိုးသမီး နှစ်သန်းလောက်ရှိနိုင်ပြီး အိုမန်က အိမ်အကူအမျိုးသမီး ၄၀၀ ကို Do Bold ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ လူမှုရေးအဖွဲ့က စာရင်းကောက်ယူရာမှာ စစ်တမ်းတစ်ခုလုံးရဲ့ ရာနှုန်းပြည့်နီးပါးက လူကုန်ကူးမှုရဲ့ သားကောင်တွေ ဖြစ်နေတာကို တွေ့ရှိရပါတယ်။ အချို့အိမ်အကူတွေက အိမ်ရှင်တွေရဲ့ လိင်သားကောင်ဘဝကိုပါ ရောက်ရှိခဲ့ရပြီး အများစုကတော့ အကြမ်းဖက်ခံရတာ၊ အလုပ်ချိန်များပြားတာနဲ့ ဖိနှိပ်စေခိုင်းတာ၊ လုပ်အားခခေါင်းပုံဖြတ်တာ၊ ပိတ်လှောင်ခံရတာ၊ တစ်နေ့ကို ထမင်းတစ်နပ်မျှသာကျွေးတာ စသည်ဖြင့် ဒုက္ခမျိုးစုံ ကြုံတွေ့ရတတ်ပါတယ်။ အဆင့်ဆင့်လက်လွှဲရောင်းချခြင်းခံရတဲ့အတွက် မိမိရောက်ရှိနေတဲ့ နေရာကိုတောင် အချို့ကမသိနိုင်ကြတော့ဘဲ ခိုးကြောင်ခိုးဝှက် ဆက်သွယ်အကူအညီတောင်းခံနေကြသူတွေ အများအပြားရှိပါတယ်။

**"လေယာဉ်ပေါ်က ဆင်းချိန်မှာတော့ စိတ်ကူးအိပ်မက်တွေအပြည့်ပဲ။ ကမ္ဘာကျော်တာဝါကြီးကို ကြည့်ရင်း မိုးမျှော်တိုက်တွေအကြားမှာ အကောင်းဆုံး အလုပ်လုပ်ပြီး အိမ်အတွက် ငွေရှာမယ်လို့ ရည်ရွယ်ထားပေမယ့် အေဂျင်စီကို စရောက်ကတည်းက အထင်နဲ့အမြင်လွဲခဲ့တာပဲ။ ပြန်လည်ခေါ်ယူပေးလို့ နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။ ကံကောင်းလို့သာ အမိမြေကို ခြေချခွင့်ရခဲ့တယ်"**လို့ မဖြူဖြူ (အမည်လွှဲ)က ဆိုပါတယ်။

### မြန်မာအမျိုးသမီးတွေ ထပ်မလာစေချင်တော့

လက်ရှိမှာလည်း လူမှုကွန်ရက်ကနေ အရှေ့အလယ်ပိုင်းနိုင်ငံတွေဆီ အိမ်အကူအလုပ် လုပ်ကိုင်ရမယ်ဆိုပြီး ခေါ်ယူမှုတွေကို မြင်တွေ့နေရဆဲဖြစ်ပြီး နေ့စဉ်နှင့်အမျှ ကြမ်းတမ်းတဲ့နေ့ရက်တွေကို ရင်ဆိုင်နေရလို့ ထပ်မလာဖို့ ရင်ဖွင့်ကြတဲ့ မြန်မာအမျိုးသမီးတွေကိုလည်း လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ မြင်တွေ့နေရပါတယ်။ အချို့ကတော့ စနစ်တကျနဲ့ စာချုပ်စာတမ်း ခိုင်ခိုင်မာမာ ချုပ်ဆိုပြီး သွားရောက်နိုင်ဖို့ မျှော်လင့်နေကြတာကိုလည်း မြင်တွေ့ရပါတယ်။

**"အချို့အိမ်ရှင်တွေကတော့ သဘောကောင်းတယ်။ ထမင်းဝဝလင်လင်ကျွေးပြီး လုပ်ခလစာလည်း အပြည့်ပေးတယ်။ ဒါကရှားရှားပါးပါးပါ။ ကိုယ့်ဘက်ကလည်း နေထိုင်တတ်ဖို့လိုပါတယ်။ သူများနိုင်ငံကို ရောက်ပြီးမှတော့ လုပ်ခလစာရဖို့လိုတယ်။ သူတို့ရဲ့ဓလေ့စရိုက်၊ သူတို့ဥပဒေတွေနဲ့ အပြန်အလှန်ဆွေးနွေးပြောဆိုနိုင်ဖို့ ဘာသာစကားတတ်ကျွမ်းကြဖို့လည်းလိုတယ်။ အိမ်ရှင်တွေကလည်း အခကြေးငွေပေးထားတဲ့အတွက် သူတို့ပေးထားတာတွေ မကျေမချင်း ပြန်မလွှတ်ကြဘူး။ ပွဲစားက ကြားထဲကနေ ခေါင်းပုံဖြတ်တာက ဒီမှာအဆိုးဆုံးပဲ။ ယူအေအီးဘက်ကို အလုပ်လုပ်မယ်ဆိုရင် သေသေချာချာ စဉ်းစားဆုံးဖြတ်ပါ။ ဖြစ်နိုင်ရင်တော့ မြန်မာအမျိုးသမီးတွေ ထပ်မလာစေချင်တော့ဘူး"**လို့ မဖြူဖြူက ဆက်ပြောပါတယ်။

ပြည်ပနိုင်ငံတွေဆီ သွားရောက်အလုပ်လုပ်ကိုင်ကြတာနဲ့စပ်လျဉ်းလို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေက အသိပညာပေးခြင်း၊ သတိပေးနှိုးဆော်ချက်တွေ ထုတ်ပြန်တာ၊ အလုပ်သမားတွေရဲ့ ခက်ခဲကြမ်းတမ်းမှုတွေကို သင်ခန်းစာယူဖို့ အသိပေးတာတွေကို ဆက်တိုက်လုပ်ဆောင်နေကြတာကို မြင်တွေ့ရပါတယ်။ သို့သော်လည်း တရားမဝင်အေဂျင်စီတွေနဲ့ချိတ်ဆက်ပြီး ပြည်ပသို့ နည်းအမျိုးမျိုးနဲ့ ထွက်ခွာကြသူတွေရှိနေဆဲပါ။ တစ်ဖက်ကို ရောက်ရှိပြီးနောက်မှာတော့ ဘာသာစကားအားနည်းတာ၊ လုပ်ငန်းကျွမ်းကျင်မှုအားနည်းတာ၊ ဆိုက်ရောက်နိုင်ငံတွေရဲ့ ယဉ်ကျေးမှု၊ ရာသီဥတု၊ အစားအသောက်၊ ဓလေ့ထုံးစံတွေနဲ့ အံဝင်ခွင်ကျမဖြစ်တာ၊ တရားမဝင်အေဂျင်စီတွေရဲ့ ခေါင်းပုံဖြတ်အမြတ်ထုတ်တာတွေကို ခံစားရတာ စတဲ့အကြောင်းတွေကြောင့် ယူအေအီးအပါအဝင် အရှေ့အလယ်ပိုင်းဒေသ နိုင်ငံတွေမှာ ဒုက္ခရောက်၊ အခက်အခဲကြုံနေရသူတွေ အများအပြား ကျန်ရှိနေသေးတယ်လို့လည်း သိရှိရတာမို့ ဆင်ခြင်သတိပြုနိုင်စေဖို့ ရေးသားတင်ပြလိုက်ရပါတယ်။ ။

> **"ပြည်ပနိုင်ငံတွေဆီ သွားရောက်အလုပ်လုပ်ကိုင်ကြတာနဲ့စပ်လျဉ်းလို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေက အသိပညာပေးခြင်း၊ သတိပေးနှိုးဆော်ချက်တွေထုတ်ပြန်တာ၊ အလုပ်သမားတွေရဲ့ ခက်ခဲကြမ်းတမ်းမှုတွေကို သင်ခန်းစာယူဖို့ အသိပေးတာတွေကို ဆက်တိုက်လုပ်ဆောင်နေကြတာကို မြင်တွေ့ရပါတယ်။ သို့သော်လည်း တရားမဝင် အေဂျင်စီတွေနဲ့ချိတ်ဆက်ပြီး ပြည်ပသို့ နည်းအမျိုးမျိုးနဲ့ ထွက်ခွာကြသူတွေရှိနေဆဲပါ။ တစ်ဖက်ကို ရောက်ရှိပြီးနောက်မှာတော့ ဘာသာစကားအားနည်းတာ၊ လုပ်ငန်းကျွမ်းကျင်မှုအားနည်းတာ၊ ဆိုက်ရောက်နိုင်ငံတွေရဲ့ ယဉ်ကျေးမှု၊ ရာသီဥတု၊ အစားအသောက်၊ ဓလေ့ထုံးစံတွေနဲ့ အံဝင်ခွင်ကျမဖြစ်တာ၊ တရားမဝင်အေဂျင်စီတွေရဲ့ ခေါင်းပုံဖြတ်အမြတ်ထုတ်တာတွေကိုခံစားရတာ စတဲ့အကြောင်းတွေကြောင့် ယူအေအီးအပါအဝင် အရှေ့အလယ်ပိုင်းဒေသနိုင်ငံတွေမှာ ဒုက္ခရောက်၊ အခက်အခဲကြုံနေရသူတွေ အများအပြားကျန်ရှိနေသေးတယ်လို့လည်း သိရှိရ"**

# တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပြည်ခရိုင်အတွင်း စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ပြည် မေ ၁၉

ပြည်ခရိုင်အတွင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ပြည်မြို့ သီရိခေတ္တရာရတနာခန်းမ၌ မေ ၁၈ ရက် နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ တက်ရောက်ချီးမြှင့်ခဲ့သည်။




**ဖွင့်လှစ်ပေး**

ဦးစွာ ပြည်မြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနား "ပညာဘဏ်တိုက်၊ စာကြည့်တိုက်" သီချင်းဖြင့် စတင်ဖွင့်လှစ်ပေးပြီး "စာပဒေသာဝေဆာစေမည်" Video Clip အား ကြည့်ရှုခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအတွင်း ပညာရည်မြှင့်တင်ရေးလှုပ်ရှားမှုများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများကို စဉ်ဆက်မပြတ် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စာပေချစ်သူများအနေဖြင့် အွန်လိုင်းမီဒီယာတွင် စာပေဖတ်ရှုနိုင်သော်လည်း အဆိပ်အတောက် သတင်းအချက်အလက်များ လွှမ်းမိုးနေ၍ မိမိတို့ဘဝအကျိုးရှိစေမည့် စာပေများကိုသာ ရွေးချယ်ဖတ်ရှုလေ့လာရန်လိုအပ်ကြောင်း၊ စာပေဖတ်ရှုရာတွင် အပျော်ဖတ်စာပေမှစတင်၍ ဗဟုသုတရရှိမည့် စာပေအထိ ဖတ်ရှုနိုင်ရေး အမှန်တကယ်လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေမည့် စာကောင်းပေမွန်များထားရှိပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း စာဖတ်ရှိန်မြှင့်တင်ခြင်းလုပ်ငန်းစဉ် အောင်မြင်စေရန်အတွက် မျက်ခြည်မပြတ်ကြီးကြပ်ခြင်း၊ ပံ့ပိုးကူညီခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သလို တိုင်းဒေသကြီး/ခရိုင်/မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက်ကော်မတီဝင်များ၊ စာပေချစ်မြတ်နိုးသူ စေတနာရှင်၊ အလှူရှင်များက မိမိတို့ဒေသရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးရှင်သန်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်သွားကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် လူမှုရေးရာဝန်ကြီးတို့က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့မှုတို့အပေါ် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ ထို့နောက် သူနာပြုသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများက ပျူအကဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြပြီး ပြည်ခရိုင်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ဒေါ်ခင်နှင်းဆီရွှေက ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဘက်စုံပညာကိုရည် တို့လှမ်းချီ" သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ပြည်ခရိုင်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်များနှင့် အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ပြည်ခရိုင်အတွင်း စံ(၅)ချက်ညီ စာကြည့်တိုက်ပေါင်း ၅၈ ခု လည်ပတ်လျက်ရှိပြီး ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလှူငွေကျပ်သိန်း ၁၅၀ နှင့် စာအုပ်စာစောင် ၃၅၈၉ အုပ် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၃၁ သိန်းကျော် ထောက်ပံ့ကူညီပေးနိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဂုဏ်ပြုပွဲအခမ်းအနားတက်ရောက်

ပုသိမ် မေ ၁၉

ပညာရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်းကျင်းပသည့် ၂၀၂၄ ခုနှစ်အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပညာရေးဝန်ကြီးဌာနကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စေတနာလုပ်အားပေးနည်းပြ ဆရာ ဆရာမများနှင့် စာသင်သားများ တက်ရောက်ကြသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးလုပ်ငန်း တိုင်းဒေသကြီးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စာတတ်မြောက်ရေးနှင့် ကျောင်းပြင်ပပညာရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်ရန်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အခြေခံစာတတ်မြောက်ရေး လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဗီဒီယိုပြသမှုများကို ကြည့်ရှုအားပေးခဲ့သည်။ ယင်းနောက် ဂုဏ်ပြုမှတ်တမ်းလွှာများကို တိုင်းဒေသကြီးဝန်ကြီးချုပ်ကပေးအပ်ရာ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီးပညာရေးမှူးနှင့် နည်းပြ၊ ကြီးကြပ်ဆရာ ဆရာမများက လက်ခံရယူခဲ့သည်။




ထို့နောက် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်ကြားခဲ့သည့် စာသင်သားများအတွက် သင်ယူပြီးမြောက်ကြောင်း လက်မှတ်များကို ဆက်လက်ပေးအပ်ရာ စာသင်သား ဒေါ်စိန်သန်းက ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် နည်းပြ၊ ကြီးကြပ်များ၊ စာသင်သားများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ပြီး စာသင်သားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကာ ၂၀၂၄ ခုနှစ် ဧရာဝတီတိုင်းဒေသကြီးအတွင်း အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# YBS ယာဉ်များ ဇွန် ၃၀ ရက် နောက်ဆုံးထား၍ CCTV မတပ်ဆင်ပါက ယာဉ်ပိုင်ကုမ္ပဏီအား ထိရောက်စွာအရေးယူမည်



ရန်ကုန် မေ ၁၉

YBS ကုမ္ပဏီများအားလုံးကို ဇွန် ၃၀ ရက် နောက်ဆုံးထား၍ YBS ယာဉ်များတွင် CCTV တပ်ဆင်ရန် ညွှန်ကြားထားပြီး မတပ်ဆင်ပါက ထိထိရောက်ရောက်အရေးယူရန်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ YRTC မှ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောသည်။

YBS ယာဉ်များတွင် CCTV တပ်ဆင်ရန် ညွှန်ကြားထားသည်မှာ နှစ်ချီကြာမြင့်နေပြီဖြစ်သော်လည်း အကြောင်းအမျိုးမျိုးပြပြီး မတပ်ဆင်မှုများရှိနေသေးကြောင်းနှင့် လက်ရှိတွင် CCTV မတပ်ရသေးသည့် ယာဉ်အစီးရေ ၁၇၀၀ ခန့် ကျန်နေသေးကြောင်းၤင်းကပြောကြားသည်။

"ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က CCTV တပ်ဖို့ကို ဇွန် ၃၀ ရက် နောက်ဆုံးတပ်ဖို့ ညွှန်ကြားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့လည်း YBS ကုမ္ပဏီတွေအားလုံးကို ဇွန် ၃၀ ရက် နောက်ဆုံးထားပြီး CCTV တပ်ဖို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ဇွန် ၃၀ ရက်မှာမှမတပ်ရင် တင်ပြပြီးတော့ ထိထိရောက်ရောက်အရေးယူဖို့ရှိပါတယ်။ မတပ်လို့ရှိရင်တော့ လိုင်းတွေ၊ ဘာတွေပိတ်တဲ့အထိ အရေးယူတာတွေအထိလည်း ဖြစ်ရင်လည်းဖြစ်သွားနိုင်ပါတယ်"ဟု ဦးလျန်ကျင့်မန်က ပြောကြားသည်။

**ဆောင်ရွက်ပေးလျက်ရှိ**

ထို့ပြင် ခရီးသွားပြည်သူများအဆင်ပြေစေရန် ခရီးစဉ်လမ်းကြောင်းပြ YBS လမ်းညွှန်မြေပုံပါစတေကာများကို YBS ယာဉ်များတွင်ကပ်ပေးရန် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ YRTC ၏ စီမံမှုဖြင့်ဆောင်ရွက်ပေးလျက်ရှိပြီး လက်ရှိတွင် YBS ကုမ္ပဏီခုနစ်ခု၏ ယာဉ်လိုင်းပေါင်း ၇၁ လိုင်းမှ ယာဉ်အစီးရေ ၃၀၀၀ ကျော်တွင် ကပ်ထားပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသည့် ယာဉ်လိုင်းတွင်လည်းကပ်သွားရန် အစီအစဉ်ရှိကြောင်း ဦးလျန်ကျင့်မန်ကပြောသည်။

ခရီးသွားပြည်သူများ သွားလာရေးအဆင်ပြေစေရန်အတွက် နေ့စဉ် YBS ယာဉ်လိုင်း ၁၃၁ လိုင်းမှ ယာဉ်စီးရေ ၃၈၀၀ ဖြင့် ခရီးသည် ၁၆ သိန်းခန့်ကို ပြေးဆွဲပေးလျက်ရှိကြောင်း YRTC မှ သိရသည်။ **MT**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ဘုရင့်နောင်လမ်းမကြီးနှင့် ကန်သာယာ(၁) လမ်းထောင့်ရှိ ရေကန်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ငမိုးရိပ်ရေထိန်းတံခါးအား ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၅)ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးနှင့် ကန်သာယာ(၁)လမ်းထောင့်ရှိ ရေကန်အား အများပြည်သူများ စိတ်ချမ်းသာစွာ အပန်းဖြေနိုင်ရေးနှင့် ကျန်းမာရေးကိုယ်လက်လှုပ်ရှားမှုများ ဆောင်ရွက်နိုင်ရန်အတွက် ကန်ပတ်လမ်းကို ကွန်ကရစ်ခင်းနေမှု၊ ကန်၏ခြံစည်းရိုးအပြင်ဘက်တွင်ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများ တူးဖော်နေမှု၊ ကန်ပတ်ဝန်းကျင်တွင် သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ကန်၏ဘေးတွင် အားကစားပစ္စည်းများနှင့် ထိုင်ခုံများထားရှိရေး၊ ရေကန်ပတ်လည်အနီးရှိမြင်ကွင်းများ ရှင်းလင်းစေရန်အတွက် သစ်ပင်သစ်ကိုင်းများ ရှင်းလင်းဆောင်ရွက်ရန်၊ ရေကန်ပတ်လည် လျှောက်လမ်းနှင့် ခြံစည်းရိုးအကြား မြေကွက်လပ်နေရာများတွင် မြေဖို့ခြင်းနှင့် အလှပန်းပင်/ မြက်ပင်များ စနစ်တကျ စိုက်ပျိုးနိုင်ရေး၊ ဆိုလာမီးတိုင်များ စိုက်ထူသွားရန်နှင့် လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးဆောင်ရွက်ရန် လမ်းညွှန်မှာကြားသည်။



ထို့နောက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ငမိုးရိပ်ရေထိန်းတံခါးအား လှည့်လည်ကြည့်ရှုစစ်ဆေးရာ ရေထိန်းတံခါးကြံ့ခိုင်ရေး၊ ရေထိန်းတံခါးပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် စနစ်တကျဆောင်ရွက်ရန်နှင့် ရေထိန်းတံခါးအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် နုန်းများ၊ အမှိုက်များနှင့် ဒိုက်များကို လူအား၊ စက်ယန္တရားအားများဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

**ခရိုင်(ပြန်/ဆက်)**

---

# သုံးနှစ်ဆက်တိုက် ချန်ပီယံဆုဖလားရရှိခဲ့သော ရှမ်းပြည်နယ်အမျိုးသား ဘော်လီဘောအသင်းနှင့် နှစ်နှစ်ဆက်တိုက် ဒုတိယဆုရရှိခဲ့သော ရှမ်းပြည်နယ်အမျိုးသမီးဘော်လီဘောအသင်းတို့အား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

**တောင်ကြီး မေ ၁၉**

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲတွင် သုံးနှစ်ဆက်တိုက် ချန်ပီယံဆုဖလားရရှိခဲ့သော ဘော်လီဘောအသင်းနှင့် နှစ်နှစ်ဆက်တိုက် ဒုတိယဆုရရှိခဲ့သော ရှမ်းပြည်နယ် အမျိုးသမီးဘော်လီဘော အသင်းတို့အား မေ ၁၇ ရက်က ရှမ်းပြည်နယ်မှကြိုဆိုပါ၏ မုခ်ဦးရှေ့မှ လမ်းဘေးဝဲယာတစ်လျှောက် တောင်ကြီးပညာရေးကောလိပ်၊ မြို့တော်ခန်းမအဝင်၌ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ပြည်နယ်ဥပဒေချုပ်ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ သူနာပြုဆရာမများ၊ ဒေသခံပြည်သူများက အလံငယ်များ ဝှေ့ယမ်း၍ ပန်းစည်းများဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။




ဆက်လက်၍ ဂုဏ်ပြုချီးမြှင့်ပွဲကို မေ ၁၇ ရက် ညနေ ၅ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ၂၀၁၆ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီးဘော်လီဘောပြိုင်ပွဲတွင် အမျိုးသားအသင်း ပထမဆု၊ အမျိုးသမီးအသင်း ဒုတိယဆု၊ ၂၀၁၉ခုနှစ်ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး ဒုတိယဆု၊ ၂၀၂၂ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တွင် အမျိုးသားအသင်း ပထမဆု၊ ၂၀၂၃ ခုနှစ် အမျိုးသမီးဒုတိယဆု၊ ၂၀၂၄ခုနှစ်တွင် ရှမ်းပြည်နယ်အမျိုးသားအသင်း ပထမတံခွန်စိုက်ဒိုင်းဆုနှင့် အမျိုးသမီးအသင်း ဒုတိယဆုရရှိခဲ့ပြီး ရှမ်းပြည်နယ် အမျိုးသား ဘော်လီဘောအသင်းသည် သုံးနှစ်ဆက်တိုက် ချန်ပီယံဖြစ်ပြီး ရှမ်းပြည်နယ်ဂုဏ်ကို ဆောင်နိုင်ခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ ရှမ်းပြည်နယ်ဘော်လီဘော အားကစားနည်းသည် ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲတိုင်းတွင် အောင်မြင်မှုအကြိမ်ကြိမ်ရရှိခဲ့ပြီး နိုင်ငံ့ လက်ရွေးစင်များစွာ မွေးထုတ်ပေးနေသော ရှမ်းပြည်နယ် ဂုဏ်ဆောင် အားကစားနည်းတစ်ခုဖြစ်၍ ဆက်လက်ထိန်းသိမ်းကြိုးစားသွားကြရန်လိုကြောင်း ပြောကြားသည်။

**လက်ခံရယူ**

ထို့နောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် ဘော်လီဘောပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဖလား ရရှိခဲ့သော ရှမ်းပြည်နယ် အမျိုးသားဘော်လီဘောအသင်းမှ တံခွန်စိုက်ဖလားများကို ဘော်လီဘောအသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများက ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်ထံ အပ်နှံပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ပထမဆုရှိခဲ့သော အမျိုးသားဘော်လီဘောအသင်းနှင့် ဒုတိယဆုရရှိခဲ့သော အမျိုးသမီးဘော်လီဘောအသင်းတို့အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ရာ အုပ်ချုပ်သူနည်းပြနှင့် အားကစားသမားများက လက်ခံရယူကြသည်။

ယင်းနောက် အလှူရှင်များက ဂုဏ်ပြုဆုငွေ ပေးအပ်ရာ ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ရှမ်းပြည်နယ် အောင်ပွဲရဘော်လီဘောအသင်းနည်းပြ ဦးဌေးအောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

---

# ပုဂ္ဂလိက ဆရာအတတ်ပညာသင်လက်မှတ်ပေးအပ်ပွဲကျင်းပ

**မန္တလေး မေ ၁၉**

အထက်မြန်မာနိုင်ငံရှိ ကိုယ်ပိုင်ကျောင်းများနှင့် နိုင်ငံတကာသင်ရိုးသင်ကျောင်းများမှ အထက်တန်းအဆင့် ဆရာ ဆရာမများအား ပုဂ္ဂလိကဆရာအတတ်ပညာသင် လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ်က သင်တန်းဆင်းအမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။ ထို့နောက် ကိုယ်ပိုင်ကျောင်းနှင့် နိုင်ငံတကာသင်ရိုးသင်ကျောင်းတို့မှ သင်တန်းသား တစ်ဦးစီက ကျေးဇူးတင်စကားပြောကြားကြပြီး ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီး ပညာရေးမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



အခမ်းအနားသို့ စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်မြတ်သော်၊ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း၊ အခြေခံပညာဦးစီးဌာန၊ တိုင်းဒေသကြီး ပညာရေးမှူး၊ စစ်ကိုင်းပညာရေး တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်များ၊ သင်ကြား/စီမံဆရာ ဆရာမများ၊ မန္တလေးတိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများအသင်းဥက္ကဋ္ဌ ဒေါ်မြသွေးရည် နှင့် အလုပ်အမှုဆောင်များ၊ နိုင်ငံတကာသင်ရိုးသင်ကျောင်းများ အသင်းဒုတိယ ဥက္ကဋ္ဌ ဦးပြည်စိုး နှင့် အလုပ်အမှုဆောင်များ၊ ကိုယ်ပိုင်ကျောင်းများမှ တည်ထောင်သူများ၊ အုပ်ချုပ်သူများ၊ အထက်မြန်မာနိုင်ငံရှိ ကိုယ်ပိုင်ကျောင်းနှင့် နိုင်ငံတကာကျောင်းအသီးသီးမှ အထက်တန်းအဆင့်သင် ဆရာ ဆရာမ သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းကို ဧပြီ ၂၃ ရက်မှ မေ ၁၈ ရက်အထိ သင်တန်းကာလ ၂၃ ရက် ပို့ချပေးခဲ့ပြီး သင်တန်းသား သင်တန်းသူ ၁၀၅၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---



# မိုင်းပျဉ်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

**နေပြည်တော် မေ ၁၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ် တုံတာမြို့ အထွေထွေအုပ်ချုပ်ရေးခန်းမ၌ ပြည်သူများအား မြို့နယ်ဦးစီးမှူးဦးဆောင်၍ အသက် (၁၀)နှစ်ပြည့် အမျိုးသား ၃၃ ဦး၊ အမျိုးသမီး ၂၇ ဦး၊ အသက်(၁၈)နှစ်ပြည့် အမျိုးသား ၁၅ဦး စုစုပေါင်း ၇၅ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြား လက်ဝယ်အရောက် မြေပြင်ကွင်းဆင်းဆောင်ရွက်ထုတ်ပေးပြီး အိမ်ထောင်စုလူဦးရေစာရင်းတွင် ကလေးမွေးတိုး ၁၀ ဦးတို့ကို အမည်ထည့်သွင်း ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မိုးညှင်းမြို့နယ်၌ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း စာသင်ဆောင်သစ်အဆောက်အအုံဖွင့်လှစ်ပေး



မိုးညှင်း မေ ၁၉

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ မေ ၁၈ ရက် နံနက်ပိုင်းက မိုးညှင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ မိုးညှင်းမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဖွင့်လှစ်သင်ကြားသွားမည့် စက်မှု၊ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း နှစ်ထပ်စာသင်ဆောင်နှင့် သုံးထပ်စာသင်ဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်ပြီး ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စာသင်ဆောင်သစ်များအတွင်း ဘာသာရပ်များအလိုက် ဖွင့်လှစ်သင်ကြားနိုင်ရေး စာသင်ခန်းများနှင့် သင်ထောက်ကူပစ္စည်းများ ကြိုတင်ပြင်ဆင်၍ စုဆောင်းဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ကျောင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ယင်းနောက် အင်ကြင်းကုန်းကျေးရွာသို့ သွားရောက်ပြီး ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် သန်း ၃၃၀ ဒသမ ၃၀၀ ဖြင့် ဆောင်ရွက်ပေးခဲ့သော ၄ ဒသမ ၆၉ မိုင်အရှည် ၁၆ ပေအကျယ်ရှိ အင်ကြင်းကုန်းရွာတွင်းလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ပြီး လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ဒေသခံပြည်သူများနှင့်အတူ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ အင်ကြင်းကုန်းကျောင်းတိုက်ကျောင်းထိုင်ဆရာတော်၏ မွေးနေ့မင်္ဂလာအခမ်းအနားအတွက် ဆရာတော်အား အလှူငွေများကို ဆက်ကပ်လှူဒါန်းခဲ့ကြကာ ရှမ်းတိုင်းရင်းသားများ၏ ရိုးရာရှမ်းအကတွင် ပါဝင်ဆင်နွှဲခဲ့သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်ကြင်းကုန်းကျေးရွာအုပ်စုအတွင်းရှိ ကွင်းအမှတ် (၃၁၉) မိုးဒါးစုကွင်းအတွင်း မိုးစပါးနှင့် အခြားသီးနှံစိုက်ဧရိယာ စုစုပေါင်း ဧက ၅၀၀ ကျော်အတွင်းရှိတောင်သူများလယ်အတွင်း တောင်သူအသိပညာပေး နွေထယ်ရေးပြင်ဆင်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ကွင်းအတွင်းရှိ တောင်သူများအတွက် အထွက်တိုးမျိုးကောင်းမျိုးသန့် ဆင်းဧကရီ -၃ မျိုးစပါးများ၊ ပဲပုပ်၊ ပိုက်ဆံလျှော်မျိုးစေ့များနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များကို ထောက်ပံ့ပေးအပ်ခဲ့ကြပြီး လယ်ထွန်စက်ဖြင့် ထွန်ယက်နေမှုကို တောင်သူများနှင့်အတူ ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် မိုးညှင်းမြို့နယ် အုတ်ကျင်း-အောင်ချမ်းသာ-စက်ကုန်း-ဟဲလုံလမ်းမကြီး အရှည်ပေ ၈၁၀၀ ရှိ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြရာ ကျေးရွာ ရပ်မိ/ ရပ်ဖများ၊ ဒေသခံ ရှမ်းတိုင်းရင်းသားများက ရိုးရာအတီးအမှုတ်၊ အကအလှများဖြင့် ကြိုဆိုကြသည်။

ဆက်လက်၍ လမ်းသစ်ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းသစ်ဖွင့်ပွဲတွင် ပါဝင်ကြသည့် ရှမ်းတိုင်းရင်းသား ရိုးရာအကအဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကြကာ လမ်းသစ်အား ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## သဲကုန်းမြို့နယ်၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးသော နွေစပါးစံကွက်ရိတ်သိမ်းပွဲ ပြုလုပ်

သဲကုန်း မေ ၁၉

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးသောနွေစပါးစံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက်ပိုင်းက တောင်ကြို့ကုန်းကျေးရွာရှိ တောင်သူ ဦးအေးလွင်၏ ကွင်းအမှတ်(၉၆၆) ဦးပိုင်အမှတ် -၂၁ ၌ ရိတ်သိမ်းခဲ့သည်။

အဆိုပါ နွေစပါးစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းနှင့် ဝန်ထမ်းများ၊ တောင်သူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် တောင်သူ ဦးအေးလွင်၏ လယ်မြေနှစ်ဧကတွင် ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးထားသည့် နွေစပါး (YSR-1) စပါးမျိုး သုည ဒသမ ၁၀ ဧက စံကွက်ရိတ်သိမ်းရာ အစိုတင်း ၁၃၃ ဒသမ ၇၀ ထွက်ရှိခဲ့သည်။

သဲကုန်းမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နွေစပါး ဧက ၁၃၁၅၀ လျာထားရာ ၁၃၁၅၈ ဧက စိုက်ပျိုးနိုင်သဖြင့် လျာထားစိုက်ဧကထက်ပြည့်မီ ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တောင်သူများပူးပေါင်းပါဝင်သော စပါးသားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်း သုတေသန စမ်းသပ်ကွက်ကို စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်



နေပြည်တော် မေ ၁၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လယ်ဝေးမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်များတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ထားသည့် "တောင်သူများ ပူးပေါင်းပါဝင်သော စပါးသားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်း" သုတေသနစမ်းသပ်ကွက်များကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက မျိုးစပ်မွေးမြူထားသော စပါး သားဆက်လိုင်းများ၏ အရည်အချင်းလက္ခဏာများကို အကဲဖြတ်ခြင်း၊ စပါးမျိုးကောင်းများ ရွေးချယ်ခြင်းလုပ်ငန်းများကို စိုက်ပျိုးသူ တောင်သူများကိုယ်တိုင် ကျွမ်းကျင်စွာလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် မိမိတို့ဒေသ၊ မြို့နယ်အလိုက် အထွက်နှုန်းမြင့်မားသည့် မျိုးကောင်းမျိုးသန့်များ မွေးမြူရရှိနိုင်ကြောင်း၊ မျိုးမွေးမြူရေး ဆောင်ရွက်ရာတွင် မှန်ကန်သော မိဘလိုင်းများ ရွေးချယ်နိုင်ခြင်းသည် မျိုးမွေးမြူရေး အောင်မြင်မှုအတွက် သော့ချက်များ ဖြစ်ကြောင်း၊ မျိုးမွေးမြူရာတွင် နည်းလမ်းများစွာရှိသည့်အနက် သက်တမ်း၊ အပင်အမြင့်၊ ကြီးထွားမှုအစရှိသည့် ရုပ်သွင်ပြင်လက္ခဏာတူရာတူရာကို စုပေါင်းရွေးချယ်ခြင်းနည်းလမ်းသည် တောင်သူများ အလွယ်တကူ ဆောင်ရွက်နိုင်သော နည်းလမ်းဖြစ်ကြောင်း၊ မျိုးစပ်မွေးမြူရေး ပညာရပ်များကို တောင်သူများ အလွယ်တကူသိရှိနားလည်ရန် သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ နည်းပညာပေးရန် လိုအပ်ကြောင်း၊ အထွက်ကောင်းရန်အတွက် တစ်ဧကပါဝင်သည့် အပင်ဦးရေ အပြည့်အဝရရှိပြီး ပင်ပွားအပွင့်အသီး စသည့် ကောင်းမွန်သည့် အရည်အချင်းလက္ခဏာများ ပြည့်စုံမှသာ ပန်းတိုင်အထွက်နှုန်း ရရှိနိုင်ကြောင်း၊ ပန်းတိုင်အထွက်နှုန်းအထက်ရရှိသော တောင်သူဦးရေ တိုးတက်များပြားအောင် လုပ်ဆောင်ကြရန်နှင့် တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်သော မျိုးစပ်မွေးမြူသည့် ပညာရပ်များကို တောင်သူအကြိုက်မျိုးများဖြင့် စမ်းသပ်လုပ်ဆောင်ကြရန် လိုကြောင်း။

သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မိမိတို့တတ်မြောက်သည့် နည်းပညာရပ်များ၊ အသိပညာများကို တောင်သူများထံ ဖြန့်ဝေပေးသကဲ့သို့ တောင်သူကြီးများ တတ်မြောက်ထားသည့် မိရိုးဖလာဗဟုသုတများ၊ အတတ်ပညာများကိုလည်း ပူးပေါင်းဖလှယ်သွားကြရန် လိုကြောင်း၊ တောင်သူများ အစုအဖွဲ့များဖွဲ့စည်း၍ မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် မြို့နယ်အလိုက် မျိုးယှဉ်ပြိုင် စမ်းသပ်ကွက်များ ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိကြောင်း၊ အလားတူ တောင်သူများ၏ စက်ကိရိယာလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးကို သက်ဆိုင်ရာ ဌာနတာဝန်ရှိသူအနေဖြင့် နည်းလမ်းရှာဖွေ ဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားသည်။

"တောင်သူများ ပူးပေါင်းပါဝင်သော စပါးသားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်း" သုတေသနစမ်းသပ်ကွက်များကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကျင်းပမည်

ကိုဌေး(ကနောင်)

မြန်မာ့အားကစားလောက ရေရှည်တိုးတက်အောင်မြင်လိုပါက အမြဲတမ်းလိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ “လူထုအားကစားလှုပ်ရှားမှုများအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်လာစေရေး စီမံဆောင်ရွက်ရမည်”၊ “လူငယ်/လူရွယ်မျိုးဆက်သစ်များ အမြောက်အမြား တစုတဝေးတည်းရှိနေသည့် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်/ကောလိပ်များတွင် အားကစားနှင့် ပညာရေး ထိထိမိမိ ပေါင်းစပ်နိုင်ရေး စီမံဆောင်ရွက်ရမည်”၊ “အားကစားနည်းအလိုက် ထူးချွန်မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်စေရေးအတွက် နယ်ပယ်ဒေသ ကဏ္ဍအစုံတွင် အားကစားပြိုင်ပွဲများ ပုံမှန်ကျင်းပပြုလုပ်ရမည်”၊ “အားကစားပြိုင်ပွဲမျိုးစုံ ကျင်းပနိုင်ရေးအတွက် လိုအပ်သည့် အားကစားကွင်း/အားကစားရုံများနှင့် အားကစား အထောက်အကူပစ္စည်းများ ပြည့်စုံစွာ ဖန်တီးပေးရမည်”၊ “ကျင်းပသည့် ပြိုင်ပွဲများသို့ အဆင့်မီမီဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ အဆင့်ဆင့်သောပြိုင်ပွဲများ ပြုလုပ်ပြီး လူရွေးချယ်ခြင်း၊ အဆင့်မီနည်းပြများဖြင့် လုံလောက်သည့် အချိန်အတိုင်းအတာတစ်ခုအထိ ကြိုတင်ပြင်ဆင် စခန်းသွင်းလေ့ကျင့်ခြင်းများ ပြုလုပ်ပြီးမှသာ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရမည်”၊ “ကျင်းပမည့်ပြိုင်ပွဲတိုင်း ပြိုင်ပွဲအဆင့်အတန်းမြင့်မားပြီး ပြိုင်ဆိုင်မှုပြင်းထန်အောင် တာဝန်ရှိသူများက ကြီးကြပ်စီမံဆောင်ရွက်ရမည်”၊ “ခေတ်နှင့်အညီ တိုးတက်လာသည့် အားကစားသိပ္ပံနှင့် အားကစားလေ့ကျင့်ရေး သဘောတရားများအား မျက်ခြည်မပြတ် လိုက်ပါဆောင်ရွက်နိုင်ရမည်”၊ “အားကစားနည်းအလိုက် အရည်အသွေး ပြည့်မီသည့် နည်းပြများ၊ ဒိုင်/ဂျူရီများ စဉ်ဆက်မပြတ် ပေါ်ထွက်ရေးနှင့် နိုင်ငံတကာပြိုင်ပွဲများအထိ ထိုးဖောက်တာဝန်ထမ်းဆောင်နိုင်ရေး စီမံဆောင်ရွက်ရမည်”၊ “သက်တမ်းအလိုက်ပြိုင်ပွဲများမှ ပေါ်ထွက်လာသည့် အားကစားနည်းအလိုက် ထူးချွန်မျိုးဆက်သစ်များကိုသာ အားကစားသိပ္ပံများနှင့် အားကစားအကယ်ဒမီကျောင်းများတွင် ကျစ်လျစ်သိပ်သည်းသောအင်အားဖြင့် ရေရှည်စခန်းသွင်းလေ့ကျင့်ပြုစုပျိုးထောင်ရမည်”၊ “အားကစား အသိပညာပေးလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ဆောင်ရွက်ရမည်” ဖြစ်ပါသည်။

အထက်ပါလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ပြည့်ပြည့်ဝဝ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှသာလျှင် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်လာမည်ဖြစ်၍ နိုင်ငံတော်က ခိုင်မာသည့် မူဝါဒများ ချမှတ်ပေးရေးနှင့် လုံလောက်သည့် ဘတ်ဂျက်ရန်ပုံငွေများ ဖြည့်ဆည်းပေးရေးသည်လည်း လွန်စွာအရေးပါလှပါသည်။

အားကစားလှုပ်ရှားဆောင်ရွက်မှုများသည် နိုင်ငံအတွင်းရှိ ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်



၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်တွင် မသန်စွမ်းထိုင်လျက်ဘော်လီဘော ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပစဉ်။

ရေးကို များစွာအထောက်အကူပြုနေသည့်အပြင် အားကစားနည်းအလိုက် မျိုးဆက်သစ်များ ပေါ်ထွက်ရေးအတွက်လည်း တိုက်ရိုက်အထောက်အကူပြုလျက်ရှိသည်။ သို့ဖြစ်၍လည်း အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေးနှင့် အလားအလာရှိသော မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်ရေးအတွက် နယ်ပယ်ဒေသကဏ္ဍအစုံတွင် အားကစားစုပေါင်းလှုပ်ရှားမှုများနှင့် အားကစားပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိသည့်အပြင် နိုင်ငံတကာ အားကစားပြိုင်ပွဲများသို့လည်း စဉ်ဆက်မပြတ် စေလွှတ်ယှဉ်ပြိုင်စေလျက်ရှိပါသည်။

ယခုအခါ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးပြီးလျှင် အကြီးမားဆုံးပြိုင်ပွဲတစ်ခုအဖြစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသဖြင့် နိုင်ငံသားတစ်ယောက်အနေဖြင့် သော်လည်းကောင်း၊ အားကစားဝါသနာရှင် တစ်ယောက်အနေဖြင့် သော်လည်းကောင်း မြန်မာ့အားကစားတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည့် မျိုးဆက်သစ်များပေါ်ထွက်ရေး ရည်ရွယ်ကျင်းပသည့် ပြိုင်ပွဲကြီးကို ဝမ်းမြောက်စွာ ကြိုဆိုမိပါသည်။

**အောင်မြင်မှုမြင့်မားခဲ့သည့် မြန်မာ့အားကစား**

မြန်မာ့အားကစား သမိုင်းကြောင်းကို ပြန်ကြည့်လျှင် ၁၉၆၀ ပြည့်လွန်နှစ်များမှသည် ၁၉၇၀ ပြည့်လွန်နှစ်များအထိ အရှေ့တောင်အာရှ အဆင့်တွင် ထိပ်တန်းက ရပ်တည်နိုင်ခဲ့ပြီး အာရှအဆင့်သို့ ထိုးဖောက်၊ ကမ္ဘာ့အဆင့်အထိ တက်လှမ်းနိုင်ခဲ့သည့် သာဓကများရှိခဲ့ပါသည်။ အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲ (SEAP Games) များတွင် အိမ်ရှင်အဖြစ်ကျင်းပခဲ့သည့် ၁၉၆၁ ခုနှစ် ဒုတိယအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲနှင့် ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲများတွင် နိုင်ငံအလိုက် အဆင့်(၁)နေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ၁၉၆၅၊ ၁၉၆၇၊ ၁၉၆၉၊ ၁၉၇၁၊ ၁၉၇၃ ခုနှစ်များ၌ ကျင်းပခဲ့သည့် ကျွန်းဆွယ်အားကစားပြိုင်ပွဲများတွင် မြန်မာဘောလုံးအသင်းအနေဖြင့် ငါးကြိမ်ဆက်တိုက် ချန်ပီယံဖြစ်ခဲ့သည်။

၎င်းအပြင် အဆိုပါကာလများအတွင်း ၁၉၆၄၊ ၁၉၆၇၊ ၁၉၇၁ ခုနှစ်များတွင် ကျင်းပခဲ့သည့် ဒေသတွင်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲများဖြစ်သည့် မာဒေးကားချန်ပီယံ သုံးကြိမ်၊ ၁၉၇၁၊ ၁၉၇၂၊ ၁၉၇၃ ခုနှစ်များတွင် ပတ်ချုံဟီးဖလားချန်ပီယံ သုံးကြိမ်၊ ၁၉၇၁၊ ၁၉၇၃၊ ၁၉၇၄၊ ၁၉၇၅ ခုနှစ်များတွင် ဂျာကာတာဖလားချန်ပီယံ လေးကြိမ်၊ ၁၉၇၇၊ ၁၉၇၈၊ ၁၉၇၉ ခုနှစ်များတွင် မာရာဟာလင်ဖလားချန်ပီယံ သုံးကြိမ်၊ ၁၉၆၁၊ ၁၉၆၃၊ ၁၉၆၄၊ ၁၉၆၆၊ ၁၉၆၈၊ ၁၉၆၉၊ ၁၉၇၀၊ ၁၉၇၇ ခုနှစ်များတွင် အာရှလူငယ်ချန်ပီယံ ရှစ်ကြိမ်ဖြစ်ခဲ့သည်။ ၁၉၆၆ ခုနှစ်နှင့် ၁၉၇၀ ပြည့်နှစ်များတွင် ကျင်းပခဲ့သည့် အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့ဘောလုံးအသင်းအနေဖြင့် နှစ်ကြိမ်ဆက်တိုက် အာရှချန်ပီယံဖြစ်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများတွင် အာရှချန်ပီယံ နှစ်ကြိမ်ဆက်တိုက် ရရှိခဲ့သည့်နိုင်ငံအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင်ကျင်းပခဲ့သည့် မြူးနစ်ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်းအနေဖြင့် အသန့်ရှင်းဆုံးဆုဖလားကို ထိုက်ထိုက်တန်တန်ရရှိခဲ့သည်။

ပြေးခုန်ပစ်အားကစားနည်း၏ အောင်မြင်မှုအကျဉ်းချုပ်အားဖော်ပြရလျှင် ၁၉၅၉ ခုနှစ် ပထမအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲမှစ၍ ကျင်းပပြီးစီးခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအထိ ပြေးခုန်ပစ်အားကစားနည်းတစ်ခုတည်းမှ ရွှေတံဆိပ် ၁၇၆ ခု၊ ငွေတံဆိပ် ၁၈၃ ခု၊ ကြေးတံဆိပ် ၁၄၄ ခု စုစုပေါင်း ဆုတံဆိပ် ၅၀၃ ခုအထိ ရယူပေးနိုင်ခဲ့ပါသည်။ နိုင်ငံအတွက် ရွှေတံဆိပ်များစွာ ရယူပေးနိုင်ခဲ့သည့် အားကစားသမားများစွာရှိသည့်အနက် အားကစားသမားအချို့အား ကောက်နုတ်ဖော်ပြရလျှင် ဒေါ်ဂျနီဖာတင်လေးတစ်ဦးတည်းက သံလုံး၊ သံပြား၊ ဘော်လီဘော အားကစားနည်းများဖြင့် ရွှေတံဆိပ် ၁၅ ခု၊ ဒေါ်ခင်ခင်ထွေးတစ်ဦးတည်းက မီတာ(၈၀၀/၁၅၀၀/၃၀၀၀/၅၀၀၀/၁၀၀၀၀) ပြိုင်ပွဲများမှ ရွှေတံဆိပ် ၁၂ ခု၊ ဂျင်မီကရင်တန် တစ်ဦးတည်းကပင် မီတာ(၈၀၀/၁၅၀၀/၅၀၀၀)ပြိုင်ပွဲများမှ ရွှေတံဆိပ် ၁၂ ခု၊ ဒေါ်သန်းသန်း တစ်ဦးတည်းက မီတာ (၂၀၀/၄၀၀/၈၀၀)နှင့် လက်ဆင့်ကမ်းပြိုင်ပွဲများမှ ရွှေတံဆိပ် ၁၂ ခု၊ ဒေါ်မာမာမင်းတစ်ဦးတည်းက မီတာ(၈၀၀/၁၅၀၀/၃၀၀၀/ ၁၀၀၀၀) မာရသွန်ပြိုင်ပွဲများနှင့် မီတာ(၄၀၀) လက်ဆင့်ကမ်းပြိုင်ပွဲများမှ ရွှေတံဆိပ် ကိုးခု၊ ဦးသန့်ဇင်က ရွှေတံဆိပ်ခြောက်ခု၊ ရှင်ဗွေဂန်းနှင့် ဦးကိုကိုတို့က ရွှေတံဆိပ်ငါးခုစီ၊ မခင်ပု၊ ဦးအောင်သန်း၊ ဒေါ်အေးရွှေ၊ ဦးမောင်လှ၊ ဦးခင်စိုး၊ ဒေါ်နုနုရီတို့က ရွှေတံဆိပ်လေးခုစီ၊ အာဖူး၊ စန်းစန်းအေး၊ နိုင်လင်းချစ်၊ ထွန်းတင်၊ မကျင်လွမ် တို့က ရွှေတံဆိပ်သုံးခုစီ ရယူပေးနိုင်ခဲ့ကြပြီး ကျန်အားကစားသမားများကလည်း နိုင်ငံတော်အတွက် ရွှေတံဆိပ်များစွာ ရယူပေးနိုင်ခဲ့ကြပါသည်။

အလားတူ မြန်မာဘော်လီဘောအမျိုးသားအသင်းအနေဖြင့်လည်း ၁၉၆၁၊ ၁၉၆၉၊ ၁၉၇၅၊ ၁၉၇၇၊ ၁၉၈၃၊ ၁၉၈၉ ခုနှစ်များတွင် နိုင်ငံတော်အတွက် ရွှေတံဆိပ်ခြောက်ခု ရယူပေးနိုင်ခဲ့ပါသည်။

ယင်းအပြင် လက်ဝှေ့အားကစားနည်းအနေဖြင့်လည်း ပထမအကြိမ် ကျွန်းဆွယ်အားကစားပြိုင်ပွဲမှ (၁၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအထိ အောင်ထွန်း၊ စတန်လေမဂျစ်၊ လှရွှေ၊ လှညွန့်၊ ရဲတင့်၊ မောင်ညွန့်၊ တင်မောင်၊ ခင်မောင်ဝင်း၊ ကူဖာရိုင်း၊ နီနီ၊ တင်ထွန်း၊ ဒေါ်လာ၊ ဝင်းမောင်၊ မောင်သိန်း၊ သိန်းလွင်၊ ကြူဟန်၊ သက်ဦးလေး၊ စန်းမြင့်၊ ဟာရာခမ်း၊ အောင်မြင့်၊ ညိုဝင်း၊ ဇော်လတ် တို့က နိုင်ငံတော်အတွက် ရွှေတံဆိပ် ၂၅ ခုနှင့် ငွေ၊ ကြေး ဆုတံဆိပ်များရယူပေးနိုင်ခဲ့သည့် မှတ်တမ်းများလည်း အခိုင်အမာရှိခဲ့ပါသည်။

စာမျက်နှာ ၁၁ သို့ ❐

> ❛ အားကစားလှုပ်ရှားဆောင်ရွက်မှုများသည် နိုင်ငံအတွင်းရှိ ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေးကို များစွာအထောက်အကူပြုနေသည့်အပြင် အားကစားနည်းအလိုက် မျိုးဆက်သစ်များ ပေါ်ထွက်ရေးအတွက်လည်း တိုက်ရိုက်အထောက်အကူပြုလျက်ရှိသည်။ သို့ဖြစ်၍လည်း အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေးနှင့် အလားအလာရှိသော မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်ရေးအတွက် နယ်ပယ်ဒေသကဏ္ဍအစုံတွင် အားကစားစုပေါင်းလှုပ်ရှားမှုများနှင့် အားကစားပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိသည့်အပြင် နိုင်ငံတကာအားကစားပြိုင်ပွဲများသို့လည်း စဉ်ဆက်မပြတ် စေလွှတ်ယှဉ်ပြိုင်စေလျက်ရှိ ❜



၂၀၁၅ ခုနှစ် စတုတ္ထအကြိမ်အမျိုးသားအားကစားပွဲတော်တွင် ခရစ်ကတ်အမျိုးသား အကြိုဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က ယှဉ်ပြိုင်ကြစဉ်။



၂၀၁၅ ခုနှစ် စတုတ္ထအကြိမ်အမျိုးသားအားကစားပွဲတော်တွင် ကရာတေးဒို(ကုမိတဲ့)ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပစဉ်။

❒ စာမျက်နှာ ၁၀ မှ

ဤသည်ကား မြန်မာ့အားကစား ရွှေခေတ်ကာလ အောင်မြင်မှုများအနက်မှ တစ်စိတ်တစ်ဒေသကိုသာ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။ မြန်မာ့အားကစားအောင်မြင်မှုမြင့်မားခဲ့သည့် အဆိုပါကာလများအတွင်း အားကစားဝန်ကြီးဌာနဟူ၍ သီးခြားဖွဲ့စည်း ဆောင်ရွက်နိုင်ခြင်းမရှိစေကာမူ ပြည်သူလူထုတစ်ရပ်လုံး၏ အားပေးဆောင်ရွက်မှုများဖြင့် လူထုအားကစားလှုပ်ရှားမှုများအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်နိုင်ခဲ့မှုများကြောင့် ပေါ်ပေါက်လာသော အသီးအပွင့်များဖြစ်ပါသည်။

**ကျင်းပပြီးစီးခဲ့သည့် အမျိုးသား အားကစားပွဲတော်များ၏ ဦးတည်ချက်များ**

မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အစိုးရအဆက်ဆက် အမျိုးသားအားကစားပွဲတော်များကို ကျင်းပခဲ့ကြပါသည်။ ကျင်းပပြီးစီးခဲ့သည့် ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ် အမျိုးသားအားကစားပွဲတော်များအား မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရမည်ဟူသောရည်မှန်းချက်ကို အမျိုးသားရေးလှုပ်ရှားမှုဖြင့် ဆောင်ရွက်ရန်၊ အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်ဟု ခံယူတတ်လာစေရန်၊ အားကစားဆောင်ရွက်ရာတွင် မျိုးချစ်စိတ်ဓာတ် ဇာတိသွေး ဇာတိမာန် ရှင်သန်လာစေရေးအတွက် ဦးတည်လာစေရန်၊ ထူးချွန်ထက်မြက်သော အားကစားမျိုးဆက်သစ်များ ပေါ်ထွက်လာပြီး ကမ္ဘာ့အဆင့်အထိ တက်လှမ်းလာစေရန်၊ မြန်မာ့အားကစားအဆင့်အတန်း မြင့်မားစေရေးအတွက် တစ်နိုင်ငံလုံးက ပါဝင်လှုပ်ရှားပြီး တက်ကြွစွာ အားပေးချီးမြှောက်မှုများ ပြုလုပ်လာစေရန်၊ ခေတ်မီတိုးတက်သော အားကစားနည်းစနစ်များဖြင့် လေ့ကျင့်ပျိုးထောင်ထားသော အားကစားထူးချွန်သူများ ပေါ်ထွန်းရေးအတွက် တက်ကြွစွာ ပါဝင်ဆောင်ရွက်လာစေရန်နှင့် အနယ်နယ်အရပ်ရပ်တွင် ပျံ့နှံ့နေသည့် ထူးချွန်သော အားကစားသမားအချင်းချင်း ပိုမိုရင်းနှီးမှုရရှိကာ ပြည်ထောင်စုစိတ်ဓာတ်ပြင်းထန်လာစေရန် စသည့် ဦးတည်ချက် (၇)ရပ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

**ထည့်သွင်းကျင်းပခဲ့သည့် အားကစားနည်းများနှင့် ပါဝင်ယှဉ်ပြိုင်သည့် အင်အား**

ပထမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၉၂ ခုနှစ် မေလ ၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် ဝန်ကြီးဌာနများအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)၊ တိုင်း/တပ်မဌာနချုပ်များ၊ တက္ကသိုလ်(အထက်/အောက်မြန်မာပြည်)အဆင့်၊ တိုင်းနှင့် ပြည်နယ်အခြေခံကျောင်းသားအဆင့်ဟူသော အဆင့်သုံးဆင့်ခွဲကာ အားကစားနည်း ၂၂ မျိုး ထည့်သွင်းကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်းပေါင်း ၇၂ သင်း၊ ပြိုင်ပွဲဝင်အားကစားသမား ၁၀၁၂၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။

ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၉၄ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့မှ ဖေဖော်ဝါရီလ ၆ ရက်နေ့အထိ ရန်ကုန်မြို့တွင် ဝန်ကြီးဌာနများအဆင့်၊ တိုင်းနှင့် ပြည်နယ်အဆင့်ဟူ၍ နှစ်ဆင့်ခွဲကာ အားကစားနည်း ၂၄ မျိုး ထည့်သွင်းကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်းပေါင်း ၄၀၊ ပြိုင်ပွဲဝင်အားကစားသမား ၈၇၀၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။

တတိယအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့မှ ၂၄ ရက်နေ့အထိ ရန်ကုန်မြို့တွင် ဝန်ကြီးဌာနများအဆင့်၊ တိုင်းနှင့်ပြည်နယ်၊ တက္ကသိုလ်များ(အထက်/အောက်)ဟူ၍ အဆင့် နှစ်ဆင့်ခွဲကာ အားကစားနည်း ၂၉ မျိုး ထည့်သွင်းကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်း ၅၅ သင်း၊ ပြိုင်ပွဲဝင်အားကစားသမား ၁၁၃၇၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။



၂၀၁၅ ခုနှစ် စတုတ္ထအကြိမ်အမျိုးသားအားကစားပွဲတော်တွင် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က ယှဉ်ပြိုင်စဉ်။

စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှ ၂၈ ရက်နေ့အထိ နေပြည်တော်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် အလွတ်တန်းအဆင့် တစ်မျိုးတည်းကိုသာ အားကစားနည်း ၂၇ မျိုးနှင့် မသန်စွမ်းအားကစားနည်းလေးမျိုး ထည့်သွင်းကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်း ၁၅ သင်း၊ ပြိုင်ပွဲဝင် အားကစားသမား ၄၃၆၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၏ ရည်ရွယ်ချက်များ**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အား နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်၊ ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ထည့်သွင်းကျင်းပမည့် အားကစားနည်းများ**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့်၌ အားကစားနည်း ခြောက်မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ပြေးခုန်ပစ် (အမျိုးသား/ အမျိုးသမီး)၊ ဘောလုံး(အမျိုးသား)၊ ဖူဆယ်(အမျိုးသား)၊ ဂေါက်သီး(အမျိုးသား)၊ ပိုက်ကျော်ခြင်း (အမျိုးသား)နှင့် ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် အားကစားနည်း ၂၃ မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ပါဝင်မည့် အားကစားနည်းများမှာ ပြေးခုန်ပစ်(အမျိုးသား/အမျိုးသမီး)၊ ဘတ်စကက်ဘော(အမျိုးသား)၊ ကြက်တောင်(အမျိုးသား/အမျိုးသမီး)၊ ဘိလိယက်/စနူကာ (အမျိုးသား)၊ လက်ဝှေ့(အမျိုးသား)၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု (အမျိုးသား/အမျိုးသမီး)၊ ခရစ်ကတ် (အမျိုးသား)၊ ဘောလုံး(အမျိုးသား/အမျိုးသမီး)၊ ဖူဆယ်(အမျိုးသား/အမျိုးသမီး)၊ ဂေါက်သီး (အမျိုးသား)၊ ဂျူဒို(အမျိုးသား/အမျိုးသမီး)၊ ကရာတေး (အမျိုးသား/အမျိုးသမီး)၊ ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး)၊ ရေကူး(အမျိုးသား/အမျိုးသမီး)၊ စားပွဲတင်တင်းနစ် (အမျိုးသား/အမျိုးသမီး)၊ တိုက်ကွမ်ဒို(အမျိုးသား/အမျိုးသမီး)၊ တင်းနစ် (အမျိုးသား)၊ ရိုးရာခြင်းလုံး(အမျိုးသား/အမျိုးသမီး)၊ မြန်မာ့သိုင်း(အမျိုးသား/အမျိုးသမီး)၊ ဘော်လီဘော (အမျိုးသား/အမျိုးသမီး)၊ ဗိုဗီနမ် (အမျိုးသား/အမျိုးသမီး)၊ အလေးမ (အမျိုးသား/အမျိုးသမီး)၊ ဝူရှူး(အမျိုးသား/အမျိုးသမီး) ပွဲစဉ်များ ပါဝင်မည်ဖြစ်သည်။

**ပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေး ကော်မတီများ ဖွဲ့စည်းဆောင်ရွက်မည်**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် အဆင်ပြေချောမွေ့စွာ ပြီးမြောက်စေရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီအပြင် အားကစားသမားစိစစ်ရေးနှင့် အားကစားပြိုင်ပွဲများ ကျင်းပရေးကော်မတီ၊ မျိုးဆက်သစ်အားကစားသမားများရွေးချယ်ရေးကော်မတီ၊ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနား အောင်မြင်စွာကျင်းပရေးကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးကော်မတီ၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးကော်မတီ၊ သယ်ယူပို့ဆောင်ရေးကော်မတီ၊ သတင်းပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေးကော်မတီ၊ ကျန်းမာရေးကော်မတီ၊ လုံခြုံရေးကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးကော်မတီ၊ ခုံသမာဓိကော်မတီနှင့် စာရင်းစစ်ဆေးရေးကော်မတီတို့ကိုလည်း ထပ်မံဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်သည်။

**ပြိုင်ပွဲဝင်အသင်းများ အဆင့်မီမီ ဝင်ရောက်ယှဉ်ပြိုင်ကြရန်လို**

အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပပေးခြင်းသည် မြန်မာ့အားကစား အဆင့်အတန်း တိုးတက်လာစေရေးအတွက် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်၍ ပါဝင်ယှဉ်ပြိုင်ကြမည့် ဝန်ကြီးဌာနများနှင့် ပြည်နယ်/တိုင်းဒေသကြီးများမှ တာဝန်ရှိသူများအနေဖြင့် ပြိုင်ပွဲတိုင်းတွင် အဆင့်မီမီ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး အဆင့်ဆင့်သောပြိုင်ပွဲများပြုလုပ်ပြီး စနစ်တကျ လူရွေးချယ်ခြင်း၊ စနစ်တကျ ကြိုတင်ပြင်ဆင် စုဖွဲ့လေ့ကျင့်မှုများ ပြုလုပ်ထားကြရန် လိုအပ်ပါသည်။ ဝန်ကြီးဌာနနှင့် ပြည်နယ်/တိုင်းဒေသကြီး ကိုယ်စားပြုအသင်းအဖွဲ့များအနေဖြင့် ပြိုင်ပွဲတိုင်း အဆင့်မီမီ ဝင်ရောက်ယှဉ်ပြိုင်ကြရန် လိုအပ်သကဲ့သို့ အားကစားနည်းအလိုက် သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာယှဉ်ပြိုင်ကြရန်လည်း အထူးလိုအပ်လှပေသည်။

ပြိုင်ပွဲကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်ဖြင့် ကျင်းပခြင်းဖြစ်သလို ပြိုင်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လည်း နိုင်ငံတော်ဘတ်ဂျက် ရန်ပုံငွေများစွာ သုံးစွဲဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ပြိုင်ပွဲကျင်းပရခြင်း၏ ယှဉ်ပြိုင်သည့်ရည်ရွယ်ချက် ပေါက်မြောက်အောင်မြင်စေရန်နှင့် အမျိုးသားအားကစားပွဲတော်၏ ဂုဏ်ဒြပ်နှင့်အညီ ပြိုင်ပွဲတိုင်း ပြိုင်ဆိုင်မှုပြင်းထန်သည့် ပြိုင်ပွဲများဖြစ်စေရေး တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်သင့်လှပေသည်။

**အားကစားလောကအတွက် အကျိုးရှိမည့် ပွဲတော်ကြီးဖြစ်စေလို**

နိုင်ငံတော်အနေဖြင့် အမျိုးသားအားကစားပွဲတော်ကြီး ပြန်လည်ကျင်းပပေးခြင်းသည် အားကစားလောကအတွက် ဝမ်းမြောက်စွာ ကြိုဆိုရမည်ဖြစ်သော်လည်း ပြိုင်ပွဲဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး ကိုယ်စားပြုအသင်းများအနေဖြင့် မြို့နယ်အဆင့်၊ ခရိုင်အဆင့် စသည့် အဆင့်ဆင့်သောပြိုင်ပွဲများပြုလုပ်ပြီး မျိုးဆက်သစ်များအား အခြေခံကျကျရွေးချယ်မှသာ အားကစားနည်းအလိုက် မျိုးဆက်သစ်အမြောက်အမြား ပေါ်ထွက်လာမည်ဖြစ်သည့်အတွက် အလေးထား ဆောင်ရွက်ကြစေလိုပါသည်။ အားကစားသမားများစိစစ်ရေးနှင့် ပြိုင်ပွဲများကျင်းပရေးကော်မတီအနေဖြင့်လည်း သက်တမ်းသတ်မှတ်ထားသည့် အားကစားနည်းများအတွက် သက်တမ်းမှန်ကန်မှုရှိစေရေး စစ်ဆေးဆောင်ရွက်မည့်အစီအမံများကိုလည်း ကြိုတင်စဉ်းစား စီမံဆောင်ရွက်သင့်ပါသည်။ မျိုးဆက်သစ်အားကစားသမားများ ရွေးချယ်ရေးကော်မတီအနေဖြင့်လည်း အားကစားနည်းအလိုက် ထူးချွန်သူများ မကျန်ရှိစေရေးအတွက် ရွေးချယ်မည့်အစီအမံများ ပြင်ဆင်ဆောင်ရွက်ထားရန်လည်း လိုအပ်ပါသည်။ အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပပြီးပါက ၂၀၂၅ ခုနှစ်အတွင်းကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအားအထောက်အကူပြုနိုင်မည့် အရည်အသွေးမီ အားကစားသမားများနှင့် အားကစားလောကအတွက် ရေရှည်အသုံးပြုနိုင်မည့် အားကစားနည်းအလိုက် ထူးချွန်သည့် မျိုးဆက်သစ်များ အများအပြားပေါ်ထွက်လာမှသာ အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပရကျိုးနပ်မည်ကို သတိပြုစေလိုပါသည်။

**ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်**

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် မည်သည့်ခေတ်ကာလနှင့်မျှ မတူအောင် မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအား ထိုက်ထိုက်တန်တန် အားပေးဂုဏ်ပြုချီးမြှင့်မှုများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများကိုလည်း နိုင်ငံတော်အတွက် ဆုတံဆိပ်ရယူပေးနိုင်ခဲ့မှုအပေါ်မူတည်၍ နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာကဲ့သို့ လစဉ်ထောက်ပံ့ကြေးများ ချီးမြှင့်ခြင်း၊ ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ပေးအပ်လျက်ရှိသည်ကို အားကစားလောကသားများ အားကျဂုဏ်ယူဖွယ်ရာ မျက်မြင်ကိုယ်တွေ့ပင် ဖြစ်ပါသည်။ ယနေ့ခေတ်ကာလကဲ့သို့ နိုင်ငံတော်အပိုင်းမှ အစစအရာရာ ဖြည့်ဆည်းအားပေး ဆောင်ရွက်ပေးနေသည့်အချိန်တွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ အားကစားဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ အဆင့်ဆင့်သော တာဝန်ရှိသူများ၊ မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများအသင်းမှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ အားကစားမီဒီယာများအပါအဝင် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်း အားပေးဆောင်ရွက်ကြမည်ဆိုပါက အချိန်အတိုင်းအတာတစ်ခုအတွင်း မြန်မာ့အားကစားပြန်လည်ဦးမော့လာနိုင်မည်ဟု ယုံကြည်မျှော်လင့်မိပါသဖြင့် မြန်မာ့အားကစားတိုးတက်အောင်မြင်စေလိုသည့် ပြည်သူတစ်ရပ်လုံးနှင့်အတူ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပပေးခြင်းကို လှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုလိုက်ရပါကြောင်း....။ ။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## တောင်ငူမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး (၄၄၆)နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ကဆုန်ညောင်ရေသွန်းပွဲတော် ဖွင့်ပွဲကျင်းပ

**တောင်ငူ မေ ၁၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး (၄၄၆)နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ကဆုန်ညောင်ရေသွန်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ရွှေဆံတော်စေတီတော်မြတ်ကြီး အနောက်ဘက်မုခ်ဦးရှေ့၌ ကျင်းပသည်။

ဦးစွာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက် (ပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက)က အမှာစကားပြောကြားပြီး တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်က ပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်၊ တောင်ငူတပ်နယ်မှူး ဗိုလ်မှူးချုပ်စွမ်းလှိုင်မင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညဏ်လင်းအောင်၊ ဂေါပကအဖွဲ့ဝင် ဦးရဲဝင်းနှင့် ဦးသိန်းလွင်တို့က ရွှေဆံတော်စေတီတော်မြတ်ကြီး၏ (၄၄၆)နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ကဆုန်ညောင်ရေသွန်းပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**ကျင်းပသွားမည်**

တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ (၄၄၆)နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်၊ ဘုရားအနေကဇာတင်ပွဲ၊ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲ၊ ကဆုန်ညောင်ရေသွန်းပွဲတော်နှင့် ဘုရားပွဲတော်ကို မေ ၁၅ ရက်မှ ၂၉ ရက်အထိလည်းကောင်း၊ စွယ်တော်မြတ်နှစ်ဆူ လှည့်လည်ပူဇော်ပွဲကို မေ ၂၂ ရက် မွန်းလွဲ ၃ နာရီတွင် မြို့တွင်းသို့ စည်ကားသိုက်မြိုက်စွာ လှည့်လည်ပူဇော်ခံ၍ ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်ပေါ်တွင် လက်ယာရစ်တစ်ပတ်ပတ်၍ အနောက်မြောက်ထောင့်ရှိ ဗောဓိညောင်ပင်တွင် ညောင်ရေသွန်းလောင်း ပွဲတော် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**




## ရေကြောင်းနှင့်လေကြောင်း လူငယ်မောင်မယ်များ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ စေတီပုထိုးများနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာ

**နေပြည်တော် မေ ၁၉**

နေပြည်တော်သို့ ရောက်ရှိနေသော ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၄)နှင့် အခြေခံနှင့် တန်းမြင့် လေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၄)မှ သင်တန်းသားသင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများသည် ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ စေတီပုထိုးများနှင့် အထင်ကရနေရာများသို့ သီးခြားစီသွားရောက်လေ့လာခဲ့ကြသည်။

ရေကြောင်းလူငယ်မောင်မယ်များသည် နေပြည်တော်ဗုဒ္ဓဂယာရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ကြီးနှင့် ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနီယလေးဌာနသို့ သွားရောက်လေ့လာ ဖူးမြော်ကြည်ညိုခဲ့ကြပြီး တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကာ သင်တန်းသားများ၏ သိရှိလိုသည်များ မေးမြန်းမှုများကို ပြန်လည် ရှင်းလင်းဖြေကြားခဲ့သည်။

လေကြောင်းလူငယ်မောင်မယ်များသည် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် ဗုဒ္ဓဂယာရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ကြီးနှင့် ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနီယလေးဌာနသို့ သွားရောက်လေ့လာဖူးမြော်ကြည်ညိုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





## ရုရှားနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်ကုန် ပမာဏ ၅ ဒသမ ၄ ရာခိုင်နှုန်းတိုးမြင့်လာ

မော်စကို မေ ၁၉

ရုရှားနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်ကုန်သည် ယခုနှစ် ပထမသုံးလပတ်တွင် ယခင်နှစ် အလားတူကာလထက် ၅ ဒသမ ၄ ရာခိုင်နှုန်းတိုးမြင့်လာကြောင်း ရုရှားအာဏာပိုင်များက ပြောကြားသည်။

နိုင်ငံတော်စာရင်းအင်းဝန်ဆောင်မှုဌာနသည် ဇန်နဝါရီမှ မတ်လအထိ ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုး တွက်ချက်မှုပမာဏကို မေ ၁၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ပြည်တွင်း အသားတင်ထုတ်ကုန်တန်ဖိုး မြင့်တက်လာခြင်းသည် ရုရှားနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို ပြသကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်ပြောကြားသည်။

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံ၏စီးပွားရေးသည် ၃ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့(International Monetary Fund) က ရုရှားနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်ကုန် ပမာဏသည် ယခုနှစ်တွင် ၃ ဒသမ ၂ ရာခိုင်နှုန်းအထိ တိုးလာဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် –အောင်ကျော်ကျော်**

## သီရိလင်္ကာသမ္မတနှင့် SpaceX တည်ထောင်သူ အီလွန်မက်စ်တို့ တွေ့ဆုံ

ကိုလံဘို မေ ၁၉

သီရိလင်္ကာသမ္မတ ရာနေးဝစ် ရီမီဆင်းဂျ်နှင့် SpaceX တည်ထောင်သူနှင့် CEO ဖြစ်သူ အီလွန်မက်စ် တို့သည် အင်ဒိုနီးရှားနိုင်ငံ၌ ယနေ့ကျင်းပသည့် (၁၀)ကြိမ်မြောက် ကမ္ဘာ့ရေဖိုရမ်တွင် တွေ့ဆုံခဲ့ကြောင်း သိရသည်။



သီရိလင်္ကာနိုင်ငံကို ကမ္ဘာလုံးဆိုင်ရာ Starlink ကွန်ရက်နှင့် ချိတ်ဆက်ရန်အတွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဆွေးနွေး**

ထို့ပြင် သီရိလင်္ကာနိုင်ငံ၏ ပြန်လည်ထူထောင်ရေး၊ စီးပွားရေး အလားအလာနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းသစ်များကို ၎င်းတို့နှစ်ဦးက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အီလွန်မက်စ် သည် အင်ဒိုနီးရှားနိုင်ငံ၌ SpaceX ၏ Starlink အင်တာနက်ဝန်ဆောင်မှုကို စတင်ရန် မေ ၁၉ ရက်တွင် ဘာလီမြို့သို့ ရောက်ရှိခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**



## အာဖဂန်နစ္စတန်နိုင်ငံ၌ ရေကြီးရေလျှံမှုဖြစ်ပွား၊ အနည်းဆုံး ၅၀ သေဆုံး

ကဘူးလ် မေ ၁၉

အာဖဂန်နစ္စတန်နိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၅၀ သေဆုံးပြီး ထောင်နှင့်ချီသောနေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့**

မေ ၁၇ ရက်တွင် စတင်ခဲ့သည့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နိုင်ငံအလယ်ပိုင်း ဂိုဟာပြည်နယ်၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း ဒေသတွင်းမီဒီယာများက သတင်းဖော်ပြသည်။

ရွှံ့ရေများ နစ်မြုပ်လျက်ရှိသည့် လမ်းမများ၊ လူနေအိမ်များနှင့် ဈေးဆိုင်များကို ဗီဒီယိုမှတ်တမ်းများတွင် တွေ့မြင်နိုင်သည်။

ဂိုဟာပြည်နယ်နှင့် အခြားပြည်နယ် ၁၅ ခုတွင် လာမည့်ရက်အနည်းငယ်အတွင်း မိုးရွာသွန်းမှုများ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း ဒေသခံမီဒီယာက ဆိုသည်။

နောက်ထပ်ပျက်စီးမှုများလည်း ဖြစ်ပေါ်နိုင်သည့်အတွက် ပြည်သူများက စိုးရိမ်လျက်ရှိသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း ဘာဂျ်လန်ပြည်နယ်နှင့် မြောက်ပိုင်းရှိ အခြားပြည်နယ်များတွင်လည်း ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါရေကြီးမှုအတွင်း ပြည်သူ ၃၀၀ သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက အတည်ပြုပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## အစ္စရေးတပ်ဖွဲ့ဝင်များ၏ စစ်ဆင်ရေးဆင်နွှဲမှုကြောင့် ရာဖာမြို့မှ စွန့်ခွာထွက်ပြေးသူပေါင်း ၈၀၀၀၀၀ ရှိလာ

ဂျေရုဆလင် မေ ၁၉

အစ္စရေးတပ်ဖွဲ့ဝင်များ၏ စစ်ဆင်ရေး ဆင်နွှဲမှုကြောင့် မေ ၆ ရက်မှစပြီး ဂါဇာကမ်းမြောင်တောင်ပိုင်း ရာဖာမြို့မှ စွန့်ခွာထွက်ပြေးသူပေါင်း ၈၀၀၀၀၀ ရှိကြောင်း ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီ အကြီးအကဲက ပြောကြားခဲ့သည်။

ရာဖာမြို့၏ ဒေသအများအပြားတွင် ဘေးကင်းသော ရေပေးဝေမှု သို့မဟုတ် မိလ္လာသန့်ရှင်းရေးဆိုင်ရာ အဆောက်အအုံများမရှိကြောင်း ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ အေဂျင်စီအကြီးအကဲ ဖိလစ်လက်ဇာရီနီက လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားခဲ့သည်။

**သတိပေးပြောကြား**

တိုက်ပွဲများ ပိုမိုပြင်းထန်လာပါက အရပ်သားများကို ပိုမိုထိခိုက်နစ်နာစေမည်ဖြစ်ကြောင်း ၎င်းက သတိပေးပြောကြားသည်။

အစ္စရေးတပ်မတော်သည် ရာဖာမြို့၌ ဟားမတ်စ်များကို ဆက်လက်တိုက်ခိုက်လျက်ရှိပြီး ထိုးစစ်ကို အရှိန်မြှင့်ရန် အစ္စရေးက တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်မည်ဖြစ်ကြောင်းလည်း သိရသည်။

အမေရိကန် အမျိုးသားလုံခြုံရေး အကြံပေး ဂျက်ကီဆူလီဗင်သည် အစ္စရေးနိုင်ငံ၌ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် မေ ၁၉ ရက်တွင် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ကြီးမားသော မြေပြင်စစ်ဆင်ရေးကို ဆောင်ရွက်ခြင်းမပြုရန်၊ အစ္စရေးအား ဟန့်တားရန်နှင့် ထိပ်တန်း ဟားမတ်စ် အဖွဲ့ဝင်များကိုသာ ပစ်မှတ်ထားရန် ဂျက်ကီဆူလီဗင်က တိုက်တွန်းခဲ့ကြောင်း သိရသည်။



အရပ်သားသေဆုံးမှုများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများ ယိုယွင်းလာမှုကို ရှောင်ရှားနိုင်မည့်အပေါ် စောင့်ကြည့်သွားမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**



## ဂါဇာကမ်းမြောင်ရှိ ဂျာဘာလီရာစခန်း၌ အစ္စရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် ၁၅ ဦး သေဆုံး

ဂျေရုဆလင် မေ ၁၉

ဂါဇာကမ်းမြောင်မြောက်ပိုင်းရှိ ဂျာဘာလီရာစခန်း၌ အစ္စရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် ၁၅ ဦး သေဆုံးပြီး ၃၀ ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ပါလက်စတိုင်းသတင်းအေဂျင်စီက မေ ၁၈ ရက်တွင် သတင်းဖော်ပြသည်။

**ဒုံးကျည်များဖြင့် ပစ်ခတ်**

ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ဂျာဘာလီရာစခန်းရှိ ရွှေ့ပြောင်းနေထိုင်သူများ နေထိုင်လျက်ရှိသည့် နေအိမ်များကို အစ္စရေးတပ်ဖွဲ့ဝင်များက ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြောင်း ပါလက်စတိုင်း လုံခြုံရေးသတင်းရင်းမြစ်များက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

အစ္စရေးတပ်ဖွဲ့ဝင်များ၏ စစ်ဆင်ရေးအတွင်း ပေါက်ကွဲမှုများဖြစ်ပွားခဲ့ပြီး လူနာတင်ယာဉ်များနှင့် အရပ်ဘက် ကာကွယ်ရေးတပ်ဖွဲ့ဝင်များသည် တိုက်ခိုက်မှုဖြစ်ပွားရာနေရာများသို့ အလျင်အမြန် ရောက်ရှိလာခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# စာဖတ်ခြင်းနှင့် ကြီးမြတ်သောလူမျိုး

• • • • • • မောင်ငြိမ်းသူ (ကြို့ပင်ကောက်) • • • • • •

"မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အိမ်တွင်ဖတ်၊ ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့စဉ်ကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည့်"

(ရှင်မဟာရဋ္ဌသာရ)

"အလိမ္မာစာမှာရှိ"၊ "စာအုပ်စာပေ လူ့မိတ်ဆွေ"၊ "စာဖတ်မှ ကြီးပွား"၊ "စာပေမြင့်မှ လူမျိုးတင့်မည်"၊ "စာပေသည် ခေတ်၏ကြေးမုံ"၊ "အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကိုမြှင့်" ဟူသော ဆောင်ပုဒ်များ ထုတ်ပြန်လှုံ့ဆော်ကာ မှတ်ဖွယ်မှတ်ရာ စာပေအဖြာဖြာကို ဖတ်ရှုစေခဲ့ကြပါသည်။

ထိုသို့ စာပေရေးရာအဖြာဖြာကို ဖတ်ရှုလေ့လာမှတ်သားနာယူကြစေရေးအတွက် ခေတ်အဆက်ဆက်တွင် စာကြည့်တိုက်မျိုးစုံကို ဖွင့်လှစ်ပေးခဲ့ကြပါသည်။

**"အမှားအမှန်၊ ဝေဖန်ပိုင်းခြား၊**
**သုတပွားကာ၊ သစ္စာအမြင်၊**
**ကြွင်လင်စေရန်၊ စာပေအမြိုက်၊**
**ပညာသိုက်သို့၊ ညွှန်ပြဆိုက်ဆိုက်၊**
**စာကြည့်တိုက်။ ။"**

"**လူထုတက္ကသိုလ်၊ ဘဝတက္ကသိုလ်၊ ပညာဘဏ်တိုက်စာကြည့်တိုက်**"ဟု တင်စားညွှန်းဆိုထားသော စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းသည် (၁) လူကြီးလူငယ်များ အလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်ခြင်း၊ (၂) စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာဗဟုသုတတိုးပွားလာခြင်း၊ (၃) အမှန်နှင့် အမှားကို ဝေဖန်ပိုင်းခြားနိုင်ခြင်း၊ (၄) အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေခြင်း၊ (၅) ယဉ်ကျေးသိမ်မွေ့၍ ကိုယ်ကျင့်တရားကောင်းမွန်စေခြင်း၊ (၆) နိုင်ငံတော်ကို အကျိုးပြုမည့် သားကောင်း၊ သမီးကောင်းများ ပေါ်ထွန်းလာစေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိကြစေပါသည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်ပေါင်း ၃၃၀ နှင့် မြို့ပေါင်း ၄၁၇ မြို့အပါအဝင် စုစုပေါင်း ၈၀၁ မြို့၊ ရပ်ကွက်ပေါင်း ၃၄၈၅ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၂၃၉၁၀၊ ကျေးရွာပေါင်း ၆၃၂၀၀ ရှိရာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခရိုင်နှင့် မြို့နယ် အဆင့်များတွင် ပြည်သူ့စာကြည့်တိုက် ၄၁၀ ကို ဖွင့်လှစ်ပေးထားပြီး မြန်မာနိုင်ငံစာကြည့်တိုက် ဖောင်ဒေးရှင်းထောက်ပံ့မှုဖြင့် ဖွင့်လှစ်ထားသည့် စာကြည့်တိုက်များ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ရပ်ရွာလူထုအစီအစဉ်ဖြင့် ဖွင့်လှစ်



ထားကြသည့် စာကြည့်တိုက်ပေါင်း ၃၅၀၀ ဖွင့်လှစ်ထားကြောင်း သိရသည်။ ထို့ကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာအရ စာကြည့်တိုက်ပေါင်းများစွာ တိုးချဲ့ဖွင့်လှစ်ပေးရန် အထူးပင်လိုအပ်နေပါသည်။

စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်ပေးကြစေရေးအတွက် လှုံ့ဆော်မှုအမျိုးမျိုးဖြင့် ကြိုးပမ်းနေကြသည်ကို ဝမ်းပန်းတသာ လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုနေကြမှုနှင့်အတူ စာမဖတ်သူ ပပျောက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ စာတတ်သူတိုင်း စာဖတ်ကြစေရေးအတွက်လည်း လှုံ့ဆော်စည်းရုံးကြစေချင်ပါသည်။ အကြောင်းမှာမူ လက်ရှိအခြေအနေက စာဖတ်ရှိန် အလွန်ကျဆင်းနေသောကြောင့်ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် စာပေဈေးကွက် ကျဆင်းလာသည့်အပြင် စာပေရေးသားနေကြရသော စာရေးဆရာများ၏ စာပေစားကျက်များကလည်း အလွန်ပင်လျော့နည်းပျက်ယွင်းလျက်ရှိပါသည်။ စာဖတ်ရှိန်၊ စာဖတ်အားကို လျော့နည်းသွားစေခဲ့သော အန္တရာယ်များထဲတွင် ဖုန်းများလည်း ပါဝင်ကြပါသည်။

**ဖုန်းအဆိပ်မှိုင်းမိ**

စာဖတ်ရှိန်မြှင့်တင်ရေးကို ဟန့်တားနေကြသည်မှာလည်း ဖုန်းများပင် ဖြစ်ကြပါသည်။ သုံးလေးနှစ်ကလေးအရွယ်က(အစ) ကျောင်းသားကျောင်းသူများ၊ လူငယ်လူရွယ်များ (အလယ်)၊ သက်ကြီးရွယ်အို အဘိုးအဘွားများ(အဆုံး) ဖုန်းများနှင့် မျက်စိမခွာကြဘဲ လွန်လွန်ကဲကဲ၊ သဲသဲမဲမဲ အစွဲကြီး စွဲနေကြပါသည်။ မျက်စိဆရာဝန်များက မျက်စိကို အန္တရာယ်ပေးနိုင်ကြောင်း ရေးသားဟောပြောနေကြသော်လည်း နားမဝင်၊ မဆင်ခြင်ကြဘဲ ဖုန်းစွဲနေကြပါသည်။ ဖုန်းအဆိပ်မှိုင်းမိနေကြပြီဟု ပြောဆိုသတိပေးနေကြပါသည်။

သည်တော့ကား အဘယ်မှာလျှင် စာဖတ်ကြပါတော့မည်နည်း။

စာဖတ်အားနည်း၍ ဗဟုသုတနည်း၊ ဗဟုသုတနည်း၍ တိုးတက်မှုနည်းပါက ဘဝတွေလည်း တိုးတက်မှုမရှိကြဘဲ အရာရာတွင် အောက်ကျို့နေကြရမှာ သေချာလှပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၊ မြန်မာလူမျိုးတို့၏ ဂုဏ်ဆောင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်က ကမ္ဘာကြည့် ကြည့်မြင်ကာ "တိုးတက်သောလူမျိုးတို့သည် စာဖတ်ကြသည်၊ စာဖတ်သော လူမျိုးတို့သည် တိုးတက်ကြသည်"ဟု လမ်းညွှန်ခဲ့ပါသည်။

**စာအုပ်စာပေများကို လက်လွှတ်၍မရသေး**

ပုံနှိပ်မီဒီယာခေတ်မဟုတ်တော့ဘူး၊ အိုင်တီခေတ်ရောက်နေပြီဟု မည်သို့ပင်ပြောဆိုနေကြစေကာမူ လက်တွေ့တွင် ပုံနှိပ်မီဒီယာနှင့် မကင်းနိုင်ကြသေးပေ။ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပျံ့နှံ့နိုင်သည်က စာအုပ်စာပေများသာ ဖြစ်ကြပါသည်။ လျှပ်စစ်စွမ်းအား မပြည့်ဝသေးသမျှ၊ နည်းပညာမပြည့်စုံသေးသမျှ စာအုပ်စာပေများကို လက်လွှတ်၍မရသေးပေ။

အရေးကြီးသည်မှာ စာဖတ်ကြရေးပင် ဖြစ်သည်။ စာဖတ်ပျင်းနေကြလျှင် တစ်ဦးချင်းဘဝ တိုးတက်မှုမရှိနိုင်တော့သလို တစ်မိသားစုချင်းမှ တစ်နိုင်ငံလုံးအထိ ဖွံ့ဖြိုးတိုးတက်မှု ကင်းမဲ့သွားပေလိမ့်မည်။ နိုင်ငံနှင့် လူမျိုးကိုပါ ထိခိုက်သွားပေလိမ့်မည်။ လက်ရှိမျက်မှောက်ခေတ်ကာလမှာပင် နည်းပညာများနှင့်ပတ်သက်၍ အခြားနိုင်ငံများကို လိုက်မမီနိုင်သည်များ ရှိနေပါသည်။

လက်ရှိစာဖတ်ရှိန်ကျဆင်းနေချိန်တွင် "ဆရာမြသန်းတင့်" ဘာသာပြန်ထားသော "စာဖတ်ခြင်းနှင့် ကြီးမြတ်သောလူမျိုး"ဆောင်းပါးကို သတိရနေခဲ့ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းဖွဲ့စည်းတည်ထောင်ခြင်း အထိမ်းအမှတ်အဖြစ် "စာဖတ်ခြင်းနှင့် ကြီးမြတ်သောလူမျိုး" လုံးချင်းစာအုပ်ကို ထုတ်ဝေခဲ့ပါသည်။ စာကြည့်တိုက်ဆိုင်ရာဆောင်းပါးများ စုစည်းတင်ဆက်မှုဟု ညွှန်းဆိုထားပါသည်။ ရောင်းချသော စာအုပ်မဟုတ်ဘဲ စာကြည့်တိုက်များသို့ ဖြန့်ဝေသော စာအုပ်ဖြစ်ပါသည်။

ထိုစာအုပ်၏ခေါင်းစီး "စာဖတ်ခြင်းနှင့် ကြီးမြတ်သောလူမျိုး"မှာ ထိုစာအုပ်တွင်ပါဝင်သော ဆရာမြသန်းတင့်၏ ဆောင်းပါးခေါင်းစီးကို အနှစ်သက်ဆုံး အကြိုက်ဆုံးအဖြစ် ရွေ့တန်းတင်ထားခြင်း ဖြစ်ပါသည်။ ထိုဆောင်းပါးကို ပြန်လည်ဖတ်ရှုကြည့်တော့မှ ဂျွန်ရပ်စ်ကင်း(John Ruskin)၏ ခေတ်ကာလရာစုနှင့် လှုံ့ဆော်ချက်အတိအကျကို သိလိုက်ရပါတော့သည်။ ဂျွန်ရပ်စ်ကင်း၏ စာပေစေတနာကို လေးစားချီးကျူးသင့်သည့်နှယ် ဓမ္မနှင့် အဓမ္မကို ခွဲခြားလှုံ့ဆော်ချက်ကား ကြက်သီးထဖွယ်ပင် ကောင်းလှပါသည်။

**လက်ရှိအခြေအနေများနှင့် အံဝင်ခွင်ကျဖြစ်**

အင်္ဂလိပ်စာပေ အနုပညာဝေဖန်ရေးဆရာ၊ ပန်းချီဝေဖန်ရေးဆရာ၊ ဗိသုကာဝေဖန်ရေးဆရာ၊ စာတမ်းရေးဆရာ၊ နိုင်ငံရေးတွေးခေါ်ရှင် ဂျွန်ရပ်စ်ကင်းဟု နာမည်ကျော်ကြားထင်ရှားခဲ့သူဟု မှတ်တမ်းတင်ထားကြသည်။ ဆရာမြသန်းတင့်က ဂျွန်ရပ်စ်ကင်း၏ ဟောပြောလှုံ့ဆော်ချက်များထဲမှ လိုရင်းအချုပ်ကို ကောက်နုတ်ရေးသားဖော်ပြခဲ့ရာ ယနေ့လက်ရှိအခြေအနေများနှင့် အံဝင်ခွင်ကျ ဖြစ်နေပါသည်။

ဂျွန်ရပ်စ်ကင်းဟောပြောခဲ့သည့်အချိန်ကာလမှာ ၁၉ ရာစု၏ ဒုတိယပိုင်းကာလဖြစ်သည်။ ထိုအချိန်က အင်္ဂလန်-နပိုလီယံစစ်ပွဲများ ပြီးဆုံးသွားသဖြင့် ကရိုင်းမီးယားစစ်ပွဲကို ဆင်နွှဲနေချိန်ဖြစ်သည်။ အာဖရိကမှာလည်း စစ်ပွဲများဆင်နွှဲနေချိန် ဖြစ်သည်။ အာရှတိုက်မှာ အာဖဂန်စစ်ပွဲတိုက်ခိုက်နေချိန်ဖြစ်သည်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ အင်္ဂလိပ်-မြန်မာဒုတိယစစ်ပွဲပြီးဆုံးချိန်ဖြစ်သည်။ အရှေ့ဖျားမှာ အင်္ဂလိပ်တို့၏ စစ်ရေးနည်းဗျူဟာတစ်ရပ်ဖြစ်သော ဘိန်းစစ်ပွဲတိုက်နေချိန် ဖြစ်သည်။ တစ်နည်းအားဖြင့်ပြောရလျှင် ဗြိတိသျှအင်ပါယာကြီးကို မီးကုန်ယမ်းကုန် ဂုဏ်ယူဝင့်ကြွားစွာ ချဲ့ထွင်နေချိန်ဖြစ်သည်။

ထိုအချိန်မှာ ဂျွန်ရပ်စ်ကင်းက ကိုယ်ကျိုးကို မငဲ့ဘဲ နိုင်ငံနှင့် လူမျိုးအတွက် ရဲဝံ့ပြတ်သားစွာ ဟောပြောလှုံ့ဆော်ခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါ ဟောပြောချက်များထဲမှ ဆရာမြသန်းတင့်က လိုရင်းအချုပ်ကို ကောက်နုတ်ဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။

"ကြီးမြတ်သောလူမျိုးတစ်မျိုးဟာ ဒီစစ်ပွဲမှာ ဘယ်ဘက်ကမှန်သလဲ၊ ဘယ်ဘက်က မှားသလဲ ဆိုတာ မကြည့်ဘဲ ဒီစစ်ပွဲပြီးရင် ငါတို့ကုန်အရောင်းအဝယ် ဘယ်လိုနေမလဲ။ ငါတို့ အမြတ်တွေ ဘယ်လောက်ရမလဲဆိုတာကိုပဲတွေးပြီး စစ်မြေပြင်မှာ လူငယ်တွေနေ့စဉ်နှင့်အမျှ သေနေကြတာကို လက်ပိုက်ကြည့်မနေဘူး"

ထိုဟောပြောချက်ကို အလေးအနက်ထားပြီး စဉ်းစားကြည့်ကြပါက ယနေ့ကမ္ဘာပေါ်တွင် ဖြစ်ပွားနေကြသော နိုင်ငံအချင်းချင်းစစ်ပွဲများ၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို ထိုနိုင်ငံ၏ ပြည်တွင်းသစ္စာဖောက်လောက်ကောင်များအား မြှောက်ထိုးပင့်ကော်သွေးထိုးလှုံ့ဆော်ပေးကြပြီး ပြည်တွင်းစစ်ပွဲများကို ဖြစ်ပွားစေခြင်းများ၊ တစ်ဖက်လှည့်နှင့် စစ်လက်နက်ပစ္စည်းများ ထောက်ပံ့ရောင်းဝယ်နေကြမှုများ၊ ငါနဲ့မတူ ငါ့ရန်သူ၊ လိုတစ်မျိုး မလိုတစ်မျိုး တစ်ဖက်သတ် ပိတ်ဆို့မှုများ၊ ကြီးနိုင်ငယ်ညှဉ်းရက်စက်မှုများအပါအဝင် မြန်မာနိုင်ငံ၏ ရှည်ကြာနေခဲ့သော ပြည်တွင်းစစ်ကို ဖြစ်ပွားစေခြင်း စသည့် စနစ်ဆိုး၊

စာမျက်နှာ ၁၆ သို့ ❖

**❛ ဓမ္မဘေရီဆရာတော် အရှင်ဝီရိယ၏ ဩဝါဒကို မျှဝေပေးချင်ပါသည်။ "အပြင်မှာ အရောင်တွေလင်းနေဖို့ထက် လူတိုင်းရဲ့ရင်ထဲမှာ အသိဉာဏ်တွေ လင်းနေဖို့က ပိုပြီးအရေးကြီးတယ်။ ကျေးရွာတစ်ရွာမှာ လျှပ်စစ်မီးလင်းရေးထက် စာကြည့်တိုက်တွေထွန်းကားဖို့ အမြန်ကြိုးစားကြဖို့လိုတယ်။ မီးလင်းနေပေမယ့် အိပ်နေသူတွေအတွက် ဘာမျှအကျိုးမရှိနိုင်ဘူး။ စာကြည့်တိုက်ဖွင့်ထားပေမယ့် စာမဖတ်သူတွေအတွက်ကတော့ မှောင်မြဲမှောင်နေဦးမှာပဲ" ဟု မီးမောင်းထိုးပြထားရာ ကိုယ့်ဘဝ ညအလားကွယ် အမှောင်ချထားကြသူများ၊ စာမဖတ်ကြဘဲ အချိန်ဖြုန်းနေကြသူများ အချိန်မီစဉ်းစားပြုပြင်ကြစေချင် ❜**

❖ စာမျက်နှာ ၁၅ မှ
ဝါဒဆိုးကြီးစိုးနေမှုများကို ဂျွန်ရပ်စ်ကင်းက ကြိုတင်၍ မီးမောင်းထိုးပြခဲ့သကဲ့သို့ ခံစားလိုက်ရပါသည်။

"ကြီးမြတ်တဲ့လူမျိုးတစ်မျိုးဟာ သစ်ကြားသီးခြောက်လုံးလောက် ခိုးမိတာနဲ့ ကလေးတွေကို ထောင်ထဲမပို့ဘူး။ ကြီးမြတ်တဲ့လူမျိုးတစ်မျိုးဟာ ဆင်းရဲသားတွေရဲ့စုငွေနဲ့ ချမ်းသာနေကြတဲ့ ဘဏ်သူဌေးကြီးတွေ ခိုးဝှက်နေကြတာကို ဒီအတိုင်း လက်ပိုက်ကြည့်မနေဘူး" လူတန်းစားရပ်တည်ချက်မှန်ကန်ပြီး ဓမ္မနှင့်အဓမ္မကို မီးမောင်းထိုးပြခဲ့သော ဂျွန်ရပ်စ်ကင်းက နိုင်ငံတကာ၏ အနာဂတ်ကိုများ မျှော်မှန်းပြီး ဟောပြောခဲ့လေရော့သလားဟု ကျွန်တော်တွေးတောနေမိပါသည်။

"ကြီးမြတ်တဲ့လူမျိုးတစ်မျိုးဟာ တောင်တရုတ်ပင်လယ်တစ်ဝိုက်မှာ လက်နက်အပြည့်အစုံ တပ်ဆင်ထားတဲ့ သင်္ဘောကြီးတွေနဲ့ အမြောက်တွေ ချိန်ပြီး သူများတိုင်းပြည်ကိုသွားပြီး ဘိန်းရောင်းနေတာကို ဒီအတိုင်းလက်ပိုက်ကြည့်မနေဘူး"

"ကြီးမြတ်တဲ့လူမျိုးတစ်မျိုးဟာ ပိုက်ဆံပေးမလား၊ အသက်ပေးမလားဆိုတဲ့ လမ်းဓားပြတို့ထက် ပိုကဲတဲ့ ပိုက်ဆံရော အသက်ပါပေးလို့ နှစ်ခုစလုံးကို တောင်းနေတဲ့ ဓားပြအကြီးစားတွေ ဓားပြတိုက်နေတာကို ဒီအတိုင်း လက်ပိုက်ကြည့်မနေဘူး"

"ကျွန်တော်တို့တစ်တွေဟာ ဘာဖြစ်လို့ လူတွေစာဖတ်ဖို့အကြောင်းကို ပြောနေရသလဲ။ အခုအခြေအနေမှာ ကျွန်တော်တို့လူမျိုးဟာ စာမဖတ်နိုင်ဘဲဖြစ်နေတယ်။ ဒီလို စိတ်ဓာတ်ပျက်ပြားနေတဲ့ လူမျိုးတစ်မျိုးဟာ စာမဖတ်ချင်ဘဲ ဖြစ်နေတယ်။ ဘယ်လောက်ကြီးကျယ်တဲ့စာရေးဆရာက ရေးခဲ့တဲ့စာပဲဖြစ်စေ၊ စိတ်ဓာတ်ပျက်ပြားနေတဲ့ လူမျိုးတစ်မျိုးဟာ နားဝင်မှာ မဟုတ်ပါဘူး"

"အခုလက်ရှိအခြေအနေမှာ ကျွန်တော်တို့ အင်္ဂလိပ်လူမျိုးဟာ လေးနက်တဲ့အတွေးအခေါ် ပါတဲ့စာတွေကို ဖတ်နိုင်မှာမဟုတ်ဘူး။ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ ဖုံးနေတဲ့အတွက် ဘယ်အတွေးအခေါ်ကိုမှလည်း လက်ခံနိုင်မှာ မဟုတ်ဘူး။ လူမျိုးတစ်မျိုးဟာ စာပေကိုအထင်သေးနေရင်၊ သိပ္ပံပညာကိုအထင်သေးနေရင်၊ အနုပညာကို အထင်သေးနေရင်၊ ဘဝကိုအထင်သေးနေရင်၊ မေတ္တာကရုဏာကိုအထင်သေးနေရင်၊ ပိုက်ဆံနောက်ကိုသာ ငမ်းငမ်းတက်လိုက်နေရင် အဲဒီလူမျိုးဟာ ရေရှည်တည်တံ့နိုင်မှာ မဟုတ်ဘူး"

လက်ရှိကျွန်တော်တို့နိုင်ငံမှာ စာဖတ်အားနည်းနေသည့် အခြေအနေနှင့် ဂျွန်ရပ်စ်ကင်း၏ ဟောပြောချက်သည် ကွက်တိပင်မှန်ကန်နေပါသည်။ အချိန်မီနောင်တရကြစေချင်ပါသည်။ သံဝေဂရပြုပြင်ကြစေချင်ပါသည်။

အင်္ဂလိပ်လူမျိုး ဂျွန်ရပ်စ်ကင်းက သူ့နိုင်ငံအတွက် ခံစားချက်ပြင်းပြင်းပြပြဖြင့် ဟောပြောခဲ့ရာ သူ့နိုင်ငံသူ နိုင်ငံသားတွေကလည်း လက်ခံခဲ့ကြပြီး အချိန်မီပြုပြင်ခဲ့ကြ၊ စာတွေကို ဖတ်ခဲ့မှတ်ခဲ့ကြသောကြောင့် ယနေ့ဗြိတိသျှအင်ပါယာကြီးသည် ခံ့ထည်တည်ငြိမ်အေးချမ်းနေသည်ကို တစ်ကမ္ဘာလုံးက သိနေကြပါသည်။

ဤသည်ကို ဆရာမြသန်းတင့်က "စာဖတ်ခြင်းနှင့် ကြီးမြတ်သောလူမျိုး"ဟု တင်စား အမွှမ်းတင်ခဲ့ခြင်း ဖြစ်ပါသည်။

ယခု ကျွန်တော်တို့နိုင်ငံတွင် ကလေး၊ လူငယ်၊ လူရွယ်၊ လူကြီးအချို့ ဘာတွေလုပ်နေကြပါသနည်း။ စာဖတ်ကြရဲ့လား၊ စာမှတ်ကြရဲ့လား၊ ဖုန်းတွေကိုပဲ သဲသဲမဲမဲ စွဲနေကြသလား။ နိုင်ငံတော်မှ တာဝန်ရှိသူတွေက ကျေးရွာပေါင်း ခြောက်သောင်းကျော်မှာ စာကြည့်တိုက်ပေါင်းများစွာ ဖွင့်လှစ်ပေးခဲ့ပါသည်။ ခရီးသွားလာကြရင်း လက်လှမ်းမီသမျှ ဖတ်ရှုနိုင်ကြစေရန် "စာပေရေချမ်းစင်"များကိုလည်း ငွေမြောက်မြားစွာ အကုန်အကျခံကာ စီစဉ်ပေးခဲ့ကြပါသည်။ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် "စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာမဖတ်သူပပျောက်ရေးလုပ်ငန်းစဉ်"များကိုလည်း စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။

သို့သော် စားဝတ်နေရေး၊ နိုင်ငံရေးအကြောင်းမျိုးစုံပြကာ စာမဖတ်ကြဘဲ အချိန်ဖြုန်းဖုန်းပွတ်နေကြသူတွေက များနေပါသည်။ စာပေမြင့်မှ လူမျိုးတင့်မည်။ စာဖတ်မှ ခေတ်နောက်မကျဘဲ ကြီးပွားမည်ကိုကား သတိလစ်မေ့လျော့နေကြလေရော့သလားဟု မေးလိုက်ချင်ပါသည်။

ဤနေရာတွင် ဓမ္မဘေရီဆရာတော် အရှင်ဝီရိယ၏ ဩဝါဒကို မျှဝေပေးချင်ပါသည်။

"အပြင်မှာ အရောင်တွေလင်းနေဖို့ထက် လူတိုင်းရဲ့ ရင်ထဲမှာ အသိဉာဏ်တွေ လင်းနေဖို့က ပိုပြီးအရေးကြီးတယ်။ ကျေးရွာတစ်ရွာမှာ လျှပ်စစ်မီးလင်းရေးထက် စာကြည့်တိုက်တွေ ထွန်းကားဖို့ အမြန်ကြိုးစားကြဖို့လိုတယ်။ မီးလင်းနေပေမယ့် အိပ်နေသူတွေအတွက် ဘာမျှအကျိုးမရှိနိုင်ဘူး။ စာကြည့်တိုက်ဖွင့်ထားပေမယ့် စာမဖတ်သူတွေအတွက်ကတော့ မှောင်မြဲမှောင်နေဦးမှာပဲ" ဟု မီးမောင်းထိုးပြထားရာ ကိုယ့်ဘဝ ညအလားကွယ် အမှောင်ချထားကြသူများ၊ စာမဖတ်ကြဘဲ အချိန်ဖြုန်းနေကြသူများ အချိန်မီ စဉ်းစားပြုပြင်ကြစေချင်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၁၈ ရက်တွင် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Toe Wai Ag" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ချောင်းနက်(အရှေ့)ကျေးရွာနေ ကိုကိုကြီး(ခ)တိုးဝေအောင်အား နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ဆပ်သွားနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၅-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၂၅ | ၂၇၀၀ | ၂၆၈၀ | ၂၆၃၀ | ၂၇၀၀ | ၂၇၁၅ | ၂၇၂၅ | ၂၆၈၀ | ၂၈၁၅ | ၂၈၄၅ | ၂၆၉၀ | ၂၇၀၅ | ၂၇၄၀ | ၂၇၂၅ | ၂၇၄၀ | ၃၁၄၅ | ၃၆၀၀ |
| 95 Ron | ၂၇၅၀ | ၂၈၂၅ | ၂၈၀၅ | ၂၇၅၅ | ၂၈၂၅ | ၂၈၄၀ | ၂၈၅၀ | ၂၈၀၅ | ၂၉၃၅ | ၂၉၆၅ | ၂၈၁၅ | ၂၈၃၀ | ၂၈၆၀ | ၂၈၅၀ | ၂၈၆၅ | ၃၂၇၀ | ၃၇၀၀ |
| HSD (500 ppm) | ၂၃၄၅ | ၂၄၂၅ | ၂၄၀၀ | ၂၃၅၅ | ၂၄၂၅ | ၂၄၄၀ | ၂၄၅၀ | ၂၄၀၅ | ၂၅၃၅ | ၂၅၆၅ | ၂၄၁၅ | ၂၄၃၀ | ၂၄၆၀ | ၂၄၅၀ | ၂၄၆၀ | ၂၈၇၀ | ၃၆၅၀ |
| HSD (50 ppm) | ၂၃၉၅ | ၂၄၇၅ | ၂၄၅၀ | ၂၄၀၅ | ၂၄၇၅ | ၂၄၈၅ | ၂၅၀၀ | ၂၄၅၅ | ၂၅၈၅ | ၂၆၁၅ | ၂၄၆၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၀၀ | ၂၅၁၀ | ၂၉၂၀ | ၃၇၁၀ |
| HSD (10 ppm) | ၂၃၉၅ | ၂၄၇၅ | ၂၄၅၀ | ၂၄၀၅ | ၂၄၇၅ | ၂၄၈၅ | ၂၅၀၀ | ၂၄၅၅ | ၂၅၈၅ | ၂၆၁၅ | ၂၄၆၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၀၀ | ၂၅၁၀ | ၂၉၂၀ | ၃၇၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၈၈ | ၂၅၇၁ |
| 95 Ron | ၂၆၀၉ | ၂၆၉၅ |
| HSD (500 ppm) | ၂၂၂၀ | ၂၂၉၄ |
| HSD (50 ppm) | ၂၂၆၇ | ၂၃၄၂ |
| HSD (10 ppm) | ၂၂၆၇ | ၂၃၄၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဗန်းမော်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နွေစပါးများ ရိတ်သိမ်း

ဗန်းမော် မေ ၁၉

ကချင်ပြည်နယ် ဗန်းမော်မြို့ နန့်ဖားရပ်ကွက် မြနန်းစံလယ်ယာနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်သည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ပံ့ပိုးငွေရယူ၍ အသင်းသားတောင်သူ ၂၃ ဦးပိုင် နွေစပါးစိုက်ဧက ၁၀၀ တွင် GW –11 မျိုးစိုက်ဧက ၃၀ နှင့် မုရင်းကြီးမျိုးစိုက်ဧက ၇၀ စိုက်ပျိုးခဲ့သည်။

ယခုအခါ အဆိုပါစပါးများ ရိတ်သိမ်းဆောင်ရွက်ရာတွင် GW–11 မျိုး တစ်ဧကလျှင် ပျမ်းမျှတင်း ၁၁၀ မှ ၁၂၀ ကြား၊ မုရင်းကြီးစပါးမျိုး တစ်ဧကလျှင် ပျမ်းမျှတင်း ၉၀ မှ ၉၅ တင်းကြား ထွက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# ၂၀၂၄ ခုနှစ်တွင် ပုဂံယဉ်ကျေးမှုဒေသနှင့် လိုက်ဖက်ညီသည့် လူထုအခြေပြုခရီးသွားလုပ်ငန်းများ ဆွဲဆောင်မှုဖြင့် ခရီးသွားပိုမိုဝင်ရောက်မည်ဟု ခန့်မှန်းထား

ရန်ကုန် မေ ၁၉

မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တို့ စုဝေးရာ ပုဂံယဉ်ကျေးမှုဒေသ၌ ၂၀၂၄ ခုနှစ်တွင် ပုဂံယဉ်ကျေးမှုဒေသနှင့် လိုက်ဖက်ညီသည့် လူထုအခြေပြုခရီးသွားလုပ်ငန်းများ၏ ဆွဲဆောင်မှုဖြင့် ၂၀၂၃ ခုနှစ်ထက် ခရီးသွားပိုမိုဝင်ရောက်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ပုဂံယဉ်ကျေးမှုနယ်မြေသို့ ဧပြီလတွင် ဟိုတယ်နှင့်တည်းခိုခန်းများ၌ တည်းခိုခဲ့သည့် ပြည်တွင်းခရီးသွား ၅၄၈၅၃ ဦး၊ ပြည်ပခရီးသွား ၉၉၃ ဦးဖြင့် ထိုလတွင်ခရီးသွား ၅၅၈၄၆ ဦးဝင်ရောက်တည်းခိုခဲ့ပြီး နေချင်းပြန် ပြည်တွင်း၊ ပြည်ပခရီးသွားများလည်း ဝင်ရောက်ခဲ့သည်။ အဆိုပါဧပြီလတွင် ရွှေစည်းခုံစေတီတော်သို့ ပြည်တွင်းခရီးသွား ၃၅၂၇၁၂ ဦး၊ ဗူးဘုရားသို့ ၁၉၈၉၀၀၊ လောကနန္ဒာဘုရားသို့ ၃၉၄၈၃ ဦးနှင့် ပုပ္ပားတောင်သို့ ပြည်တွင်း၊ ပြည်ပခရီးသွား ၃၂၀၃၁ ဦးဝင်ရောက်ခဲ့သည်။

**အများဆုံးဝင်ရောက်**

ခရီးသွားအများဆုံးဝင်ရောက်ရာ ရွှေစည်းခုံစေတီတော်သို့ ၂၀၂၂ ခုနှစ်တွင် ပြည်တွင်း၊ ပြည်ပခရီးသွား ၁ ဒသမ ၁၈ သန်း ဝင်ရောက်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ၂ ဒသမ ၄၇ သန်း ဝင်ရောက်ခဲ့၍ ပုဂံယဉ်ကျေးမှုဒေသသည် မြန်မာနိုင်ငံတွင် ခရီးသွားအများဆုံးဝင်ရောက်ရာ ဒေသတစ်ခုအဖြစ် ယနေ့တိုင်ရပ်တည်လျက်ရှိရာ ယခုနှစ်ခရီးသွားရာသီတွင် ပုဂံဒေသသို့ ထိုင်း၊ တရုတ်၊ ရုရှားနှင့် အမေရိကန်ခရီးသွားတို့ အများဆုံးဝင်ရောက်ခဲ့ကြောင်း သိရသည်။



"ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန အနေနဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တစ်ခု ဖြစ်တဲ့ ပုဂံဒေသမှာ ပြည်တွင်း၊ ပြည်ပခရီးသွား ဧည့်သည့် ပိုမိုဝင်ရောက်ပြီး ဆွဲဆောင်မှုရှိတဲ့ ခရီးစဉ်ဒေသတွေကိုလည်း ဖော်ဆောင်ထားတာရှိပါတယ်။ ပုဂံဝန်းကျင်မှာရှိတဲ့ ကျောက်မျက်မှော်ဘုရားနဲ့ ကျောက်ရေကန်ဆိုရင်လည်း ခရီးသွားမပြတ်လည်ပတ်နေပါတယ်။ နှစ်ပေါင်း ၉၀၀ ကျော်က ပန်းချီလက်ရာတွေရှိတဲ့ ဇီးဖိုလှကျေးရွာ၊ သျှောင်ပေစူးဆံရစ်ထုံးဖွဲ့မှုရှိတဲ့ စက်စက်ယိုကျေးရွာနဲ့ လူထုအခြေပြု ခရီးသွားလုပ်ငန်း ပြင်ဆင်ထားတဲ့ သဲပြင်တောကျေးရွာကို ပြည်တွင်း၊ ပြည်ပခရီးသွား မပြတ် လည်ပတ်နေပါတယ်။ နိုင်ငံခြားခရီးသွားတွေ သဲပြင်တောကျေးရွာကို သဘောကျတာက ရွှေနတ်တောင်စေတီကနေ နေဝင်ဆည်းဆာအလှကို ကြည့်ရှုခံစားနိုင်လို့ပါ။ ပြီးတော့ နှစ်ပေါင်း ၂၀၀ ခန့်ရှိပြီဖြစ်တဲ့ ရှေးဟောင်းရုပ်စုံကျောင်းနဲ့ အဲဒီကျောင်းကြီးပေါ်မှာရှိတဲ့ ရှေးဟောင်းပစ္စည်းမျိုးစုံကိုလည်း စိတ်ဝင်တစားကြည့်ရှုလေ့လာလေ့ရှိပါတယ်။



"တစ်ဆက်တည်းပဲ ထန်းတောင်သူတို့ရဲ့ဘဝကိုလည်း လေ့လာနိုင်ပါတယ်။ လူထုအခြေပြုခရီးသွားလုပ်ငန်းရှိတဲ့ ကျေးရွာဖြစ်တာကြောင့် နိုင်ငံခြားခရီးသွားတွေမကဘဲ ပြည်တွင်းခရီးသွားအများဆုံးလည်ပတ်တဲ့ နေရာတစ်ခုဆိုရင်လည်း မမှားပါဘူး။ ဒီနှစ် နွေရာသီမှာ ပိုပြီးပူပေမယ့် ခရီးသွားမပြတ်ခဲ့ပါဘူး။ အပူရှိန်သာမပြင်းခဲ့ရင် ခရီးသွားဝင်ရောက်မယ့်သဘောပါ။ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တို့ စုဝေးနေတဲ့ ပုဂံယဉ်ကျေးမှုဒေသဟာ ကျွန်တော်တို့နိုင်ငံအတွက် ဂုဏ်ယူလို့မဆုံးနိုင်တဲ့ ယဉ်ကျေးမှုဒေသတစ်ခုလည်းဖြစ်ပါတယ်။ ပြီးတော့ ရှေးဟောင်းစေတီ၊ ထန်းပင်စုစုနဲ့ ရှေးဟောင်းရေကန်တို့ဟာ ပုဂံဒေသနဲ့ လိုက်ဖက်တဲ့ ရှေးဟောင်းအမွေအနှစ်တစ်ခုပါပဲ။ အထူးသဖြင့် နိုင်ငံခြားခရီးသွားတွေ ပိုပြီးနှစ်သက်ကြမှာပါ။ ဒါကြောင့် မနှစ်ကထက်ဒီနှစ်မှာ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ခရီးသွားပိုပြီးဝင်မယ်လို့ခန့်မှန်းထားပါတယ်" ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းအောင်က ပြောသည်။

**ခရီးသွားပြတ်လပ်မှုမရှိ**

ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသသို့ ၂၀၂၃ ခုနှစ်ထက် ၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် ခရီးသွားမပြတ်ဝင်ရောက်ခဲ့ပြီး သင်္ကြန်ကာလပြီးလ၌ အများဆုံးဝင်ရောက်ခဲ့ကာ မေလ အပူရှိန်ပြင်းထန်ချိန်၌ တစ်ရက်လျှင် ခရီးသွား ၇၀၀ မှ ၈၀၀ ခန့်နှင့် ရုံးပိတ်ရက်တို့၌ ၁၀၀၀ ခန့်အထိ ခရီးသွားပြတ်လပ်မှုမရှိဘဲ ဝင်ရောက်ခဲ့ပြီး မိုးရာသီတွင် ခရီးသွားပြန်လည်စည်ကားမှုဖြင့် နှစ်ကုန်ပိုင်းအထိ ခရီးသွားမပြတ်ကြောင်း သိရသည်။

ကမ္ဘာ့နိုင်ငံတို့တွင် မီးခိုးမထွက်ဘဲ နိုင်ငံအတွက် ဝင်ငွေရရှိနေသည့် ပြည်တွင်းခရီးသွားလုပ်ငန်းများကို ခရီးစဉ်ဒေသများစွာဖော်ဆောင်၍ ဆွဲဆောင်မှုများစွာဖြင့် နိုင်ငံခြားဝင်ငွေ ရရှိလျက်ရှိသည်။ မြန်မာနိုင်ငံတွင် သဘာဝရှုခင်းများ၊ ပင်လယ်ကမ်းခြေအပန်းဖြေစခန်းများ၊ သဘာဝတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများ၊ သဘာဝရေအိုင်ကြီးများ၊ အဏ္ဏဝါအမျိုးသားဥယျာဉ်နှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသတို့ဖြင့် ခရီးစဉ်ဒေသများစွာကြွယ်ဝလျက်ရှိရာ ပုဂံဒေသတွင် လူထုအခြေပြုခရီးသွားလုပ်ငန်းများစွာ ရှင်သန်နေသည့်အပြင် မြန်မာတို့၏ ဖော်ရွေသောအပြုံး၊ ဧည့်ဝတ်ကျေသော ရိုးရာဓလေ့နှင့် ဖြူစင်သောနှလုံးသားတို့ကြောင့် ၂၀၂၄ ခုနှစ်သည် ၂၀၂၃ ခုနှစ်ထက် မြန်မာနိုင်ငံသို့ ခရီးသွား ပိုမိုဝင်ရောက်လာမည်ဟု ခရီးသွားဝန်ဆောင်မှုလုပ်ငန်းရှင်များက ခန့်မှန်းထားကြသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ-ပုဂံရုံးခွဲ

## အိုးဖိုအနောက်ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်းသို့ ရေစည်နှင့် ရေစုပ်စက် လှူဒါန်း

တွံတေး မေ ၁၉

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းဖွင့်ရာသီအမီ ကျောင်းသား ကျောင်းသူများ သောက်သုံးရေ အလွယ်တကူသုံးစွဲနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အိုးဖိုအနောက်ရပ်ကွက်ရှိ အခြေခံပညာ မူလတန်းကျောင်းတွင် လိုအပ်သော ရေစည်နှင့် ရေစုပ်စက်တို့ကို အလှူရှင်နှစ်ဦးတို့က ယနေ့နံနက် ၉ နာရီတွင် အမက(အိုးဖို)ကျောင်း ကျောင်းအုပ်ဆရာမကြီးရုံးခန်း၌ လှူဒါန်းကြသည်။

ဦးစွာ အလှူရှင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးဝင်းမြင့်က အဖွင့်အမှာစကားနှင့် လှူဒါန်းရခြင်း အကြောင်းကို ပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မာလာကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။



ယင်းနောက် လှူဒါန်းပွဲတွင် အလှူရှင် ဦးဝင်းမြင့်မိသားစုက ရေဂါလန် ၅၀၀ ဆံ့ ဖိုက်ဘာရေစည်အားလည်းကောင်း၊ အလှူရှင် သုခမ္မမဏိဇောတဓရ ဦးမင်းမင်းဇော်က CAPACITOR START MOTOR 2HP တစ်စုံအား ကျောင်းအုပ် ဆရာမကြီး ဒေါ်မာလာကြည်ထံ ပေးအပ်လှူဒါန်းခဲ့သည်။ ဆက်လက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအုန်းသိန်းက ကျောင်းအတွင်း ကျောင်းသား ကျောင်းသူ ၂၅၀ ကျော်ရှိပြီး သောက်သုံးရေရရှိရေး ဆောင်ရွက်ထားရှိမှုနှင့် ကျောင်းဖွင့်ရာသီအမီ သုံးရေရရှိရေး ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်အား ဆွေးနွေးခဲ့ကြောင်း သိရသည်။

မျိုးလှိုင် (တွံတေး)

## အုတ်တွင်းမြို့နယ်၌ စာဖတ်ဝိုင်း ကျင်းပ

အုတ်တွင်း မေ ၁၉

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာအုပ်စာစောင်ချစ်မြတ်နိုးသူ အသင်း (Book Club)အဖွဲ့နှင့် ကျောင်းသား ကျောင်းသူများ ပူးပေါင်း၍ လူထုအခြေပြု ဗဟိုဌာနခန်းမ၌ စာရေးဆရာဥဩ(ချယ်ရီမြေ) ရေးသားသည့် "အားလုံးပျော်ပါစေ" ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်း ကျင်းပသည်။



အဆိုပါစာဖတ်ဝိုင်းတွင် စာအုပ်စာစောင်ချစ်မြတ်နိုးသူ အသင်းအဖွဲ့ဥက္ကဋ္ဌ စာရေးဆရာ ဦးခင်မောင်ချို (ကညွတ်ကွင်း)နှင့် တက်ရောက်လာသော စာပေဝါသနာရှင်များက အမြင်ချင်းဖလှယ်ကာ အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး ကျောင်းသား ကျောင်းသူများအား အသိပညာဗဟုသုတ ရရှိရန် ရည်ရွယ်၍ စာအုပ်စာစောင် ပြပွဲနှင့် အသိ ပညာပေးနံရံကပ်စာစောင်များ ပြသပေးခဲ့သည်။

ဆက်လက်၍ အုတ်တွင်းမြို့နယ် စာအုပ်စာစောင်ချစ်မြတ်နိုးသူအသင်းအဖွဲ့ဝင် ဦးမောင်မောင်ညွန့်က မြို့နယ်ပြည်သူ့စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်၊ စာစောင်များအား လှူဒါန်းရာ မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက စာအုပ်စာစောင်များ လက်ခံရယူခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ပညာပန်းများ ပွင့်လန်းဖို့ ကျောင်းအပ်ကြပါစို့

ညွန့်ဝင်း (နတ်တလင်း)

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို ၂၀၂၄ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် စတင်ဖွင့်လှစ်တော့မည် ဖြစ်သည်။ ပညာရေးဝန်ကြီးဌာနက သင်ကြားရေးဝန်ထမ်းများ၊ ကျောင်းအုပ်များ၊ မြို့နယ်ပညာရေးမှူးများနှင့် ပညာရေးဝန်ထမ်းများကို သင်ကြားမှု၊ အုပ်ချုပ်မှုစွမ်းရည်မြှင့်သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပြီဖြစ်သည်။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစ၍ KG မှ Grade 12 အထိ တန်းစေ့ စနစ်သစ်သင်ရိုးပြည့်ဖြင့် စတင်သင်ကြားနိုင်ခဲ့ပြီး ယခုပညာသင်နှစ်တွင် KG+12 ကို တန်းစေ့ စနစ်သစ်ပညာရေးသင်ရိုးဖြင့် ဒုတိယပညာသင်နှစ်အဖြစ် ဖွင့်လှစ်သင်ကြားတော့မည် ဖြစ်သည်။ အဆင့်ဆင့်သော အခြေခံပညာကျောင်းများတွင်လည်း လိုအပ်သော အဆောက်အအုံများကို ဘတ်ဂျက်နှစ်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် နှစ်စဉ်လိုအပ်မည့် ကျောင်းသုံးစာရေးခုံ၊ ထိုင်ခုံနှင့် ပရိဘောဂများ၊ စာအုပ်စာတမ်းများ၊ မူလတန်းအဆင့် ယူနီဖောင်းဝတ်စုံများ၊ သင်ကြားရေး အထောက်အကူပြုပစ္စည်းများ၊ ကျောင်းဖွံ့ဖြိုးမှုရန်ပုံငွေ (School Improvement Funds)များ၊ ကျောင်းကျန်းမာရေး အထောက်အပံ့ အစီအစဉ်များနှင့်အတူ ဆောင်ရွက်ထားပြီဖြစ်သည်။

စနစ်သစ်အခြေခံပညာရေးသင်ခန်းစာများကို အတွေးအခေါ်ပိုင်း၊ အတတ်ပညာပိုင်း ဦးစားပေးစနစ်ဖြင့် ဆွေးနွေးသင်ကြားစစ်ဆေးသွားမည် ဖြစ်သည်။ အနာဂတ်လူငယ်များ ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးနှင့် အလုပ်ခွင်အတွက် ၂၁ ရာစု ကျွမ်းကျင်မှုများ (21st Century Skills) နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills ) လိုအပ်ပါသည်။ သင်ယူမှုအတွက် လိုအပ်သော ကျွမ်းကျင်မှုများကို C – ၅ လုံး (5 C’s) ဟု သတ်မှတ်ထားပါသည်။ ယင်း C–၅လုံးမှာ ပူးပေါင်းဆောင်ရွက်ခြင်း/အုပ်စုဖြင့် လုပ်ငန်းဆောင်ရွက်ခြင်း (Collaboration/ Group Work)၊ ဆက်သွယ်ပြောဆိုခြင်း (Communication)၊ လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း (Critical Thinking and Problem Solving)၊ တီထွင်ဖန်တီးခြင်း (Creativity and Inovation)၊ နိုင်ငံသားကောင်းစိတ်ဓာတ်ရှိခြင်း (Citizenship) တို့ ဖြစ်သည်။ ထို C–၅ လုံးကျွမ်းကျင်မှုများ ရရှိအောင် သင်ကြားပေးခြင်းဖြင့် ကျောင်းသားလူငယ်များကို အုပ်စုဖြင့် လုပ်ငန်းပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်တတ်ပြီး အတွေးအခေါ်များ မျှဝေခြင်းနှင့် အဖြေရအောင် အတူရှာဖွေတတ်သည့် ကျွမ်းကျင်မှုများ၊ အချင်းချင်းနှုတ်အားဖြင့် ကိုယ်ဟန်အမူအရာအားဖြင့် ဆက်သွယ်ခြင်း၊ စာဖတ်ခြင်း၊ စာရေးခြင်း၊ စကားပြောခြင်း၊ နားထောင်ခြင်း စသည့်ကျွမ်းကျင်မှုများ၊ ပြဿနာများ၏အဖြေများကို ရှာဖွေနိုင်ခြင်းနှင့် အမှားပြင်ဆင်နိုင်ခြင်း ကျွမ်းကျင်မှုများ၊ အတွေးအခေါ် အယူအဆသစ်များ ရှာဖွေခြင်းနှင့် ပြဿနာများကို ဖြေရှင်းတတ်ရန် ဘောင်ခတ်ထားသည့် အခြေအနေမှ ပြင်ပသို့ထွက်၍ တွေးခေါ်နိုင်ခြင်း ကျွမ်းကျင်မှုများ၊ ကျောင်းလူမှုအဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ခြင်း၊ တရားမျှတခြင်းနှင့် ပဋိပက္ခဖြေရှင်းမည့် စိတ်ဓာတ်ရှိခြင်း ကျွမ်းကျင်မှုများ ရရှိမည်ဖြစ်သည်။




**“အခြေခံပညာကျောင်းများသို့ အပ်နှံသင်ကြားနိုင်ရေးအတွက် မိဘများနှင့် ကျောင်းသား ကျောင်းသူများကို နိုင်ငံတော်အစိုးရက များစွာကူညီထောက်ပံ့ပေးလျက်ရှိသည်။ အခြေခံပညာကဏ္ဍ၏ ပညာရေးအဆောက်အအုံ လိုအပ်ချက်များ၊ စာအုပ်စာတမ်းနှင့် စာရေးကိရိယာများ၊ ကျောင်းအလိုက် ပညာရေးဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေများကို ပထမအကြိမ်၊ ဒုတိယအကြိမ်ဟူ၍ ပညာသင်နှစ်တစ်နှစ်လျှင် နှစ်ကြိမ် ခွဲခြားသတ်မှတ် ပေးအပ်ထောက်ပံ့လျက်ရှိရာ ဆင်းရဲချမ်းသာ လူတန်းစားမရွေး အခြေခံပညာကို သင်ယူနိုင်ပေသည်။ အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအားလုံး အခမဲ့ပညာရေးစနစ်ဖြင့် သင်ကြားပေးနိုင်ရန် စီမံထားခြင်းဖြစ်၍ ကျောင်းသား ကျောင်းသူတိုင်း မပူမပင်မကြောင့်မကြ တက်ရောက်သင်ယူနိုင်”**

အခြေခံပညာကျောင်းများ အချိန်နှင့် တစ်ပြေးညီ ဖွင့်လှစ်နိုင်ရန် ပညာရေးဝန်ကြီးဌာနက စီမံဆောင်ရွက်မှုများ အဆင်သင့်ပြုလုပ်ထားပြီဖြစ်သည်။ ထိုသို့ စီမံဆောင်ရွက်မှုများတွင် အခြေခံပညာကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံရေး စီမံချက်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ မေလ ၂၃ ရက်နေ့မှ ဇွန်လ ၃ ရက်နေ့အထိ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ်သတ်မှတ်ပြီး ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံနိုင်ရေး နှိုးဆော်ဆောင်ရွက်လျက်ရှိပါသည်။ ဇွန်လ ၃ ရက်နေ့တွင် နယ်မြေအေးချမ်းသာယာသည့်ဒေသရှိ အခြေခံပညာကျောင်းအားလုံး ဖွင့်လှစ်သင်ကြားနိုင်ရန် အဆင့်ဆင့် တာဝန်ယူဆောင်ရွက်နေပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံသားတို့၏ ပညာရည်ဖွံ့ဖြိုးမှုတိုးတက်မှု အပေါ်တွင် များစွာမူတည်သည်။ ပညာမြင့်မှ လူမျိုးတင့်မည်မှာ အမှန်ပင်ဖြစ်သည်။ ထို့ကြောင့် ပညာမြင့်ရန် ပညာရေး၏ နိဒါန်းအစဖြစ်သော အခြေခံပညာရေးမှစ၍ စနစ်တကျ မြှင့်တင်ဆောင်ရွက်နေပါသည်။ ကျွန်ုပ်တို့နိုင်ငံ၏ မျိုးဆက်တစ်ခုလုံး ပညာရည်မြင့်မားမှသာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံလူ့ဘောင်ကို ဖော်ဆောင်နိုင်ပေမည်။ တစ်မျိုးသားလုံး ပညာရည်မြင့်မားအောင်ဆောင်ရွက်ရာ၌ အခြေခံပညာရေးသည် ပဓာနကျသည်။ အခြေခံပညာရေးသည် ပညာရေးအဆောက်အအုံကြီး၏ အခြေခံအုတ်မြစ်ဖြစ်သည်။ အခြေခံပညာရေး အုတ်မြစ်ခိုင်မာတောင့်တင်းမှသာ တစ်သက်တာပညာရေး အဆောက်အအုံကြီး တိုးတက်ကောင်းမွန်နိုင်ပေသည်။ အစကောင်းမှ အနှောင်းသေချာဆိုသကဲ့သို့ အခြေခံပညာရေး ပြည့်ဝကောင်းမွန်အောင် နိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ထမ်းများ၊ မိဘပြည်သူများ၊ ကျောင်းသား ကျောင်းသူများက အခြေခံပညာရေးကို တိုးတက်အောင်မြင်အောင် ဟန်ချက်ညီညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရပေမည်။ တစ်ယောက်အားဖြင့် ယူသော်မရ၊ တစ်သောင်းအားဖြင့် ယူသော်ရ၏ဆိုသကဲ့သို့ အားလုံး ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုလျှင် အခြေခံပညာကဏ္ဍ ပညာရေးရည်မှန်းချက်များ အောင်မြင်တိုးတက်လာမည် ဖြစ်သည်။

ပညာနှင့်ပတ်သက်၍ မြန်မာအဘိဓာန်၌ ခွဲခြမ်းသိမြင်နိုင်သော အသိဉာဏ်၊ အတတ်ဟူ၍ ပညာကို ဖွင့်ဆိုထားပါသည်။ စာသည် ပညာမဟုတ်သော်လည်း စာတတ်မှသာ ပညာရပ်များကို လေ့လာသင်ယူနိုင်သည်။ အသိပညာ၊ အတတ်ပညာများကို လိုသလို လေ့လာနိုင်သည်။ ထိုသို့လေ့လာသင်ယူနိုင်မှ အသိပညာ၊ အတတ်ပညာများ မြင့်မားတိုးတက်လာမည်။ အသိပညာမြင့်မားသည်နှင့် အကောင်းအဆိုး၊ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်သည်။ မှန်ကန်သော အတွေးအခေါ်နှင့် မှန်ကန်သော လုပ်ရပ်ကို လုပ်ကိုင်နိုင်သည်။ ထို့ကြောင့် အခြေခံပညာရေးတွင် သင်ကြားလေ့ကျင့်ပေးမည့် ဘာသာရပ်များ (စာပေများ)သည် ကျောင်းသား ကျောင်းသူတိုင်း မဖြစ်မနေသင်ယူရမည့် ဘဝလိုအပ်ချက်များဖြစ်သည်။ ပညာတတ်သူ၏ အတွေးအခေါ်၊ လုပ်ရပ်များသည် ပညာမတတ်သူ၏အတွေးအခေါ်၊ လုပ်ရပ်များနှင့် မတူနိုင်ပေ။ ပညာတတ်သူသည် အကြောင်းကိစ္စတစ်ခုကို တွေ့ကြုံရင်ဆိုင်ရသည့်အခါ အခြေအမြစ်ကျကျ လေ့လာ၍ စဉ်းစားတွေးခေါ်သည်။ ၎င်းမှရရှိသည့် အချက်အလက် အတွေးအခေါ်များအပေါ် မူတည်၍ အမှန်အမှား ခွဲခြမ်းစိတ်ဖြာသည်။ အမှန်အမှားခွဲခြားပြီးနောက် အမှားကိုပယ်ပြီး အမှန်လမ်းစဉ်အတိုင်းလျှောက်လှမ်း၍ မှန်သော အလုပ်များကို လုပ်ကိုင်သည်။ ထို့ကြောင့် ထိုသူ၏ ဘဝသည် တိုးတက်မြင့်မားလာသည်။ ပညာမတတ်သူသည် အကြောင်းကိစ္စမှန်သမျှကို ဂဃနဏ မစဉ်းစားမတွေးခေါ်နိုင်။ ထိုသို့ မတွေးခေါ်နိုင်သဖြင့် အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်း၊ ဆုံးဖြတ်နိုင်စွမ်းမရှိချေ။ ထို့ကြောင့် အရာရာကို စဉ်းစားတွေးတော ဆင်ခြင်မှုမလုပ်တော့ဘဲ ဆင်ကန်းတောတိုးပြုမူလုပ်ကိုင်သည်။ ဟုတ်လေနိုးနိုး မှန်လေနိုးနိုးဖြင့် မှန်းဆရမ်းရော်လုပ်ကိုင်၍ အလွဲလွဲအမှားမှားတို့ဖြစ်ကာ အောင်မြင်တိုးတက်သောဘဝကို မရချေ။

မိဘတို့သည် သားသမီးတို့ကို မွေးဖွားပေးရုံ၊ ကျွေးမွေးစောင့်ရှောက်ပေးရုံနှင့် တာဝန်မကျေပါ။ မိမိ၏ သားသမီးကို လိမ္မာယဉ်ကျေးအောင်၊ အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံအောင် လမ်းညွှန်သင်ကြားပေးနိုင်ရမည်။ တစ်နည်းအားဖြင့် အသိပညာ၊ အတတ်ပညာ အရည်အသွေးမြင့်မားပြီး အောင်မြင်သောဘဝကို တည်ဆောက်နိုင်သူဖြစ်အောင် သင်ယူလေ့ကျင့်စေရမည်။ ထိုသို့ သင်ယူလေ့ကျင့်နိုင်ရန် အခြေခံကျသောပညာရေးသည် အလွန်အရေးပါသည်။ ထို့ကြောင့် ပညာရယူနိုင်မှု၏ နည်းလမ်းအခြေခံဟု ဆိုနိုင်သော အခြေခံပညာရေးကို သင်ယူတတ်မြောက်နိုင်အောင် မိမိ၏သားသမီးကို အချိန်မီကျောင်းပို့နိုင်ရေးသည် မိဘတိုင်း လုပ်ဆောင်ရမည့် တာဝန်ဖြစ်သည်။ အခြေခံပညာကျောင်းများသို့ အပ်နှံသင်ကြားနိုင်ရေးအတွက် မိဘများနှင့် ကျောင်းသား ကျောင်းသူများကို နိုင်ငံတော်အစိုးရက များစွာကူညီ ထောက်ပံ့ပေးလျက်ရှိသည်။ အခြေခံပညာကဏ္ဍ၏ ပညာရေးအဆောက်အအုံ လိုအပ်ချက်များ၊ စာအုပ်စာတမ်းနှင့် စာရေးကိရိယာများ၊ ကျောင်းအလိုက် ပညာရေးဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေများကို ပထမအကြိမ်၊ ဒုတိယအကြိမ်ဟူ၍ ပညာသင်နှစ်တစ်နှစ်လျှင် နှစ်ကြိမ် ခွဲခြားသတ်မှတ်ပေးအပ် ထောက်ပံ့လျက်ရှိရာ ဆင်းရဲချမ်းသာ လူတန်းစားမရွေး အခြေခံပညာကို သင်ယူနိုင်ပေသည်။ အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအားလုံး အခမဲ့ပညာရေးစနစ်ဖြင့် သင်ကြားပေးနိုင်ရန် စီမံထားခြင်းဖြစ်၍ ကျောင်းသား ကျောင်းသူတိုင်း မပူမပင်မကြောင့်မကြ တက်ရောက်သင်ယူနိုင်ပါသည်။ နိုင်ငံတော်က မေလ ၂၃ ရက်နေ့မှ ဇွန်လ ၂ ရက်နေ့အထိ ယခုနှစ်ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ပေးထားပါသည်။ ထို့ကြောင့် အုပ်ထိန်းသူမိဘတို့၏တာဝန်မှာ မိမိတို့၏ သားသမီးများ အနာဂတ်အရေးကို တွေးခေါ်မြော်မြင်လျက် မှန်ကန်သော အသိအမြင်များနှင့်အချိန်မီ ကျောင်းအပ်နှံ၍ ပညာသင်ကြားစေရန်သာရှိပေသည်။

မြန်မာနိုင်ငံ နယ်ချဲ့တိုင်းတစ်ပါးလက်အောက်ကျရောက်ခဲ့စဉ်က မြန်မာ့ပညာရေးကို ဖိနှိပ်ခံခဲ့ရသည်။ ပညာသင်လိုသူတိုင်းပညာသင်ခွင့်မရှိပေ။ နယ်ချဲ့တို့ကလည်း မြန်မာတို့ ပညာတတ်မည်ကို မလိုလားပေ။ ပညာတတ်၍ အသိဉာဏ်ပွင့်လင်းလာပါက မိမိတို့ကို ပြန်လည်ခုခံခြင်း၊ ဖိနှိပ်အုပ်ချုပ်မရခြင်းတို့ဖြစ်မည်ကို နယ်ချဲ့တို့သိသောကြောင့် ဖြစ်သည်။ သို့သော်လည်း မျိုးချစ်မြန်မာတို့က အမျိုးသားကျောင်းများတည်ထောင်၍ ပညာသင်ခဲ့ကြသည်။ ပညာတတ်မှ သူ့လက်အောက်မကျမည်ကို မြန်မာတို့ ကောင်းကောင်းသိခဲ့ကြသည်။

**စာမျက်နှာ ၁၉ သို့** ✳

# မကွေးမြို့၌ ရေနံမြေသခင်ဖိုးလှကြီးဖလား အလွတ်တန်းဖိတ်ခေါ် (အမျိုးသား)ဘောလုံးပြိုင်ပွဲ ကျင်းပမည်၊ ပထမဆုရအသင်းအား ငွေကျပ် သိန်း ၁၀၀ ချီးမြှင့်မည်

မကွေး မေ ၁၉

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မကွေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် ရေနံမြေသခင်ဖိုးလှကြီး ဖလား အလွတ်တန်းဖိတ်ခေါ် (အမျိုးသား) ဘောလုံးပြိုင်ပွဲကို မေ ၂၅ ရက်မှ စတင်ပြီး မကွေးတိုင်းဒေသကြီး ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်သည်။

မကွေးမြို့၌ ကျင်းပမည့် ရေနံမြေသခင်ဖိုးလှကြီးဖလား အလွတ်တန်းဖိတ်ခေါ် (အမျိုးသား) ဘောလုံးပြိုင်ပွဲ (ရှုံး/ထွက်)ပွဲစဉ်များအတွက် အနယ်နယ်အရပ်ရပ်မှ ပြိုင်ပွဲဝင်မည့်အသင်းများအနေဖြင့် မေ ၂၁ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်ပြီး ဘောလုံးပြိုင်ပွဲကို မေ ၂၅ ရက်မှ စတင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယင်းပြိုင်ပွဲသည် အလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲဖြစ်သည့်အတွက် အသက်အရွယ် ကန့်သတ်ထားခြင်းမရှိဘဲ မည်သည့် ကလပ်အသင်းများမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း၊ ပြိုင်ပွဲဝင်အသင်း အရေအတွက်ကို ၁၆ သင်း သတ်မှတ်ထားသော်လည်း စာရင်းလာရောက်ပေးသွင်းသည့် ပြိုင်ပွဲဝင်အသင်းတိုင်း ပါဝင်ယှဉ်ပြိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းအောင်က ပြောသည်။

အဆိုပါပြိုင်ပွဲတွင် ပထမဆုရရှိသော ချန်ပီယံအသင်းအား ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၁၀၀ နှင့် ဒုတိယဆုရရှိသောအသင်းအား ငွေကျပ် ၇၅ သိန်း ချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကျင်းပစဉ်ကာလတွင် ပြိုင်ပွဲဝင်အသင်းများအားလုံးကို ထောက်ပံ့မှုအဖြစ် တိုင်းဒေသကြီးပြင်ပမှ လာရောက်ယှဉ်ပြိုင်ကြမည့် အဝေးသင်းများကို ကန်မည့်နေ့တိုင်း ငွေကျပ် ၇ သိန်းနှုန်း၊ တိုင်းဒေသကြီး အတွင်းမှ လာရောက်ယှဉ်ပြိုင်ကြမည့် အနီးသင်းများကို ကန်မည့်နေ့တိုင်း ငွေကျပ် သုံးသိန်းနှုန်းဖြင့် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**



## ကျိုက်ထိုမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်း ဆွေးနွေးပွဲပြုလုပ်

ကျိုက်ထို မေ ၁၉

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမျိုးသမီးများအသင်း(Woman Club)တို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းအဖြစ် စာရေးဆရာ ဒေါက်တာခင်မောင်ညို ရေးသားသည့် “လူငယ်နှင့် အကောင်းဆုံးသောဘဝကိုတည်ဆောက်ခြင်း” စာအုပ်ဖြင့် စာဖတ်ဝိုင်း ဆွေးနွေးပွဲကို မေ ၁၇ ရက်က မြို့နယ်ရုံးလူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က စာဖတ်ရှိန်မြှင့်တင်ရေးအဖြစ် စာဖတ်သည့်အလေ့အကျင့်များ ရရှိစေရန်၊ စာပေမှတစ်ဆင့် အသိပညာ ဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ စာဖတ်ဝိုင်း ဆွေးနွေးပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် Woman Club အမျိုးသမီးများအသင်းမှ အဖွဲ့ဝင်များက အဆိုပါစာအုပ်မှ လူငယ်နှင့် အမှား၊ လူငယ်နှင့် အောင်မြင်ခြင်း၊ လူငယ်နှင့်စူးစမ်းစိတ်၊ လူငယ်နှင့်အလှအပ စသည့် ခေါင်းစဉ်များကို ကဏ္ဍအလိုက် ဖတ်ကြားဆွေးနွေးရာ တက်ရောက်လာကြသူများက အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဆောင်ရွက်ခြင်းဖြင့် Woman Club အဖွဲ့ဝင်များအနေဖြင့် စာဖတ်ခြင်းဖြင့် အမှားအမှန်ကို ဝေဖန်ပိုင်းခြားတတ်စေရန်၊ အစုအဖွဲ့အတွင်း ပါဝင်ဆွေးနွေးတတ်သည့်အလေ့အကျင့်များရရှိစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

## ညောင်ရွှေမြို့နယ်၌ မဲခေါင်-လန်ချန်းစီမံကိန်းဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး



ညောင်ရွှေ မေ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေးရရှိစေရန် ရည်ရွယ်၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေများဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို မေ ၁၇ ရက် နံနက်ပိုင်းက သလဲဦးကျေးရွာအုပ်စု ကွမ်းခြံ (ထက်+အောက်)ကျေးရွာများ၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ ညွှန်ကြားရေးမှူး ဦးကြည်စော၊ ညွှန်ကြားရေးမှူး ဒေါက်တာ ဇာနည်မင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ကွမ်းခြံ (ထက်+အောက်)ကျေးရွာများတွင် အရှည် ၂မိုင်၃ ဖာလုံရှိ စိမ့်စမ်းရေသွယ်တန်းခြင်း၊ ရွာတွင်း ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ဂါလန်၁၀၀၀၀ ဆံ့ ရေစစ်ကန်၊ ရေစုကန်တည်ဆောက်ခြင်းနှင့် ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် က အဆိုပါကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာမှ တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကွမ်းခြံ (ထက်+အောက်) ကျေးရွာများတွင် အဆိုပါ ရေရရှိရေးလုပ်ငန်းများကို မဲခေါင်-လန်ချန်းစီမံကိန်း အထူးရန်ပုံငွေကျပ် ၁၀၁ ဒသမ ၉၇ သန်းဖြင့် တင်ဒါအောင်မြင်သည့် ခိုင်ပဒေသာထွန်းကုမ္ပဏီက ယခုနှစ် ဖေဖော်ဝါရီလ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၈၃ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။ ၂၂၂

## ယခုနှစ် ပေါင်မြို့နယ်ဒေသထွက် ရာသီစာမင်းကွတ်သီးများ ဈေးကောင်းရရှိ

ပေါင် မေ ၁၉

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် ဒေသထွက်ရာသီစာမင်းကွတ်သီးများ ယခုနှစ်ပေါ်ဦးပေါ်ဖျားချိန်ကတည်းက ဈေးကောင်းရရှိနေတာကြောင့် ခြံပိုင်ရှင်များ အဆင်ပြေကြကြောင်း အရောင်းဒိုင်များထံမှ သိရသည်။

“ ဒီနှစ် စခူးတဲ့အချိန်ကတည်းက ဈေးကောင်းရတယ်။ အခုချိန်ထိလို့ပြောလို့ရတယ်။ ဈေးကွက်မှာလည်း အရောင်းအဝယ်ရှိတော့ ဒီဘက်ဒေသထွက် မင်းကွတ်ရသလောက်ပွဲရုံက ယူနေတယ်။ အခုက ရာသီဥတု အလွန်ပူတယ်။ မင်းကွတ်က အအေးဓာတ်စာဆိုတော့ ဝယ်စားကြတာလည်းပါတယ်။ ဒီနှစ်က ခြံပိုင်ရှင်တွေအတွက် အဆင်ပြေတဲ့နှစ်လို့ပဲ ပြောရမယ်”ဟု မင်းကွတ်သီးအရောင်းဒိုင်တစ်ဦးက ပြောသည်။

ရာသီစာမင်းကွတ်ကို မွန်ပြည်နယ်ရှိမြို့နယ်အများစုတွင် စိုက်ပျိုးကြပြီး ထွက်ရှိသော မင်းကွတ်သီးများကိုဒေသတွင်းစားသုံးရောင်းချမှုများအပြင် အလုံး ၁၅၀ ပါပလတ်စတစ်ခြင်းများဖြင့် ထုပ်ပိုးကာ ရန်ကုန်ပွဲရုံနှင့် မန္တလေးတို့ကို အဓိကတင်ပို့ ရောင်းချကြောင်း ပေါင်မြို့နယ်အရောင်းဒိုင်များမှ သိရသည်။

ဒေသထွက် မင်းကွတ်သီးကို တောင်ပေါ်သီးနှင့် ရွာသီးဟု ဒေသအတွင်း ခွဲခြားထားပြီး တောင်ပေါ်သီးမှာ ရွာသီးထက် အလုံးပိုကြီးသော်လည်း အခွံထူကာအချဉ်ဓာတ်နည်းနည်းဖောက်ပြီး ရွာသီးမှာအခွံပါးကာပိုချို၍ ဈေးနှုန်းအတူတူပင်ဖြစ်ကြောင်း မင်းကွတ်ခြံပိုင်ရှင်များထံမှ သိရသည်။ **မွန်မလေး(ပြန်/ဆက်)**

❐ **မြန်မာအမျိုးသမီးလိဂ်မှ**

ပွဲစဉ် (၃) အပြီးတွင် အား/ကာသိပ္ပံအသင်းက သုံးပွဲကစား ခုနစ်မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက သုံးပွဲကစား ခြောက်မှတ်၊ မြဝတီအသင်းက သုံးပွဲကစား လေးမှတ်၊ ရှောဝတီအသင်းက နှစ်ပွဲကစား လေးမှတ်၊ YREO အသင်းက နှစ်ပွဲကစား သုံးမှတ်၊ သစ္စာအားမာန်အသင်းက သုံးပွဲကစား တစ်မှတ်၊ ရှမ်းယူနိုက်တက်အသင်းက နှစ်ပွဲကစား နှစ်ပွဲရှုံး အမှတ်မရသေးပေ။

**ကိုညီလေး**

✪ **ကျောဖုံးမှ**

အုပ်စုနောက်ဆုံးပွဲများကို မေ ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုံးယောက်တွဲပြိုင်ပွဲအဖြစ် မြန်မာအသင်းသည် ဂျပန်အသင်းနှင့် ကစားရမည်ဖြစ်သည်။ ကွာတားဖိုင်နယ်နှင့် ဆီမီးဖိုင်နယ်ပွဲများကို မေ ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

✳ **စာမျက်နှာ ၁၈ မှ**

ထို့ကြောင့် မြန်မာတိုင်းရင်းသားတိုင်း ပညာသင်ကြားနိုင်ရေး လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်ကို သမိုင်းတွင် တွေ့နိုင်သည်။ ယနေ့အချိန်တွင်လည်း ပြည်တွင်း၊ ပြည်ပ အဖျက်သမားများက ကျောင်းများ မဖွင့်နိုင်အောင်၊ ကလေးသူငယ်များ ထိတ်လန့်ကြောက်ရွံ့အောင် မမှန်မကန် ကောလာဟလ သတင်းများဖြန့်၍ ကျောင်းမတက်စေရန်၊ ကလေးအများစု ကျောင်းမရောက်စေရန် ဖန်တီးလှုံ့ဆော်လျက်ရှိသည်။ နိုင်ငံတော်ကလည်း ပညာသင်ကြားရေးကို ခြိမ်းခြောက်လျက်ရှိသော အဖျက်ရန်မှန်သမျှကို တပ်မတော်နှင့် ပြည်သူလက်တွဲလျက် ချေမှုန်းဖယ်ရှားလျက်ရှိသည်။ နယ်မြေတည်ငြိမ်အေးချမ်းမှု မရှိသော ဒေသများကိုလည်း တည်ငြိမ်အေးချမ်းမှု ရရှိကာ ပညာရေးနှင့် အခြားလူမှုစီးပွားရေးပုံမှန်လည်ပတ်နိုင်ရန် အထူးအလေးထား ဆောင်ရွက်လျက်ရှိသည်။ မိဘပြည်သူများသည် အဖျက်သမားများ၏ ဖျက်လိုဖျက်ဆီးဉာဏ်ဖြင့် ကောလာဟလ ထုတ်လွှင့်ခြင်း၊ ပညာသင်ကြားရေးနှောင့်နှေးအောင် ပြုမူကြံစည်ခြင်းတို့ကို စည်းလုံးညီညွတ်သောအသိ၊ တွေးခေါ် မြော်မြင်တတ်သောအသိတို့ဖြင့် ထိုးဖောက်ကာ မပျက်မကွက် ပညာသင်ကြားနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းကြရပေမည်။

မကြာမီကာလတွင် ဝသန်ကာလ မိုးဦးကျအချိန်သို့ ရောက်ရှိလာတော့မည် ဖြစ်သည်။ မုတ်သုံမိုးများလည်း အေးချမ်းအောင် ဆွတ်ဖျန်းရွာသွန်းတော့မည်ဖြစ်သည်။ မိုးရေဆွတ်ဖျန်းမှုကြောင့် သစ်ပင်ပန်းမာလာတို့သည် ရွက်နုရွက်သစ်များ အစီအရီထွက်လာကြတော့မည်ဖြစ်သည်။ မကြာမီ အရောင်အသွေးစုံသော၊ ရနံ့သင်းသော ပန်းကလေးများအဖြစ် ဖူးပွင့်လာကြတော့မည်ဖြစ်သည်။ ထို့အတူ အနာဂတ်၏ လောကအလှကို ဆင်ယင်ပေးမည့် ပန်းကလေးများဖြစ်သည့် ကျွန်ုပ်တို့၏ ရင်သွေးငယ်တို့သည်လည်း ဩဇာနို့ရည်ဖြစ်သော ပညာရည်နို့များ သောက်စို့ခွင့်ရကာ အလှဆုံးပန်းကလေးများအဖြစ် ရှင်သန်ဖူးပွင့် လာကြပေတော့မည်ဖြစ်ရာ အဖျက်အမှောင့်ပိုးမွှားများ ကင်းရှင်းစွာဖြင့် ရှင်သန်ဖူးပွင့်လာနိုင်စေရန် အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် မိဘဆရာပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းအားဖြည့်ကူညီ၍ လှုပ်ရှားဆောင်ရွက်ကြပါစို့ဟု နှိုးဆော်တိုက်တွန်းလိုက်ရပေသည်။ ။

**ကိုးကား -**

**၁။ ပညာရေးဌာန ညွှန်ကြားချက်များ။**

**၂။ ကျောင်းအပ်နှံရေး စီမံချက်များ။**

မြန်မာနိုင်ငံတစ်ဝန်းရှိ Grade-12 ကျောင်းသား၊ ကျောင်းသူများအတွက် သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့်ဘာသာရပ်ဆိုင်ရာ ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသားကြီးကြပ်တည်းဖြတ်ထားသည့် Grade-12 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ဘောဂဗေဒ၊ ဘာသာရပ်များကို Grade-12 (တက္ကသိုလ် ဝင်တန်း) ကျောင်းသား၊ ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။

ကြေးမုံစာတည်းအဖွဲ့

## မြန်မာစာ

ပါမောက္ခ ဒေါက်တာဖော်

၆ - ၅- ၂၀၂၄ ရက်နေ့မှအဆက်-

ဒီတစ်ပတ်မှာတော့ ကဗျာသင်ခန်းစာနဲ့ ပတ်သက်ပြီး ဆွေးနွေးကြရအောင်။ ကဗျာ ၈ ပုဒ်တိတိ သင်ကြားရမှာဖြစ်ပြီး ကဗျာတစ်ပုဒ်စီရဲ့စာဆို၊ ရေးဖွဲ့ခဲ့သည့်ခေတ်၊ ကဗျာ အမျိုးအစားဆိုတဲ့ အချက် ၃ ချက်ကို ပိုင်ပိုင်နိုင်နိုင်ဖြစ်အောင် နှစ်စကတည်းက လေ့လာမှတ်သားထားရပါမယ်။

အလွယ်ကျက်မှတ်ဖို့ လင်္ကာ။

**ကဗျာမှတ်စရာ လင်္ကာတို**

၁- "ပေါ်နွေလလျှင်" နတ်ရှင်နောင်
တောင်ငူခေတ်ရဲ့ ရတုဂုဏ်ဆောင်၊
၂- ညောင်ရမ်းခေတ်က ရှင်ဥဩမ်းမယ်
အိုင်ချင်းရေးဖွဲ့ "ငှါကိုလွယ်"။
၃- မှတ်ဖွယ်မှတ်ရာ "သြဝါဒ"
ကုန်းဘောင်ခေတ်ပျို့ ဦးသြဇာ။
၄- ဦးကျော်လှရဲ့ သံချိုကဗျာ
ကုန်းဘောင်ခေတ်နှောင်း "ပေါင်းရှစ်"ပါ၊
၅- "အညာမင်္ဂလာ " ဆရာမှိုင်းကြီး
ကိုလိုနီခေတ်လေးချိုးကြီး။
၆- အချိုးတွဲပြီး ဆရာဇော်ဂျီ
ကမ္ဘာဇကဗျာ ကိုလိုနီ၊
၇- လက်ဖက်ရည် ဗန်းမော်ညိုနွဲ့
လွတ်လပ်ရေးခေတ် လင်္ကာကွဲ့။
၈- တက္ကသိုလ်တောသားရဲ့ "ပဒေသာ"
မျက်မှောက်ခေတ်ကဗျာ သံပေါက်ပါ၊
၉- ဖတ်ပါ မှတ်ပါ ဤသုံးချက်
စာဆို၊ ခေတ်နဲ့ အမျိုးအစား ဖြစ်လေရဲ့။

တစ်ခုသတိထားဖို့လိုတာက ကဗျာရေးဖွဲ့ခဲ့တဲ့ ကာလကိုခေတ်နဲ့ရော ရာစုနှစ်နဲ့ပါ ဖော်ပြထားခြင်းပါ။ နှစ်မျိုးလုံးကို မှတ်သားထားကြရပါမယ်။ ကဗျာသင်ခန်းစာ ၈ ပုဒ်ကို အစဉ်လိုက်ပြဋ္ဌာန်းပေးထားတဲ့အတိုင်း မှတ်ထားရင် လွယ်ကူပါတယ်။ ပထမဆုံးသင်ရတဲ့ "ပေါ်နွေလလျှင်"ကဗျာက ၁၆ ရာစု၊ "ငှါကိုလွယ်အမယ်ကြီး"နဲ့ သြဝါဒထူးပျို့က ၁၈ရာစု၊ ကျန် (၄) ပုဒ်က ၂၀ရာစု၊ နောက်ဆုံး ပဒေသာလက်ရာကဗျာက ၂၁ ရာစု ဖြစ်ပါတယ်။ အတိုမှတ်ချင်ရင်တော့ "၁၆-၁၈- ၂၀-၂၁ ကဗျာရာစုနှစ်"လို့ မှတ်နိုင်ပါတယ်။

ကဲ- ကဗျာတစ်ပုဒ်ချင်း လေ့လာကြည့်ရအောင်။ ကဗျာတစ်ပုဒ်ကိုစတင်လေ့လာမယ်ဆိုရင် အပိုင်း (၅) ပိုင်း တွေ့ရမှာဖြစ်ပါတယ်။ (၁) ကဗျာနဲ့ပတ်သက်တဲ့ အမှာစာ (၂) ကဗျာစာကိုယ် (၃) ခက်ဆစ်အဖွင့် (၄) သင်ခန်းစာဆိုလိုရင်း (၅) လေ့ကျင့်ခန်းတို့ ဖြစ်ပါတယ်။

ပေါ်နွေလလျှင်ကဗျာကို လေ့လာတဲ့အခါ(၁) အမှာစာမှာ စာဆိုနဲ့ပတ်သက်တဲ့ ဖော်ပြချက်၊ ကဗျာနဲ့ပတ်သက်တဲ့ ဖော်ပြချက်တွေ တွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီဖော်ပြချက် ၂ ချက်ကို လေ့လာမှတ်သားကြရမှာ ဖြစ်တယ်။

ဒီလိုလေ့လာတဲ့အခါ-

၁။ စာဆို၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကဗျာ၊ စာအုပ်နှင့် ဆိုင်သော အချက်အလက်များ
၂။ နေရာဒေသနှင့်ဆိုင်သော အချက်အလက်များ
၃။ အချိန်အခါ၊ ခုနှစ် သက္ကရာဇ်နှင့်ဆိုင်သော အချက်အလက်များဆိုပြီး ကဏ္ဍ (၃) ရပ်ခွဲပြီး လေ့လာမှတ်သားသင့်ပါတယ်။ ဒါမှသာ မေးခွန်းနံပါတ် ၁။ (က)၊ (ခ)၊ (ဂ)အတွက် အဆင်သင့်ဖြစ်မှာပါ။

**လေ့ကျင့်ခန်း**

၁။ (က) အောက်ပါတို့ကို မှားလျှင် (မှား)၊ မှန်လျှင် (မှန်) ဟု ဖြေဆိုပါ။

ကဏ္ဍ- ၁။ ။ စာဆို၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ စာအုပ်နှင့်ဆိုင်သော အချက်အလက်များ

၁။ ပေါ်နွေလလျှင်ကဗျာသည် တောင်ငူခေတ်စာဆို နတ်ရှင်နောင်စပ်ဆိုခဲ့သော ရတုကဗျာတစ်ပုဒ် ဖြစ်သည်။
၂။ နတ်ရှင်နောင်စပ်ဆိုခဲ့သော ရတုအမျိုးအစားများမှာ အခံရတု၊ အလိုက်ရတု၊ ဘုရားတိုင်ရတု၊ မယ်ဘွဲ့၊ မောင်ဘွဲ့ရတုများ၊ စစ်ချီရတုများ၊ မိုးတောရတုများ၊ ထိုးကွင်းဘွဲ့ရတုများ၊ ဂူလီ သဘင်ဘွဲ့ရတုများ ဖြစ်သည်။
၃။ နတ်ရှင်နောင်၏ ကဗျာများထဲမှ အကောင်းဆုံးနှင့်အထင်ရှားဆုံးဟု ဆိုနိုင်သော 'ပေါ်နွေလလျှင်' အစချီရတုသည် ပျို့ရွယ်စဉ်ဘဝ စစ်ထွက်စဉ်ကာလမှာ ကျန်ရစ်ခဲ့သော ချစ်သူကို လွမ်းဆွတ်တသစွာဖွဲ့ပြခဲ့သောကဗျာဖြစ်သည်။
၄။ နတ်ရှင်နောင်သည် ဟံသာဝတီဆင်ဖြူများရှင် မင်းတရားကြီး၏ မြေးတော်ဖြစ်ပြီး သက္ကရာဇ် ၉၄၆ ခုနှစ်တွင် တောင်ငူရွှေနန်းကိုသိမ်းမြန်းစိုးစံတော်မူသော မင်းရဲသီဟသူ၏ သားတော်ကြီးလည်း ဖြစ်သည်။
၅။ နတ်ရှင်နောင်သည် ဥပရာဇာဟူသောအမည်ဖြင့် အိမ်ရှေ့မိဖုရားဖြစ်ဖူးလေပြီးသော ဇင်းမယ်ဘုရင့်နှမတော် ရာဇဓာတုကလျာနှင့် စုံဖက်တော်မူသည်။

**လေ့ကျင့်ခန်း အဖြေများ**

၁။ (က) ၁(မှန်)။ ၂(မှန်)။ ၃(မှန်)။ ၄(မှန်)။ ၅(မှန်)။

## အင်္ဂလိပ်စာ

ဆရာ ဦးဆန်း

၁၃ - ၅- ၂၀၂၄ ရက်နေ့မှအဆက်-

**VOCABULARY**

Three types of compound words

Closed compound

Open compound

Hyphenated Word

Compound Nouns

A combination of two or more words which forms a noun

*** Single word or closed compounds**

| | |
|---|---|
| fireman | မီးသတ်သမား |
| candlelight | ဖယောင်းတိုင်မီးရောင် |
| lifeblood | အသက်သွေးကြော |
| bathroom | ရေချိုးခန်း |
| starfish | ရေလက်ဝါး/ ကြယ်ငါး |
| housekeeper | အိမ်ဖော် |
| notebook | မှတ်စုစာအုပ် |
| haircut | ဆံပင်ညှပ်ခြင်း |
| drawback | အားနည်းချက်၊ချွတ်ယွင်းချက် |
| bedroom | အိပ်ခန်း |
| lighthouse | မီးပြတိုက် |
| wallpaper | နံရံကပ်ပန်းပြောက်စက္ကူ |
| seafood | ပင်လယ်စာ |
| software | ကွန်ပျူတာ၊ ဖုန်းစသည့် စက်များပေါ်ရှိ လုပ်ငန်းများကိုဆောင်ရွက်ပေးသောစနစ်များ၊ ဆော့ဖ်ဝဲလ် |
| sunrise | နေထွက်ချိန် |
| highway | အဝေးပြေးလမ်းမကြီး |
| campfire | မီးပုံပွဲ |
| earthworm | တီကောင် |
| popcorn | ပြောင်းဖူးပေါက်ပေါက် |
| snowball | (ပစ်ပေါက်ကစားသည့်) နှင်းဘောလုံး |

*** Two words or open compounds**

| | |
|---|---|
| swimming pool | ရေကူးကန် |
| bus stop | ကားမှတ်တိုင် |
| washing machine | အဝတ်လျှော်စက် |
| driving school | ယာဉ်မောင်းသင်ကျောင်း၊ သင်တန်း |
| car park | ယာဉ်ရပ်နားစခန်း |
| fast food | ချက်ချင်းချက် ချက်ချင်းစားသည့် အမြန်အစားအစာ |
| toilet paper | အိမ်သာသုံးစက္ကူ |
| high school | အထက်တန်းကျောင်း |
| old age | သက်ကြီးပိုင်း |
| ice cream | ရေခဲမုန့် |
| full moon | လပြည့်ဝန်း |

*** With hyphen or hyphenated compounds**

| | |
|---|---|
| son-in-law | သမက် (သမီး၏ခင်ပွန်း) |
| passer-by | ဘေးမှဖြတ်သွားသူ |
| brother-in-law | ယောက်ဖ |
| runner-up | ဒုတိယရသူ/ ရသောအသင်း |
| dry-cleaning | အဝတ်အခြောက်လျှော်ခြင်း |
| check-in | လေယာဉ်တက်ရန် စာရင်းသွင်းခြင်း |
| self-esteem | မိမိကိုယ်ကိုမိမိတန်ဖိုးထားခြင်း |
| mother-in-law | ယောက္ခမ |
| merry-go-round | အလုပ်ရှုပ်ခြင်း |
| get-together | မိတ်ဆုံပွဲ |

**Compound Adjectives**

An adjective that consists of two more words.

This adjective with two words joined by a hyphen is called a compound adjective.

| | |
|---|---|
| * two-faced | လှည့်ဖြားသော သို့မဟုတ် မရိုးသားသော၊ မျက်နှာများသော |
| * well-known | လူသိများသော |
| * good-looking | ချောသော |
| * strong-minded | ထက်မြက်သော |
| * bad-tempered | စိတ်တိုသော |
| * open-minded | အတွေးအခေါ်သစ်ကို လက်ခံနိုင်သော၊ အယူအစွဲမရှိသော |
| * deep-fried | ဆီပူပူကြီးထဲတွင်နှစ်၍ကြော်ထားသော |
| * home-made | အိမ်တွင်ပြုလုပ်သော |
| * old-established | အစွန့်ရှည်ခဲ့ပြီဖြစ်သော |
| * old-fashioned | ခေတ်နောက်ကျသော၊ ခေတ်မမီသော၊ ရှေးဆန်သော |
| * well-advised | လိမ္မာပါးနပ်သော |
| * never-ending | မပြီးနိုင်မဆုံးနိုင်သော |
| * long-distance | ခရီးဝေး၊ တာဝေး၊ အဝေး |
| * middle-aged | လူလတ်ပိုင်းအရွယ် |
| * left-handed | ဘယ်သန် |
| * part-time | အချိန်ပိုင်း |
| * time-serving | ဝတ်ကျေတန်းကျေမျှလုပ်သော |
| * forward-looking | မြော်မြင်သော၊ တိုးတက်သော |
| *wind-blown | လေနှင့်ပါလာသော၊ လေတိုက်၍ဖရိုဖရဲဖြစ်နေသော |
| * high-ranking | အဆင့်မြင့်သော၊ ရာထူးကြီးသော |

## သင်္ချာ

ပါမောက္ခ ဒေါက်တာမီမီ(မန္တလေးတက္ကသိုလ်)

၆ - ၅- ၂၀၂၄ ရက်နေ့မှအဆက်-

### 1.4 Trigonometric Form

$z = x + iy$

$r = \text{absolute value of } z = |z| = \sqrt{x^2 + y^2}$

$x = r\cos\theta$

$y = r\sin\theta$

$z = x + iy$

$= r\cos\theta + ir\sin\theta$




$\boxed{z = r(\cos\theta + i\sin\theta)}$ (Trigonometric form)

$\boxed{z = (r, \theta)}$ (polar form)

The angle $\theta$, measured in radians, is an angle with positive $x$-axis and the line segment.

$z = x + iy = r(\cos\theta + i\sin\theta)$ ဖြစ်လျှင် $(r,\theta)$ ကို $z$ ၏ polar form ဟုခေါ်သည်။ ပေးထားသော complex number $z$ မှ၊ $r$ နှင့် $\theta$ ကို ရှာပြီး၊ $z = r(\cos\theta + i\sin\theta)$ တွင် အစားသွင်းပေးရမည်။

**Example 5.**

Find the trigonometric form with $-\pi < \theta < \pi$.

(a) $z = 1 + \sqrt{3}\,i$ (b) $z = -1 + i$

(c) $z = -\sqrt{3} - i$ (d) $z = -1$.

**Solution**

(a) $z = 1 + \sqrt{3}\,i = (1, \sqrt{3})$

$r = \sqrt{1+3}$

$= \sqrt{4}$

$= 2$

$\cos\theta = \frac{1}{2}, \sin\theta = \frac{\sqrt{3}}{2}$

$\theta = \frac{\pi}{3} \qquad (-\pi < \theta \le \pi)$

$z = r(\cos\theta + i\sin\theta)$

$= \sqrt{2}(\cos\frac{\pi}{3} + i\sin\frac{\pi}{3})$




(b) $z = -1 + i$

$= (-1, 1)$

$r = \sqrt{1+1}$

$= \sqrt{2}$

$\cos\theta = -\frac{1}{\sqrt{2}}, \sin\theta = \frac{1}{\sqrt{2}}$

$\theta = (\pi - \frac{\pi}{4}) = \frac{3\pi}{4} \qquad (-\pi < \theta \le \pi)$

$z = r(\cos\theta + i\sin\theta)$

$= \sqrt{2}(\cos\frac{3\pi}{4} + i\sin\frac{3\pi}{4})$.




(c) $z = -\sqrt{3} - i = (-\sqrt{3}, -1)$

$r = \sqrt{3+1}$

$= \sqrt{4}$

$= 2$

$\cos\theta = -\frac{\sqrt{3}}{2}, \sin\theta = -\frac{1}{2}$

$\theta = -(\pi - \frac{\pi}{6})$

$= -\frac{5\pi}{6}$

$z = r(\cos\theta + i\sin\theta)$

$= 2\left[\cos(-\frac{5\pi}{6}) + i\sin(-\frac{5\pi}{6})\right]$.

* $z = (-\sqrt{3}, -1)$ သည် third quadrant တွင်ရှိ၍၊ အနှုတ်ဖြင့် တိုင်းရမည်။*

(d) $z = -1 = (-1, 0)$

$r = \sqrt{1+0}$

$= 1$

$\cos\theta = \frac{-1}{1} = -1, \sin\theta = \frac{0}{1} = 0$

$\theta = \pi$

$z = r(\cos\theta + i\sin\theta)$

$= 1(\cos\pi + i\sin\pi)$

$= \cos\pi + i\sin\pi$.




**Product in Trigonometric Form**

Let $z_1 = r_1(\cos\theta_1 + i\sin\theta_1)$ and $z_2 = r_2(\cos\theta_2 + i\sin\theta_2)$

$$\boxed{z_1 z_2 = r_1 r_2\left[\cos(\theta_1+\theta_2) + i\sin(\theta_1+\theta_2)\right]}$$

## ဇီဝဗေဒ

တီချယ် Rachel (ရန်ကုန်တက္ကသိုလ်)

၁၃ - ၅- ၂၀၂၄ ရက်နေ့မှအဆက်-

- ဒုတိယတစ်ခုဖြစ်တဲ့ **သတင်းအချက်အလက်(information)**။ ဘာသတင်းအချက်အလက်လဲဆိုတော့ မျိုးဗီဇနဲ့ဆိုင်တဲ့ သတင်းအချက်အလက် **(genetic information)** ဖြစ်တယ်။ မျိုးဗီဇနဲ့ဆိုင်တဲ့ သတင်းအချက်အလက်တွေကို ဖော်ပြခြင်း**(expression)** နဲ့ သတင်းအချက်အလက်တွေ ကူးပြောင်းသွားခြင်း **(transmission)** ဟာ သက်ရှိဖြစ်စဉ်တွေ **(life processes)** ထဲမှာ ပါဝင် တယ် **(involve)** ဆိုတဲ့အချက်ဖြစ်တယ်။
- မျိုးဗီဇဆိုင်ရာသတင်းအချက်အလက်တွေကို ဒီအင်အေရဲ့ nucleotide sequences ထဲမှာ လျှို့ဝှက်သိမ်းထား (encode) တယ်။
- **DNA** ဆိုတာဘာလဲ။ **nucleotide sequences** ဆိုတာဘာလဲ။ ဆိုတာတွေကို Grade 11 မှာ သင်ခဲ့ပြီး ဖြစ်တယ်။
- ဒီအင်အေဟာ မိဘတွေဆီက မျိုးရိုးလိုက်နိုင်တဲ့ သတင်းအချက်အလက်တွေ **(heritable information)** ကို သားသမီးတွေဆီသို့ ကူးပြောင်းပေးတယ်။
- Gene (မျိုးဗီဇ)လို့ခေါ်တဲ့ DNA sequences တွေဟာ ဆဲလ်ရဲ့ ပရိုတိန်းထုတ်လုပ်မှု လုပ်ဖို့ညွှန်ကြားတယ်။ ဘယ်လိုညွှန်ကြားလဲဆိုတော့ ဒီအင်အေ (DNA)ကနေ mRNA (messenger RNA) အဖြစ် ကူးယူတယ်(transcribe) ပြီးတော့ သက်ဆိုင်ရာပရိုတိန်းအဖြစ် ပြောင်းလဲယူ (translate) တယ်။
- **DNA** → **mRNA** → **specific protein**
- ဒီဖြစ်စဉ်ကို မျိုးဗီဇ ဖော်ပြခြင်း **(Gene expression)** လို့ခေါ်တယ်။
- Gene expression ကနေ အာအင်အေ အချို့ကို ထုတ်လုပ်တယ်။ အဲဒီ အချို့သော အာရ်အင်အေတွေဟာ ပရိုတိန်းအဖြစ်တော့ မကူးပြောင်းနိုင်ပေမဲ့ အခြားအရေးကြီးတဲ့ လုပ်ငန်းတာဝန်တွေကို ဆောင်ရွက်တယ်။

**1.1.2 Theme 2: Life processes involve the expression and transmission of genetic information.** သက်ရှိလုပ်ငန်းစဉ်တွေမှာ မျိုးရိုးဗီဇဆိုင်ရာ သတင်းအချက်အလက်တွေဖော်ပြမှု (expression) နဲ့မျိုးရိုးဗီဇဆိုင်ရာ သတင်းအချက်အလက်တွေ ကူးပြောင်းမှု(transmission) တို့ ပါဝင်တယ်။

- The **genetic information** is encoded in the **nucleotide** sequences of DNA. (မျိုးရိုးဗီဇဆိုင်ရာ သတင်းအချက်အလက်တွေကို ဒီအင်အေကို ဖွဲ့စည်းထားတဲ့ နျူကလီယိုတိုက် အစဉ်တန်းတွေထဲမှာ ဝှက် (encoded) ထားတယ်။
- The DNA transmits **heritable information** from parents to offspring. မိဘတွေဆီက အမွေဆက်ခံနိုင်တဲ့သတင်းအချက်အလက်တွေကို သားသမီးတွေဆီကို ဒီအင်အေကတဆင့် ပေးပို့ (transmit) တယ်။
- DNA sequences (called gene) act as **instructions** to make cell's **protein production** by being **transcribed** into **mRNA** and then **translated** into specific **protein.** မျိုးရိုးဗီဇကို သယ်ဆောင်ထားတဲ့ ဒီအင်အေ အစဉ်တန်းဟာ ဆဲလ်တွေအတွက် ပရိုတိန်းထုတ်လုပ်ဖို့ ညွှန်ကြားသူအဖြစ် ဆောင်ရွက်တယ်၊ အဲလိုညွှန်ကြားတဲ့အခါ ကူးယူခြင်း (transcription) ပြောင်းလဲယူခြင်း (translation)တို့ကို လုပ်ဆောင်တယ်။
- These processes are called **gene expression.** အဲဒီဖြစ်စဉ်တွေကို ဗီဇကို ထုတ်ဖော်ပြသခြင်း (gene expression) လို့ခေါ်တယ်။
- Gene expression can also produce **some RNA** that are not translated into protein but serve other **important functions.**
- မျိုးဗီဇထုတ်ဖော်ပြသခြင်း (Gene expression) ကနေ အာရ်အင်အေတစ်ချို့ကို ထုတ်နိုင်သေးတယ်၊ အဲဒီ အာရ်အင်အေတွေက ပရိုတိန်းအဖြစ်မကူးပြောင်းနိုင်ပေမဲ့ အခြားအရေးကြီးတဲ့ တာဝန်တွေကို ဆောင်ရွက်နိုင်တယ်။
- ***How do you understand by the term gene expression?**

ချရေးခဲ့တဲ့Key wordsတွေကို အသုံးပြုပြီး ဓမ္မဓိဋ္ဌာန်မေးခွန်း (objectivesquestions ) အတွက် လေ့ကျင့်ပြီးသား ဖြစ်သွားတယ်။

Grade-12 ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (ဖုန်း-09 981163924) ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

# ဝတ်ဆင်ရေးအဆင်ပြေဖို့ ဝါသီးနှံတိုးချဲ့စိုက်ပျိုးစို့

K ဇင်သစ် (မန်းတက္ကသိုလ်)

အတိတ်ငယ်ဘဝကို ပြန်မြင်ယောင်နေမိသလို ခံစားမိပါသည်။ စာရေးသူတို့နေထိုင်ရာဒေသတွင် ယခုကဲ့သို့ သက်ြန်ပြီးခါစကာလမှာ ဝါခင်းများကို ပေါင်းပေါက်ခဲ့ကြရသည့်အလုပ်က လက်လုပ်လက်စားများအဖို့ အလုပ်အကိုင် အခွင့်အလမ်း ရရှိနေခဲ့ခြင်းဖြစ်ပါသည်။ ဇွန်-ဇူလိုင်လတွင် ဝါများကောက်ကြရသည့်အခါမှာလည်း ရွာလုံးကျွတ်ကိုယ်စီ ဝါကောက်ထွက်ကြရသည့် အလုပ်က ပျော်မွေ့ဖွယ်ကောင်းလှပါသည်။

ရာသီဥတုလည်းမှန် တောင်ပုလုဆည်ရေသောက်လည်းဖြစ်တော့ မိုးစပါးပြီးလျှင် ဝါစိုက်ကြပြီး ဝါပြီးလျှင် စပါးပြန်စိုက်ကြသည့်အတွက် တစ်နှစ်ပတ်လုံး လယ်မြေများမှာ အအားအလပ်မရှိ စိုက်ပျိုးခဲ့ကြသည်ကို မှတ်မိနေပါသည်။ ကိုယ့်ဒေသတွင်စိုက်သည့် ဝါကိုပင် တစ်နိုင်ငံလုံးစိုက်ပျိုးကြသည်ဟု ထင်ခဲ့မိသော်လည်း မြန်မာနိုင်ငံတွင် ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ မိုးကြိုဝါ၊ မိုးဝါ၊ မိုးနှောင်းဝါ ဟူ၍ စိုက်ပျိုးကာလမတူ နေရာဒေသကွဲပြားစွာ စိုက်ပျိုးနေကြသည်ကို လေ့လာသိရှိရပါသည်။

**မိုးကြိုဝါ၊ မိုးဝါ၊ မိုးနှောင်းဝါ**

ဝမ်းတွင်းမြို့နယ် အနောက်ခြမ်းဒေသတွင် ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် စိုက်ပျိုးကြသည့်ဝါမှာ မိုးကြိုဝါဖြစ်သည်ဟု သိရှိရပါသည်။ မိုးဝါကို မေလ လယ်မှ ဇွန်လကုန်အထိ လည်းကောင်း၊ မိုးနှောင်းဝါကို ဩဂုတ်လမှ စက်တင်ဘာလအထိ လည်းကောင်း စိုက်ပျိုးကြပါသည်။ နိုင်ငံအတွင်း နေပြည်တော်၊ စစ်ကိုင်း၊ ပဲခူး၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဝါကို အဓိကစိုက်ပျိုးကြပြီး မိုးနှောင်းဝါကို အများဆုံးစိုက်ပျိုးကြသည်ဟု သိရှိရပါသည်။

ဝါပင်မှ ဝါအသီးသီးသည်အထိ ရက်ပေါင်း ၁၄၀ မှ ၂၀၀ ခန့်ကြာအောင် ပြုစုပျိုးထောင်ကြရပြီး ဝါတစ်ပင်လျှင် နှစ်ကြိမ်မှ သုံးကြိမ်အထိ ဝါကောက်ရသည်။ ဝါတွင် ချည်မျှင်ရှည်ဝါနှင့် ချည်မျှင်တိုဝါဟူ၍ နှစ်မျိုးစိုက်သော်လည်း မြန်မာနိုင်ငံတွင် ချည်မျှင်ရှည်ဝါကိုသာ အများဆုံး စိုက်ပျိုးကြပါသည်။ ဝါသီးနှံစိုက်ပျိုးရာတွင် သီးလုံးဖောက်ပိုးဒဏ်ခံနိုင်သော အထွက်တိုးမျိုးစိုက်ရန် လိုအပ်ပြီး ပျမ်းမျှအပူချိန် ၂၅°C မှ ၃၀°C ကြား စိုက်ပျိုးနိုင်သည်။ မြေယာပြုပြင်ခြင်းကို ထယ်ရေးနက်၍ ထွန်ရေးညက်အောင် ထယ်တစ်စပ်၊ ထွန် လေး၊ ခြောက်စပ်ထွန်ရန်၊ မိုးကြိုရာသီ မြေအစိုဓာတ်ရှိချိန်၌ ထယ်ထိုးရန် မြေခြောက်ပါက ရေသွင်းပြီးမှ မြေအထန့်တွင် ထယ်ထိုးရန်နှင့် မိုးနှင့် မိုးနှောင်းစိုက်မည့်မြေကို နွေထယ်ရေးခံထားရန် သို့မဟုတ် ပထမသီးနှံအပြီးတွင် ထယ်ထိုး၊ ထယ်မွှေထားရန် လိုအပ်ပါသည်။

ရေလိုအပ်မှုမှာ ဝါပင်များသည် ပန်းပွင့်ချိန်၊ ဝတ်မှုန်ကူးချိန်နှင့် အစေ့အဆန်ထည့်ချိန်တွင် ရေငတ်ဒဏ်မခံနိုင်ပါ၊ အပင်ကြီးထွားချိန်တွင် ရေငတ်ပါက အပင်ပု၊ အရွက်သေးကာ အထွက်နှုန်းထိခိုက်နိုင်ပြီး ဝတ်မှုန်ကူးချိန်တွင် မိုးရွာသွန်းမှု များလွန်းပါကလည်း အထွက်နှုန်းလျော့ကျစေနိုင်၍ ဂရုပြုသင့်ပါသည်။

မိုးကြိုဝါတွင် ရေသွင်းခြင်းကို မြေပြင်ချိန်၊ စိုက်ချိန်၊ ပန်းစပွင့်ချိန်၊ ပန်းပွင့်ဖြိုင်ချိန်နှင့် ဝါသီးကြီးထွားချိန်တို့တွင် ဆောင်ရွက်ရမည်။ မိုးနှောင်းဝါတွင် ပန်းစပွင့်ချိန်မှ ဝါသီးကြီးထွားချိန်အထိ နှစ်ကြိမ်မှ သုံးကြိမ်အထိ ရေသွင်းရမည်။ မိုးဝါတွင် ပန်းစပွင့်ချိန်နှင့် ပန်းပွင့်ဖြိုင်ချိန်၊ အသီးကြီးချိန်တွင် ရေလိုအပ်ပါက သွင်းပေးရန်နှင့် ရေသွင်းပြီးတိုင်း ကြားပေါင်းလိုက်၍ မြေဆွပေးရမည်ဖြစ်ပေသည်။ ဝါပင်အား စိုက်ပြီး ၁၅၊ ၂၀ ရက်အတွင်း ရွက်ဆစ် သုံး၊ လေးရွက်ထွက်ချိန်တွင် သားခွဲရမည်ဖြစ်ပြီး သားခွဲနောက်ကျပါက သီးကိုင်းအထွက်နည်းနိုင်မည်ဖြစ်၍ တောင်သူများအနေဖြင့် အလေးထား လုပ်ဆောင်ကြရမည်ဖြစ်ပေသည်။

**ရွှေတောင် ၁၀ နှင့် Raka 666 မျိုးတို့ကို အများဆုံးစိုက်ပျိုး**

ဝါစိုက် တောင်သူများအနေဖြင့် ယနေ့အချိန်အခါတွင် ဝါအထွက်နှုန်းတိုးသည့် ရွှေတောင် ၁၀ နှင့် Raka 666 မျိုးတို့ကို အများဆုံးစိုက်ပျိုးကြပြီး ပန်းတိုင်အထွက်နှုန်း တစ်ဧကလျှင် ပိဿာ ၇၀၀ ထွက်ရှိအောင် စတင်စိုက်ပျိုးသည်မှ ခူးဆွတ် (ဝါကောက်) သည်အထိ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ဝါယမစိုက်ထုတ်လုပ်ကိုင်ကြမှသာ ပန်းတိုင်အထွက်နှုန်းကို ရရှိနိုင်ကြမည်ဖြစ်ပါသည်။ သွင်းအားစုထည့်သွင်းရမည့် အချိန်နှင့် လိုအပ်ချက်များကို အပြည့်အဝ ထည့်သွင်းပေးနိုင်ပါက အထွက်နှုန်း ပိုမိုထွက်ရှိလာနိုင်မည်ဖြစ်ပါသည်။

မိရိုးဖလာစိုက်ပျိုးနေကြ၍ ဝါအထွက်နှုန်း ပုံမှန်အနေအထားရှိနေခြင်းမှ ဝါအထွက်နှုန်း ပိုမိုထွက်ရှိလာနိုင်စေရန် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဝါသီးနှံစိုက်ပျိုးရေးစီမံကိန်းကို သမဝါယမကဏ္ဍက အားသွန်ခွန်စိုက် လုပ်ဆောင်နေသည်ဟု ကြားသိရ၍ ဝမ်းသာပီတိဖြစ်မိပါသည်။

သမဝါယမကဏ္ဍက ဝါသီးနှံပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဘယ်လိုအခန်းကဏ္ဍမှ ကူညီပံ့ပိုးပေးနေသည်ကို စောကြောမိပါသည်။ ဝါစိုက်ပျိုးသည့် နယ်မြေဒေသရှိ ဝါစိုက်တောင်သူများအား စည်းရုံးဆွေးနွေးပြီး တောင်သူတစ်ဦးချင်းအလိုက် စိုက်ပျိုးသည့်ဧက၊ ဝါမျိုးကောင်းမျိုးသန့်လိုအပ်မှု၊ သွင်းအားစုလိုအပ်ချက်များကို အသေးစိတ်စာရင်းဇယားများပြုစုပြီး ကျေးရွာကို အခြေခံ၍ ယခင်ဖွဲ့စည်းပြီး အသင်းရှိနေပါက အသင်းသားသစ်များအဖြစ်ပါဝင်နိုင်ရေး၊ အသင်းသစ်ဖွဲ့စည်းရန် လိုအပ်ပါက တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိပါသည်။



လုပ်ငန်းကြီးကြပ်မှု ကော်မတီ အဆင့်ဆင့်ဖွဲ့စည်းပြီး Raka 666 ကဲ့သို့ အထွက်နှုန်းကောင်းသည့် ဝါမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ မြေဩဇာများအချိန်အလိုက် စနစ်တကျ ထည့်သွင်းနိုင်ရေး အပင်ကြီးထွားမှုအဆင့်အလိုက် ပြုစုဆောင်ရွက်နိုင်ရေး၊ ဝါသီးနှံစိုက်ပျိုးရာတွင် လိုအပ်သည့် အသိပညာ၊ ဗဟုသုတများတိုးပွားစေရန် သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်များနှင့် ပူးပေါင်း၍ ဝါပင်တွင် ကျရောက်တတ်သည့် ပိုးမွှားနှင့် ရောဂါဒဏ်ကာကွယ်နိုင်ရေး ပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ စတင်စိုက်ပျိုးသည်မှ ဝါထွက်ရှိသည်အထိ သတ်မှတ်ရက်အလိုက် လုပ်ဆောင်ကြရမည့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရ၍ ဝါစိုက်ဧကများ ပိုမိုတိုးတက်လာပြီး စိုက်ပျိုးသည့်ဧကတိုင်း ပန်းတိုင်အထွက်နှုန်းအတိုင်း ပြည့်မီပြီး ဝါစိုက်တောင်သူများ ဝင်ငွေပိုမိုရရှိနိုင်တော့မည်ဖြစ်ပါသည်။

**ဈေးကွက်တွက်ခြေကိုက်**

ဝါတစ်ဧက စိုက်ပျိုးသည့်အခါ ငွေကျပ် ခုနစ်သိန်းမှ ၁၀ သိန်းခန့် ကုန်ကျနိုင်ပြီး ပန်းတိုင်အထွက်နှုန်း ထွက်ရှိပါက လက်ရှိ ဈေးကွက်ပေါက်ဈေးဖြင့် ပြန်လည်ရောင်းချပါက ဈေးကွက်တွက်ခြေကိုက်၍ စိုက်ပျိုးသင့်သည့် သီးနှံအမျိုးအစားထဲတွင် ပါဝင်နေသည်ဟု ဆို၍ရနိုင်ပါသည်။ ဝါစိုက်တောင်သူများအဖို့ မိမိတို့စိုက်ပျိုးထွက်ရှိသည့် ဝါဂွမ်းများဖြင့် ချည်ငင်၊ ချည်ထည် ဖြစ်တည်လာပြီး လူသားတို့၏ ဝတ်ဆင်ရေးတွင် အဆင်ပြေ အထောက်အပံ့ဖြစ်နေသည်ဟုမှတ်ယူ၍ဝမ်းသာပီတိဖုံးစေကာကုသိုလ်လည်းရ ဝမ်းလည်းဝ ဆိုဘိသကဲ့သို့ ခံစားနိုင်ကြမည်လည်း ဖြစ်ပါသည်။

မြန်မာ့ရိုးရာချည်ထည်များ ဝတ်ဆင်၍ ပြည်တွင်းဖြစ်ကို သုံးစွဲလာကြခြင်းအားဖြင့် ပြည်ပသွင်းကုန်အစားထိုးခြင်းလုပ်ငန်းကို ဆောင်ရွက်နေခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်အတွက် နိုင်ငံခြားငွေသုံးစွဲမှု လျော့နည်းလာနိုင်တော့မည်လည်း ဖြစ်ပါသည်။ ဝါစိုက်ပျိုးရေးစီမံကိန်းအရ သမဝါယမ အသင်းသားတောင်သူများအား တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှင့် ညီမျှသော မြေဩဇာများ ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ တိုင်းဒေသကြီး လေးခု၊ မြို့နယ် ၅၁ မြို့နယ်တို့တွင် မိုးဝါ ၁၂၆၄၂ ဧက၊ မိုးနှောင်းဝါ ၈၁၅၆၂ ဧကနှင့် မိုးကြိုဝါ ၁၇၉၆ ဧက စုစုပေါင်းဧက ၉၆၀၀၀ အတွက် ငွေကျပ် သန်း ၁၉၂၀၀ ဖိုး ထောက်ပံ့ပေးနိုင်ရေး ဖော်ပြပါဇယားအတိုင်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ စာမျက်နှာ ၂၄ သို့ ○



**သမဝါယမကဏ္ဍမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဝါစိုက်ပျိုးရေးဆောင်ရွက်မည့် လျာထားဧကစာရင်း**

| စဉ် | တိုင်းဒေသကြီး | မြို့နယ် | မိုးကြို | | | မိုး | | | မိုးနှောင်း | | | စုစုပေါင်း | | | ပံ့ပိုးငွေလိုအပ်ချက် (ကျပ်သန်း) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | စိုက်ပျိုးရေးလျာထား | သမဝါယမမှဆောင်ရွက်ရန် လျာထား | | စိုက်ပျိုးရေးလျာထား | သမဝါယမမှဆောင်ရွက်ရန် လျာထား | | စိုက်ပျိုးရေးလျာထား | သမဝါယမမှဆောင်ရွက်ရန် လျာထား | | စိုက်ပျိုးရေးလျာထား | သမဝါယမမှဆောင်ရွက်ရန် လျာထား | | |
| | | | | ရာခိုင်နှုန်း | ဧက | | ရာခိုင်နှုန်း | ဧက | | ရာခိုင်နှုန်း | ဧက | | ရာခိုင်နှုန်း | ဧက | |
| ၁ | နေပြည်တော် | ၁ | | | | ၅၁၂၃ | ၂၈% | ၁၄၃၄ | ၅၁၉၁ | ၃၀% | ၁၅၆၆ | ၁၀၃၁၄ | ၂၉% | ၃၀၀၀ | ၆၀၀.၀၀ |
| ၂ | ပဲခူး | ၆ | | | | | | | ၁၈၁၂၀ | ၁၇% | ၃၀၀၀ | ၁၈၁၂၀ | ၁၇% | ၃၀၀၀ | ၆၀၀.၀၀ |
| ၃ | မကွေး | ၂၄ | ၆၀၀ | | | ၁၆၀၆၀ | ၂၁% | ၃၃၇၃ | ၂၄၃၇၆၁ | ၁၉% | ၄၆၆၂၇ | ၂၆၀၄၂၁ | ၂၁% | ၅၀၀၀၀ | ၁၀၀၀၀.၀၀ |
| ၄ | မန္တလေး | ၂၀ | ၁၁၂၀၀ | ၁၆% | ၁၇၉၆ | ၃၁၃၄၀ | ၂၅ % | ၇၈၃၅ | ၁၆၁၄၇၄ | ၁၉% | ၃၀၃၆၉ | ၂၀၄၀၁၄ | ၂၀% | ၄၀၀၀၀ | ၈၀၀၀.၀၀ |
| | စုစုပေါင်း | ၅၁ | ၁၁၈၀၀ | ၁၆% | ၁၇၉၆ | ၅၂၅၂၃ | ၂၄% | ၁၂၆၄၂ | ၄၂၈၅၄၆ | ၁၉% | ၈၁၅၆၂ | ၄၉၂၈၆၉ | ၁၉% | ၉၆၀၀၀ | ၁၉၂၀၀.၀၀ |

# ခရမ်းမြို့နယ် စခန်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ အဌမအကြိမ်မြောက် ထုတ်ချေး



**ခရမ်း မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ အဌမအကြိမ်မြောက်ထုတ်ချေးခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများက စခန်းကြီးကျေးရွာ၌ ကွင်းဆင်းထုတ်ချေးသည်။

ဦးစွာ ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ယဉ်မာမျိုးက စခန်းကြီးကျေးရွာရှိ ကျေးလက်နေပြည်သူများအား မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး စခန်းကြီးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၇ ဒသမ ၂၈ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဦးစီးအရာရှိနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း ၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်မည့်သူ စုစုပေါင်း အသင်းသား အသင်းသူ ၃၇၇ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၇ ဒသမ ၂၈ သန်းကို အသင်းသား အသင်းသူများ တစ်ဦးချင်း လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ɹɹɹ

# ဖူဆယ်အားကစားချစ်မြတ်နိုးသူများအတွက် MFF Futsal Amateur Cup 2024 ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၁၉**

ဖူဆယ်အားကစားချစ်မြတ်နိုးသူများအတွက် အမ်အက်ဖ်အက်ဖ် ဖူဆယ် အပျော်တမ်းဖလား ၂၀၂၄ (MFF Futsal Amateur Cup 2024) ပြိုင်ပွဲကို MFF Futsal Stadium ၌ ဇွန် ၁၅ ရက်မှ စတင်၍ကျင်းပသွားမည်ဖြစ်သည်။

MFF Futsal Amateur Cup 2024 ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း အရေအတွက် ၅၀ အထိလက်ခံကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသော အသင်းများအနေဖြင့် ပြိုင်ပွဲဝင် လျှောက်လွှာများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဌာန၌ မေ ၂၄ ရက်မှ ၃၁ ရက်အထိ သွားရောက်ထုတ်ယူနိုင်မည်ဖြစ်ကာ အသင်းစာရင်းတင်သွင်းခြင်းကို ဇွန် ၁ ရက်မှ ၇ ရက်အထိ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်အသင်းများအနေဖြင့် အသင်းဝင်ကြေး ငွေကျပ်နှစ်သိန်းနှင့် အာမခံကြေးငွေကျပ်တစ်သိန်း ပေးသွင်းရမည်ဖြစ်ပြီး ကစားသမား ၁၄ ဦးမှ ၁၆ ဦး၊ အုပ်ချုပ်/နည်းပြ သုံးဦးမှ ခြောက်ဦးအထိ မှတ်ပုံတင်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ အဆိုပါ MFF Futsal Amateur Cup 2024 ပြိုင်ပွဲ ၌ မြန်မာနေရှင်နယ်လိဂ် (၁)နှင့် (၂)၊ သက်တမ်းအလိုက် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲများ၊ ဖူဆယ်လိဂ် (၁)နှင့် လိဂ် (၂)၊ သက်တမ်းအလိုက် လက်ရွေးစင်ဖြစ်ခဲ့ဖူးသူများ၊ လက်ရွေးစင်များနှင့် လက်ရွေးစင်ဟောင်းများ ဝင်ရောက်ကစားခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။




အဆိုပါ ပြိုင်ပွဲ၏ ကွာတားဖိုင်နယ် အဆင့်တက်ရောက်ခွင့်ရရှိသော အသင်းများအနေဖြင့် MFF Futsal Championship 2024 ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိကြမည်ဖြစ်ပြီး MFF Futsal League II 2024 ပြိုင်ပွဲသို့ ဝင်ရောက်ကစားနိုင်မည့် အခွင့်ရေးရရှိမည်ဖြစ်ကြောင်း သိရသည်။

**ပွင့်သစ္စာ**

❃ MNL မှ

ရာနှုန်းပြည့်နိုင်ပွဲရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် နောက်တစ်ဆင့်တက်ရောက်ပြီးဖြစ်သောကြောင့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး နိုင်ငံခြားသားကစားသမားအားလုံး အနားပေးကာ ပြည်တွင်းကစားသမားများဖြင့် ပွဲထွက်ခဲ့သည်။ မဟာယူနိုက်တက်အသင်းသည် ဆီမီးတက်ရန် မျှော်လင့်ချက်မရှိသော်လည်း အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး လေးမိနစ်မှာပင် ဥက္ကာနိုင်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ ၂၇ မိနစ်တွင် မဟာယူနိုက်တက်အသင်း ပင်နယ်တီကန်ခွင့်ရခဲ့ပြီး ပက်ထရစ်က သွင်းယူခဲ့သဖြင့် သရေကျခဲ့သော်လည်း ၃၃ မိနစ်တွင် ရန်နိုင်ဦးက ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဒုတိယဂိုးထပ်သွင်းကာ ပထမပိုင်းအပြီးတွင် နှစ်ဂိုး–တစ်ဂိုးဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက အနိုင်ရလဒ်ကို ထိန်းကစားခဲ့ပြီး အနိုင်သေချာစေမည့် တတိယဂိုးကို ၆၆ မိနစ်တွင် ဇော်ဝင်းသိန်းက သွင်းယူခဲ့သည်။

**သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရ**

ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် တက္ကသိုလ်အသင်းက GFA အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ၂၈ မိနစ်တွင် လှဖုန်းဦးသွင်းယူသည့်ဂိုးဖြင့် GFA အသင်းဦးဆောင်နိုင်ခဲ့သော်လည်း တက္ကသိုလ်အသင်းအတွက် ၆၂ မိနစ်တွင် ငြိမ်းဇေယျာက ချေပဂိုး၊ ၆၆ မိနစ်တွင် လှိုင်ဘွားနှင့် ၈၁ မိနစ်တွင် ဇော်ဇော်ထိုက်တို့က အနိုင်ဂိုးများ သွင်းယူခဲ့သည်။ အုပ်စု (က) ပွဲစဉ်များအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၂၄ မှတ်ဖြင့် အုပ်စုပထမရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်ခဲ့ပြီး မဟာယူနိုက်တက်အသင်းက ၁၅ မှတ်၊ တက္ကသိုလ်အသင်းနှင့် GFA အသင်းက ကိုးမှတ်စီ၊ ရွှေပြည်သာယူနိုက်တက်အသင်းက သုံးမှတ်ရရှိခဲ့သည်။

မေ ၂၀ ရက် (ယနေ့) အုပ်စု (ခ) နောက်ဆုံးပွဲအဖြစ် သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် Glory Goal အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း–ကိုညီလေး၊ ဓာတ်ပုံ–MNL**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်မှ ပန်းပိတောက်ခွဲခြမ်း၊ မီးသွေးနှင့် အင်းစိန်မြို့နယ်မှ ပုံစံ(၈)ဝင် ကျွန်းတံခါး(အဆံပါ၊ အဆံမပါ)၊ ကျွန်းတံခါးအပိုင်းအစ၊ ကျွန်းပရိဘောဂအပိုင်းအစ၊ ကျွန်းအပ်ချုပ်စက်ခုံအပြားနှင့် အံဆွဲ၊ အခြားသားထင်း နှင့် မီးသွေးများအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကြော်ငြာ

၁။ သစ်တောဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်မှ ပန်းပိတောက် ခွဲခြမ်း(၆) ခြမ်း၊ (၀.၂၂၂)တန်၊ မီးသွေး(၃၆)ပေါင်ဝင်(၃၁၅)အိတ်(၄၀.၉၅) တန်နှင့် အင်းစိန်မြို့နယ်မှ ပုံစံ(၈)ဝင် ကျွန်းတံခါး(အဆံပါ၊ အဆံမပါ)၊ ကျွန်းတံခါးအပိုင်းအစ၊ ကျွန်းပရိဘောဂအပိုင်းအစ၊ ကျွန်းအပ်ချုပ် စက်ခုံအပြားနှင့် အံဆွဲ (၃၇.၇၁၃၂)တန်၊ အခြားသားထင်း(၁.၆၅၆၆)တန်၊ (၁၀)ပိဿာဝင်မီးသွေး(၂၂၀) အိတ်(၂၈.၁၆)ကုဗတန်အား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကို အောက်ပါအစီအစဉ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်–

**လေလံရောင်းချမည့်အစီအစဉ်**

(၁) နေ့ရက် – (၂၇–၅–၂၀၂၄)ရက်
(၂) အချိန် – မွန်းတည့် (၁၂: ၀၀)နာရီ
(၃) နေရာ – သစ်တောဓမ္မာရုံ၊ ကြို့ကုန်းသစ်တောဝင်း ဘုရင့်နောင်လမ်း၊ အင်းစိန်မြို့နယ်

၂။ သစ်တောဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်လိုင်စင်ရရှိထားသည့် သစ်အခြေခံအိမ်တွင်း စက်မှုလက်မှုလုပ်ငန်းရှင်များ၊ သစ်စက်သေး/စက်ကြီး အချောထည်စက်/ လျှာထိုးစက်လုပ်ငန်းရှင်များ၊ သစ်အရောင်းဆိုင်လုပ်ငန်းရှင်များ၊ ပန်းပုလုပ်ငန်းရှင်များ၊ ပရိဘောဂလုပ်ငန်းရှင်များသည် လိုင်စင်မိတ္တူနှင့်အတူ ဈေးပြိုင်လေလံဝယ်ယူခွင့် လျှောက်လွှာနှင့် စည်းကမ်းချက်(၁)စုံလျှင်(၃၀၀၀ိ /-) နှုန်းဖြင့်(၂၀–၅–၂၀၂၄)ရက်နေ့မှ(၂၄–၅–၂၀၂၄)ရက်နေ့ထိ နောက်ဆုံးထား၍ မြောက်ပိုင်းခရိုင်၊ သစ်တောဦးစီးဌာန၌ ဝယ်ယူလျှောက်ထားနိုင်ပါသည်။

၃။ ရောင်းချမည့် လပ်ပုံများကို(၂၁–၅–၂၀၂၄)ရက်နေ့မှစ၍ လေလံပွဲမကျင်းပမီ (၃)ရက်အလို ရုံးချိန်အတွင်း ပစ္စည်းတည်ရှိရာနေရာများတွင် ဝယ်ယူမည့်သူ ကိုယ်တိုင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

၄။ ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည့်အချက်အလက်များအား အသေးစိတ်သိရှိလိုပါက သစ်တောဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ တယ်လီဖုန်းအမှတ်၊ 09–421014647၊ 09–425363027 နှင့် Email လိပ်စာ၊ ad.north.fd.yangon@ gmail.com ဦးစီးအရာရှိရုံး၊ အင်းစိန် (09–771979698)၊ ထန်းတပင် (09256222749)မြို့နယ်၊ တယ်လီဖုန်းအမှတ်များသို့ စုံစမ်းနိုင်ပါသည်။

ဈေးပြိုင်လေလံတင်ရောင်းချရေးကော်မတီ
ရန်ကုန်မြောက်ပိုင်းခရိုင်

# မြောက်ဥက္ကလာပမြို့နယ်၌ အိမ်ထောင်စုလူဦးရေ စာရင်းများ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် (၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဦးစီးမှူး ဦးကျော်မင်းထွန်းနှင့် ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်း ၁၀၀ နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၉၉ ကတ်ကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြင့်လွင်(ပြန်/ဆက်)**



❍ စာမျက်နှာ ၂၃ မှ

သမဝါယမကဏ္ဍက ဝါသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးလိုအပ်သော သွင်းအားစုများ ထောက်ပံ့ပေးနိုင်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ (ပြည်ထောင်စု/တိုင်းဒေသကြီး)၊ သမဝါယမအသင်းပိုင်ငွေကြေးများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီမံထားကြောင်း သိရှိရပါသည်။ မည်သို့ပင်ဆိုစေ ဝါစိုက်တောင်သူများအတွက် ဝါဂွမ်းပိုမိုထွက်ရှိလာစေရေး လိုအပ်သော သွင်းအားစုများအား သီးနှံပေါ်ပေးစနစ်ဖြင့် ပေးချေရမည်ဖြစ်ခြင်းနှင့် ထွက်ရှိလာသော ဝါဂွမ်းများအား ဈေးကွက်ချိတ်ဆက်ပေးခြင်းကို သမဝါယမအသင်းများက ကူညီဆောင်ရွက်ပေးသွားမည်ဟု သိရှိရ၍ ဝင်ငွေတိုးပွားရရှိလာမည်မှာ မလွဲဧကန် ဖြစ်ပါသည်။

**ဝင်ငွေကိုယ်စီ**
**တိုးမြင့်ရရှိလာနိုင်တော့မည်**

ဝါစိုက်ပျိုးရေးစီမံကိန်း ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ကြမည့်ကုမ္ပဏီများ၊ အဝယ်ဒိုင်များ၊ သမဝါယမအသင်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ခြင်းနှင့် ထွက်ရှိလာသော ဝါကုန်ကြမ်းများကို ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ရေး စိတ်ပါဝင်စားမှုရှိပြီး ဖြစ်မြောက်အောင် ဦးဆောင်လုပ်ကိုင်နိုင်မည့် သမဝါယမအသင်းများ/အသင်းသားများ ထံသို့ ဝါကြိတ်စက်၊ ဝါဖန်စက်၊ ဝါဂွမ်းဖိစက်၊ ဝါလိပ်စက်၊ ဝါစေ့ဆီစက်များကို တည်ထောင်ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ပေးသွားမည်ဟု သိရှိရ၍ ဝါဈေးကွက်မှာ တောင်သူများ ကြိုက်နှစ်သက်သည့် ဈေးကောင်းများရရှိကာ ဝင်ငွေကိုယ်စီ တိုးမြင့်ရရှိလာနိုင်တော့မည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးဦးတည်ချက်များအား သမဝါယမကဏ္ဍက တတ်စွမ်းသည့်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ ဝန်ကြီးဌာန၏ မျှော်မှန်းချက်ဖြစ်သော ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးပွားလာစေရေးကို အကောင်အထည်ဖော်သည့်အနေဖြင့် ဝါစိုက်တောင်သူများအား လိုအပ်သော မျိုးကောင်းမျိုးသန့်၊ သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးနိုင်ရေး စီမံဆောင်ရွက်သွားမည့် ဝါစိုက်ပျိုးရေးစီမံကိန်းကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ ဝတ်ဆင်ရေး အဆင်ပြေချောမွေ့လာနိုင်ခြင်းနှင့် တောင်သူများ ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်ခြင်းတို့ကြောင့် ဝါသီးနှံတိုးချဲ့စိုက်ပျိုးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ကိုးကား**

**စိုက်ပျိုးရေးဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနမှ စာရင်းအချက်အလက်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်(၁၅)၊ တောင်ငူလမ်း၊ မြေတိုင်းအမှတ်သကမ–၁၄၊ မြေကွက်အမှတ်(၅၀၄/ခ)၊ မြေအကျယ်အဝန်း(၂၀x၆၀)ပေရှိ ဦးမြင့်အောင် အမည်ပေါက် ပါမစ်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်ပို ထံမှ လက်ဆင့်ကမ်းဝယ်ယူထားပြီး တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟုဝန်ခံသော ဦးညွန့်ဝင်း [၁၂/ထတပ(နိုင်)၀၁၈၄၄၀]ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒာမိုး [၁၂/အစန(နိုင်)၀၈၃၈၄၇]မှ အပြီးအပြတ်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်သန္တာထွန်း(LLB)** | **ဒေါ်နီလာဝင်း(LLB)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၂၆၅)** | **အထက်တန်းရှေ့နေ (စဉ်–၄၀၅၉၃)** |
| **ဖုန်း–၀၉–၄၅၁၅၅၆၉၀၄** | **ဖုန်း–၀၉–၄၂၀၀၉၄၉၁** |

**အမှတ်(၆၃၀)၊ နဝရတ်ကိုးလမ်းသွယ်(၅၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ မြေတိုင်းရပ်ကွက် (၁)၊ လူနေရပ်ကွက်အမှတ် (၁)၊ တိုးချဲ့လမ်းသစ်(၂)လမ်း၊ မြေကွက်အမှတ်–၁၆၃၄/ခ ဟုခေါ်တွင်သော အမှုတွဲအမှတ် – ရကစ/မြေရာ (သကတ/၁/၁၁၀၈/၉၂/၉၃)၊ မြေငှားစာချုပ်အမှတ်– သကတ/၁(နော်)/ ၀၂၈၉/၉၃၊ နှစ်(၆၀) မြေငှားဂရန် အမျိုးအစား ဦးအောင်ကျော် (RGN – ၀၂၃၆၀၆) + ဒေါ်ရင်မြ (CA–၀၁၁၁၄၈) အမည်ပေါက်မှ (၂–၅–၂၀၂၄) ရက်နေ့စွဲဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့ပြစီမံခန့်ခွဲမှုဌာန ဒုဌာနမှူး ခွင့်ပြုချက်အရ ဒေါ်သန်းသန်းရီ [၁၂/တမန(နိုင်)၀၅၃၄၈၃] အမည်ပေါက် (အလျား၂၀ ပေ x အနံ ၆၀ ပေ) အကျယ်အဝန်းရှိ ခြံမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်သန်းသန်းရီ [၁၂/တမန(နိုင်)၀၅၃၄၈၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးနေမျိုးအောင် [၁၁/အမန(နိုင်)၀၈၀၇၄၃]+ဒေါ်မိုးမိုးလွင် [၁၁/အမန(နိုင်)၀၅၇၈၁၄]တို့မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ မြေပိုင်ဆိုင်ခွင့်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေမျိုးအောင်+ဒေါ်မိုးမိုးလွင် တို့၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးသန့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၃၅၀/၁၃–၉–၂၀၁၂)**
**အမှတ်–၁၁(ပ–ထပ်)၊ ဝေဠုဝန်(၂)လမ်း၊ ဝေ/တောင်ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၆၁၀၅၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၇)လမ်း၊ အမှတ်(၄၁) မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ RC (၃ 1/2 )ထပ်တိုက်၏ ဒုတိယထပ်(ခေါင်းရင်းခန်း) (တစ်နည်း) ၄–လွှာ(အေ)၊ အကျယ်အဝန်း(၁၂ 1/2 x၅၀)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝင်းမော်ထွန်း[၁၂/သဃက(နိုင်)၁၇၃၂၇၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသက်ဝင်းမောင်[၁၂/သဃက(နိုင်)၀၉၀၅၂၃]က ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မိုးခင်အိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၄၄၃၀၇၁၁၄၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၇)၊ မြေကွက်အမှတ် (၄၉၇)၊ ဧရိယာ (၄၀ပေx၆၀ပေ)အကျယ်အဝန်းရှိ ဦးထွန်းအောင်ကြီး အမည်ပေါက် နှစ် (၆၀) ဂရန်မြေ အမျိုးအစား မြေကွက်အနက် တရားဝင်မခွဲစိတ်ရသေးသည့် (ခြေရင်းခြမ်း)၊ (၂၀ပေx ၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်– ၄၉၇၊ ဓမ္မာရုံလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို မြေအမည်ပေါက် ဖခင်ဖြစ်သူနှင့် မိခင်ဖြစ်သူတို့ ကွယ်လွန်သွားသဖြင့် သားသမီးများဖြစ်ကြသော ဒေါ်ချိုမမအောင်နှင့် ဦးချစ်ကိုကိုအောင် တို့က အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ဒေါ်ချိုမမအောင် [၁၂/မရက(နိုင်)၀၈၄၆၀၉] နှင့် ဦးချစ်ကိုကိုအောင် [၁၂/မရက(နိုင်)၀၇၀၄၉၆]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအေးချမ်းလင်း [၉/မဟမ(နိုင်)၀၂၄၈၈၁]နှင့် ဒေါ်သိင်္ဂီဦး [၇/ပမန(နိုင်)၁၄၂၄၉၈]တို့က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးကိုကိုဇော်** | **ဒေါ်နှင်းဇာခြည်မြင့်** |
| **LL.B, W.I.P.O (Swit)** | **LL.B,D.B.L,D.M.L, D.I.L, D.I.P.L, W.I.P.O (Swit)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၇၆၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၂၄၁)** |

**အမှတ် (၆၂)၊ ပထမထပ်၊ အခန်း (၁၆)၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၅၀၉၃၉၇၀၊ ၀၉–၂၅၄၅၄၆၃၆၅၊ ၀၉–၄၄၃၁၀၅၅၈၃**

# စာအုပ်စာပေ လူ့မိတ်ဆွေ

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ (၄)လွှာ၊ မြို့သစ်(၄)လမ်း၊ အမှတ်(၁၀၅)နေ ဦးဇော်မင်းထိုက် (၁၄/ဓနဖ(နိုင်)၁၂၆၈၅၄)၊ ဒေါ်နုနုယဉ် (၈/တတက(နိုင်)၀၉၉၄၂၆)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ မြို့သစ်(၂)လမ်း၊ (၄)လွှာ(ခေါင်းရင်းခန်း)၊ စတုတ္ထထပ်၊ အမှတ်(၃၆/ခ) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို (၁၈–၅–၂၀၂၄)ရက်နေ့တွင် ဦးဇော်မင်းထိုက်၊ ဒေါ်နုနုယဉ်တို့သည် ဒေါ်စိုးစိုးဝေ (၈/တတက(နိုင်)၀၀၀၀၆၁)၊ ဦးကျော်နိုင် (၁၂/ဗတထ(နိုင်)၀၁၃၃၇၉)တို့ထံမှ လက်ရောက်ဝယ်ယူထားပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်မင်းထိုက်၊ ဒေါ်နုနုယဉ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးထွန်းဝင်းလတ် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၂၇၄၈၇/၀၈)**
**အမှတ်(၉၄/က)၊ ယုဇနလမ်း၊ (၁၁)ရပ်ကွက်၊**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၂၀၂၆၈၂၂၉**

## "ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဃ) ရပ်ကွက်၊ လွတ်လပ်ရေးလမ်း၊ အမှတ် (၁၃၃)၊ အကွက်နံပါတ် (၄၅)၊ ဦးပိုင်အမှတ် (၄၄ – M)၊ ဧရိယာ (၀. ၆၅၂) ဧကရှိ ဒေါ်တင်လှ အမည်ပေါက်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၈)ထပ်ခွဲအဆောက်အဦ (ဆောက်လုပ်ဆဲ)မှ (၇)လွှာ၊ အခန်းအမှတ် (F)၊ တိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အားလုံးနှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း"

အထက်တွင်ဖော်ပြထားသည့် ပစ္စည်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ဝယ်တရားဝင် ပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ရတနာမြိုင်ဆောက်လုပ်ရေး ကုမ္ပဏီထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ဒေါ်နှင်းနှင်းသွယ်[၁၁/စတန(နိုင်)၀၄၉၀၇၈]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီ ဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးစိုးရန်နိုင် (LL.B)** | **ဒေါ်စန္ဒာဝင်း** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ် – ၁၄၈၃၈/၁၈)** | **(စဉ်–၃၇၀၂၅/၁၁)** |

**အမှတ် (၁၂/က)၊ အင်းစိန်လမ်း၊ (၁၃) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**Phone – 09 795128994, 09 428177487**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ်(၃၂၅)၊ မြေအကျယ်ပေ(၄၅+၄၇/၂x၆၀)၊(၀.၀၆၃)ဧကရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို နှစ်(၆၀) မြေငှားဂရန် အမည်ပေါက်သူ ဒေါ်ကြည်ကြည်ဝင်း [၁၂/ဥကတ(နိုင်)၀၈၈၉၈၃] ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်–၂၅၂၅၅(၂၄–၁၁–၂၀၂၃)ရက်စွဲပါ လွှဲစာကို လက်ခံရရှိသူ–ဦးသာမျိုးခိုင်[၁၂/တမန(နိုင်)၀၀၂၄၇၁]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်နှင်းလဲ့ဝေ[၁၂/ဒဂန(နိုင်)၀၃၄၂၇၇]မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ(၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နှင်းလဲ့ဝေ၏ ညွှန်ကြားချက်အရ–**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး(H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၆၆၀၅)၊ (၂၀–၇–၁၉၉၈)**
**ရုံး–(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉–၅၄၀၇၂၂၉**

## "အများသိစေရန်"

ကျွန်ုပ်မိတ်ဆွေသည် **"ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သဇင်နွယ်(၁)လမ်း၊ အမှတ်(၄၂၅)"** ဟု ခေါ်တွင်သော (၅)ထပ်၊ အဆောက်အဦ၏ ပထမထပ်(ဝဲ)(၁၂ 1/2 'x၅၀') တိုက်ခန်းအား ဝယ်ယူရန်ပိုင်ရှင်ဟု အဆိုပြုသူ ဦးဘိုအေးထံသို့ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ရာ မည်သူမဆို ခိုင်လုံသည့် အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ တိုက်ရိုက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကြေညာပါသည့်နေ့မှ (၂၉–၅–၂၀၂၄)ရက်နေ့မတိုင်မီ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဆက်လက်ငွေချေ အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ကြောင်း ဝယ်သူ၏တာဝန်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးရန်နိုင်ဦး(စဉ်–၄၆၇၁၆)** | **ဒေါ်အေးမြတ်ထွန်း(စဉ်–၅၆၃၄၆)** |

**အထက်တန်းရှေ့နေများ**
**အမှတ်(၁၄၀)၊ဒု–ထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။**
**ဖုန်း–၀၉–၅၀၉၂၃၉၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ ရွှေတိဂုံဘုရားအုတ်လမ်း၊ တိုက်အမှတ်– ၄၈ရှိ၊ အခန်းအမှတ်–B–3(၃လွှာ)၊ ရေမီးစုံ တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်၍ တရားဝင်လက်ရောက်ရယူထားသော ဒေါ်တင့်တင့်ကျော်[၁၂/ပဘတ(နိုင်)၀၂၆၃၀၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်အတူ လူကိုယ်တိုင် ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ခဲ့ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်ဝင်း (B.A, R.L, D.E.S, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်– ၇၅၀၈)**
**အမှတ်(၈၀)၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၄၅၁၃၇၉၇၉၁၊ ၀၉–၂၅၄၅၀၇၇၀၀**

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

## ဒေါက်တာဘဒ္ဒန္တ အရိယာဝံသာဘိဝံသမဟာထေရ်

## မဟာဂန္ထဝါစက ပဏ္ဍိတ

## သာသနဓဇ ဓမ္မာစရိယ၊ သာသနဓဇ သိရီ ပဝရ ဓမ္မာစရိယ၊

## သာသနပါလ ဓမ္မာစရိယ၊ ဝိနယပါရဂူ၊ (Ph.D India)

## သိက္ခာတော်(၅၁)ဝါ၊ သက်တော်(၇၀)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၃) ရပ်ကွက်၊ သန်လျင်တံတားအိမ်ရာဝင်း၊ ပတ္တမြားလမ်း၊ **ရွှေစာရံ ပရိယတ္တိစာသင်တိုက်**၏ ဦးစီးပဓာန နာယက ကျေးဇူးတော်ရှင် ဆရာတော်ကြီး **ဒေါက်တာအရိယာဝံသာဘိဝံသ** သည် (၁၃၈၆ ခု၊ ကဆုန်လဆန်း ၁၁ ရက်) ၁၈–၅–၂၀၂၄(စနေနေ့) နံနက် ၁၀:၄၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၆ ခု၊ ကဆုန်လပြည့်နေ့) ၂၂–၅–၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် တရားနာ ရေစက်ချ အမျှဝေပြီးလျှင် မွန်းတည့် ၁၂ နာရီတွင် အန္တိမအဂ္ဂိစျာပန သာခုကီဠနသဘင်ကို ကျီစုသုသာန်သို့ ပင့်ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးမှ တပည့်သံဃာများနှင့် ဒါယကာ/ဒါယိကာမ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**တပည့်**
**သံဃာတော်များနှင့် ဒါယကာ/ဒါယိကာမများ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၅)၊ မြေကွက်အမှတ်(၁၅၅၇)၊ အကျယ်အဝန်း(၄၀ပေ x ၆၀ပေ)ရှိ ဦးသန်းအောင်[၁၂/မဂဒ(နိုင်)၀၄၉၃၆၄] အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိ စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ရင်ရင်ချစ်[၁၂/ရကန(နိုင်)၀၆၅၆၄၃]မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အေးသန္တာဝေ[၃/ဘအန (နိုင်)၃၀၇၃၂၂]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးသန္တာဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို (LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်–၂၆၄၀၉)** |

**အမှတ် (၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉–၂၅၀၆၈၅၇၁၇၊ ၀၉–၇၉၇၆၄၀၆၁၆၊ ၀၉–၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၅)၊ မြခေမာလမ်း၊ မြေကွက်ကြီးအမှတ် (၂၉/က)၊ ဧရိယာအကျယ်အဝန်း (အလျား ၂၀ ပေ x အနံ ၆၀ ပေ)ရှိ ဦးခင်မောင်ဝင်း အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် မီတာပါနေအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြု ရောင်းချသူ ဦးဟန်လင်းဦး [၁၂/ခရန(နိုင်)၀၁၂၈၈၂]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နွေးနွေးသော်[၂/လကန(နိုင်)၀၆၈၀၆၉]က စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း တင်ပြကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးသည်နှင့် အရောင်းအဝယ်ကို တရားဝင် ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နွေးနွေးသော်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်လှသီ**
**B.A(Law),LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၃၄၆)**
**ဖုန်း–၀၉–၄၃၀၇၂၄၄၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ မြေကွက်အမှတ်(၉၄၉)၊ ဝနဝါသီကျောင်းလမ်း၊ အကျယ်အဝန်း(၄၀ပေ x ၆၀ပေ)ရှိ ဦးထွန်းသိန်း (ISN–၅၃၄၅၅၆)အမည်ပေါက် ပါမစ်မြေကွက်ထဲမှ မြေကွက်အမှတ်(၉၅၀)နှင့် ကပ်လျက်ဘက်ခြမ်း မခွဲမစိတ်ရသေးသော အကျယ်အဝန်း(၂၀ပေ x ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိ စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင်ထားသူ ဒေါ်သုသုဝင်း[၁၂/ဒဂတ(နိုင်)၀၇၃၂၉၄]မှ ပိုင်ဆိုင်မှု အရှုပ်အရှင်း ကင်းရှင်း၍ ပြန်လည် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းသီတာဝင်း[၁၂/သဃက(နိုင်)၀၉၅၇၃၆]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းသီတာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မွန်မွန်ချို (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈)   ဒေါ်စန္ဒာဝင်း(LL.B) အထက်တန်းရှေ့နေ(စဉ်–၂၆၄၀၉)**
**အမှတ် (၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ။**
**ဖုန်း ၀၉–၂၅၀၆၈၅၇၁၇၊ ၀၉–၇၉၇၆၄၀၆၁၆၊ ၀၉–၅၀၇၉၉၇၈**

# အားကစား

# မြင့်တင်

# စိတ်လန်းရွှင်

# ဆန့်ကျင်

# မူးယစ်ဆေး

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၈)လမ်း၊ အမှတ်(၇) မြေကွက်ပေါ်ရှိ(၂)ခန်းတွဲ (၃ 1/2 )ထပ်တိုက်၏ ဒါဘာထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၂ 1/2 x၅၀)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းစန်းဝင်း[၁၂/သကတ(နိုင်)၀၉၇၄၈၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးသက်ဝင်းမောင် [၁၂/သဃက (နိုင်)၀၉၀၅၂၃]+ဒေါ်ခင်လဲ့လဲ့သိန်း[၁၂/သဃက(နိုင်)၁၃၅၀၁၄]တို့က ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မိုးခင်အိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၄၄၃၀၇၁၁၄၈**

## ဦးကျော်ဝင်း(ခ)အဘဘိုးကျော်
## အသက်(၇၃)နှစ်

ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့နယ်၊ တောင်သုံးလုံးသာသနာပြု အရိယဓမ္မဝိဇ္ဇာ အဘ အဘဘိုးသံ၊ မယ်တော်ကြီး ဒေါ်သာယာ၏ သားငယ် တောင်သုံးလုံး သာသနာပြုစခန်းသစ်နေ ဦးကျော်ဝင်း(ခ)အဘဘိုးကျော် အသက်(၇၃)နှစ်သည် ၁၈-၅-၂၀၂၄ (စနေနေ့)နံနက် ၁၀:၅၀ နာရီတွင် (၉၆) ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၂၂-၅-၂၀၂၄ (ဗုဒ္ဓဟူးနေ့) မွန်းတည့်၁၂ နာရီတွင် တောင်သုံး လုံးသာသနာပြုစခန်းသစ်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း တပည့်သား သမီးများနှင့် ရပ်နီးရပ်ဝေးနေဓမ္မမိတ်ဆွေများအားအသိပေး အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဦးတင်မောင်ဦး(ပုလော)
## အသင်းဝင်အမှတ်-၅၇၄
## အသက်(၈၀)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာ ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၂၀) ပ-ထပ်နေ ဒေါ်သန်းသန်းမြတ်၏ ခင်ပွန်း၊ ဦးချစ်ထွေး [ဒုတိယဥက္ကဋ္ဌ-ပုလောမြို့နယ်အသင်း(ရန်ကုန်)]- ဒေါ်သောင်းရီ၏အစ်ကို ဦးတင်မောင်ဦးသည် ၁၉-၅-၂၀၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၂:၁၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၉- ၅-၂၀၂၄ (တနင်္ဂနွေနေ့)မွန်းလွဲ ၁:၄၅နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **နာယက၊ အမှုဆောင်အဖွဲ့**

## ဦးမြင့်သိန်း
## ဘူမိဗေဒအရာထမ်း(ဒု)ငြိမ်း
## (ဘိုကလေးမြို့နယ်)
## အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၃ ရပ်ကွက်၊ အမှတ်(၁၈၁/၁)၊ ယင်းမာလမ်းနေ (ဦးထင်ကျော်)- (ဒေါ်နှင်းရီ) (ဘိုကလေးမြို့)တို့၏ သားလတ်၊ ဒေါ်အေးသီ(အမှတ်၂ သတ္တုတွင်း ငွေစာရင်း၊ အငြိမ်းစား)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးနိုင်-ဒေါ်မင်းမင်းအေး၊ ဒေါ်လင်းလင်းထက်၊ ဦးဖြိုးဝေမိုးတို့၏ မွေးသဖခင်၊ မောင်ဇေမင်းထိုက်၊ မောင်အေးမင်းထိုက်၊ မောင်ပြည့် မင်းသော်တို့၏ ချစ်လှစွာသော ဘိုးဘိုး ဦးမြင့်သိန်း(ဘူမိဗေဒ၊ ငြိမ်း)သည် ၁၉-၅-၂၀၂၄ ရက် နံနက် ၀၀:၄၅ နာရီတွင် ကွယ်လွန်အနိစ္စ ရောက်သွားပါသောကြောင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၁-၅-၂၀၂၄(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။
(နေအိမ်မှကားများ နံနက် ၈:၃၀ နာရီ တွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၃-တိုးချဲ့ဝန်ထမ်းကြီးရပ်ကွက်၊ မြေကွက်အမှတ်-(G-3၊ G-4)၊ အကျယ်အဝန်းပေ(၄၀'x၆၀')ရှိ မြေ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်စောမွန်မြတ်မှ နှစ်ဦးသဘောတူ အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရောက်ပေးအပ် ရောင်းချခဲ့၍ ဒေါ်နော်အက်စတာမှ အပြီးအပိုင်ဝယ်ယူလက်ဝယ်ထားရှိ ပိုင်ဆိုင်လျက်ရှိပါသည်။ မည်သူမဆို မမှန်မကန်ဖန်တီးထားသည့် စာရွက်စာတမ်းများအသုံးပြုလျက် တစ်စုံတစ်ရာအနှောင့်အယှက် ပြုလုပ်ပါက တရားဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်နော်အက်စတာ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၂၁)(၄-၁၀-၂၀၂၁)**
**အမှတ်-၆၅၅/က၊ ပန်းခြံ(၁)လမ်း၊ ၈၂/၃၄/၁၀-ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်။ Ph-09-451272495,09-769366517**

### ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၄) လမ်း၊ မြေကွက်အမှတ်-၆၆၊ ဒေါ်သန်းသန်းအေးနှင့် ဦးစိုးကြည် တို့(၂)ဦးပိုင်ဆိုင်သော မြေပိုင်မြေအမျိုးအစားမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ၊ (၅)ထပ်တိုက်ရှိ ပဉ္စမထပ်(ခြေရင်း+ခေါင်းရင်း)တိုက်ခန်း(၂)ခန်း၏ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်း(၂)ခန်းသည် ကန်ထရိုက်တာ ဦးထွန်း လင်းဦးမှ ပိုင်ဆိုင်ခွင့်ရှိသည့်တိုက်ခန်း ဖြစ်ကြောင်းနှင့် (၁၅-၅-၂၀၂၄) ရက်စွဲပါစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားခြင်းဖြစ်ကြောင်း ရောင်းချသူ များဖြစ်သော ဦးပြုံးချို[၈/မသန(နိုင်)၀၉၂၀၂၁]နှင့် ဒေါ်အိဖြူလေး[၁၄/ အမန(နိုင်)၁၅၉၉၂၂]တို့မှ ဝန်ခံကတိပြုရောင်းချခြင်းအပေါ် ကျွန်ုပ် မိတ်ဆွေဖြစ်သူ ဒေါ်ဆွေဆွေမွန်[၉/ဝတန(နိုင်)၀၅၇၈၄၇]မှ ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါတိုက်ခန်း(၂)ခန်း၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍(၁၄)ရက်အတွင်း တိုက်ခန်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ဆွေဆွေမွန်** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၉/ဝတန(နိုင်)၀၅၇၈၄၇]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **အမှတ်-၇၄၇(က)၊ ဂန္ဓမာလမ်း၊** | **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊** |
| **(၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** | **(၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| | **ဖုန်း-၀၉-၅၁၈၉၆၈၉** |

## ဦးတင်မောင်ဦး(နွားထိုးကြီးမြို့၊ ပုလောမြို့)
## သတ္တုတွင်းအင်ဂျင်နီယာ(ငြိမ်း)
## အသက် (၈၀)နှစ်

နွားထိုးကြီးမြို့နယ်၊ ကုန်းသာရွာနေ(ဦးအောင်မြင့်- ဒေါ်စောမြင့်)တို့၏ သား၊ ပုလောမြို့နေ (ဦးဖိုးရုံ-ဒေါ်ငွေချစ်) တို့၏ သားသမက်၊ ဒေါ်သန်းသန်းမြ၏ ခင်ပွန်း၊ ဒေါက်တာအာကာ- ဒေါ်သန္တာကျော်၊ (ဦးဇော်မင်း)-ဒေါ်မေမိုးဦး၊ ဒေါ်ဆောင်းနှင်းဦး တို့၏ မွေးသဖခင်၊ မြေးလေးယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၉-၅-၂၀၂၄ ရက် နံနက် ၂:၁၅ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန် သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁:၄၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။(ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၂၄ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအတွင်း အမှတ်(၂၀)၊ ပထပ်၊ ဗဟိုလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်းမြို့နယ် နေအိမ်၌ ရက်လည်ဆွမ်း ဆက်ကပ်လှူဒါန်းမည်ဖြစ်၍ ကြွရောက် ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နန်းစိန်ဝင်း(လင်းခေးမြို့)
## အသက်(၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီး ရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ်(၃၄)B-4 နေ (ဦးနန္ဒာ-ဒေါ်နု) တို့၏သမီး၊ (ဦးထွန်းရွှေ)၏ချစ်လှစွာသောဇနီး၊ ဦးအောင်ထွန်းဝင်း၊ ဦးအောင်ထွန်းလင်း၊ ဦးညီညီဝင်း၊ ဒေါ်စန္ဒာထွန်း၊ ဦးအောင်ဝင်းထွေး တို့၏ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၁၉-၅-၂၀၂၄(တနင်္ဂနွေနေ့)နံနက် ၀၀:၅၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၂၄ (အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ မိတ်ဆွေများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။(နေ အိမ်မှကားများ နံနက် ၉:၃၀ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသန်းဇော်သိန်းဦး
## B.Sc(Geology)(94 batch)
## အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၈-ရပ်ကွက်၊ ချမ်းသာလမ်း၊ အိမ်အမှတ် (၂၉) နေ ဦးချစ်သိန်း-(ဒေါ်သန်းညွန့်)တို့၏သား၊ ဒေါက်တာမွှေးနံ့သာ(ပါမောက္ခ/ ဓာတုဗေဒဌာန၊ ကျိုင်းတုံတက္ကသိုလ်) ၏ချစ်လှစွာသောခင်ပွန်း၊ မောင်ခန့်ကိုကိုသန်း(Graed-12) ၏ ချစ်လှစွာသောဖခင်၊ ဦးဇော်ဦး-ဒေါ်ညွန့်မာလာသိန်း၏ အစ်ကို၊ မောင်အောင်စစ်ပိုင်၊ မထက်မာအောင်တို့၏ဦးလေးသည် ၁၉-၅- ၂၀၂၄(တနင်္ဂနွေနေ့)နံနက်တွင် ရန်ကုန်မြို့၌ ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၂၄(အင်္ဂါနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၃-တိုးချဲ့ဝန်ထမ်းကြီးရပ်ကွက်၊ မြေကွက်အမှတ်-(G-5၊ G-6½)၊ အကျယ်အဝန်းပေ(၃၀'x၆၀')ရှိ မြေ၏ အကျိုးခံစားခွင့်အရပ်ရပ်ကိုဒေါ်စောမွန်မြတ်မှ နှစ်ဦးသဘောတူအပြီး အပိုင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရောက်ပေးအပ် ရောင်းချ ခဲ့၍ ဦးစောသာထူးမှ အပြီးအပိုင်ဝယ်ယူလက်ဝယ်ထားရှိပိုင်ဆိုင် လျက်ရှိပါသည်။ မည်သူမဆို မမှန်မကန်ဖန်တီးထားသည့်စာရွက် စာတမ်းများအသုံးပြုလျက် တစ်စုံတစ်ရာအနှောင့်အယှက်ပြုလုပ် ပါက တရားဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးစောသာထူး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၂၁)(၄-၁၀-၂၀၂၁)**
**အမှတ်-၆၅၅/က၊ ပန်းခြံ(၁)လမ်း၊ ၈၂/၃၄/၁၀-ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်။ Ph-09-451272495,09-769366517**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၃-တိုးချဲ့ဝန်ထမ်းကြီးရပ်ကွက်၊ မြေကွက်အမှတ်-(G-7)၊ အကျယ်အဝန်းပေ(၂၀'x၆၀')ရှိ မြေ၏အကျိုး ခံစားခွင့်အရပ်ရပ်ကို ဒေါ်စောမွန်မြတ်မှ နှစ်ဦးသဘောတူအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ဖြင့်လက်ရောက်ပေးအပ်ရောင်းချခဲ့၍ ဒေါ်နော်အယ်သွီထူးစံမှ အပြီးအပိုင်ဝယ်ယူလက်ဝယ်ထားရှိ ပိုင်ဆိုင် လျက်ရှိပါသည်။ မည်သူမဆို မမှန်မကန်ဖန်တီးထားသည့်စာရွက် စာတမ်းများအသုံးပြုလျက်တစ်စုံတစ်ရာအနှောင့်အယှက်ပြုလုပ်ပါက တရားဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်နော်အယ်သွီထူးစံ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၂၁)(၄-၁၀-၂၀၂၁)**
**အမှတ်-၆၅၅/က၊ ပန်းခြံ(၁)လမ်း၊ ၈၂/၃၄/၁၀-ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်။ Ph-09-451272495,09-769366517**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နီနီ
## (သဲအင်းယောဂီ)
## အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄)ရပ်ကွက်၊ အမှတ်(၁၃၆၀)နေ ဒုတိယ ဗိုလ်မှူးကြီး ခင်မောင်ဦး(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဒေါ်ချိုမာဦး-ဦးအောင်ချို ထွေး၊ ဦးမင်းမင်းဦး(MAI)-ဒေါ်ဆွေဆွေမိုးထွန်းတို့၏မိခင်၊ မဖြူစင်ခိုင်(MAI)၊ မောင်သုတစံ၊ မောင်ရှိန်းခန့်၊ မောင်ပြည့်စုံအောင်ချို၊ မပေရယ်မိုးပြည့်တို့၏ ချစ်လှ စွာသော ဘွားဘွားကြီး ဒေါ်နီနီ အသက်(၇၆)နှစ်သည် ၁၈-၅-၂၀၂၄ရက် ည ၈:၄၅ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၄ ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်း ကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၄၅ နာရီတွင်စတင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ယာယီရဲမှူး ဇော်ဆွေ
## အသက်(၅၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ အုန်းနဲ့စမ်းကျေးရွာနေ ဦးထွန်းအောင်- ဒေါ်ခင်သွယ်တို့၏ သား၊ ဒေါ်စောမိုးထွေး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ပြည့် ဘုန်းမာန်၊ မသန့်သဇင်တို့၏ ချစ်လှစွာသောဖခင်၊ ဗိုလ်တထောင်မြို့နယ် ရဲတပ်ဖွဲ့ မှူး ရဲ-၅၅၃၇ ယာယီရဲမှူး ဇော်ဆွေသည် ၁၈-၅-၂၀၂၄ ရက်နေ့ ည ၇:၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ၉၆ ပါး ရောဂါဖြင့် ဘဝတစ်ပါးသို့ ကွယ်လွန်အနိစ္စ ရောက်သွားပြီဖြစ်သဖြင့် ကြွင်းကျန်သောရုပ်ကလာပ်အား ၂၀-၅-၂၀၂၄ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းနှင့် ကွယ်လွန်သူအား ရည်စူး၍ ၂၂-၅-၂၀၂၄(ဗုဒ္ဓဟူးနေ့) နံနက် ၅:၃၀ နာရီတွင် ဝါးတန်းရဲရိပ်သာ၊ ဝါးတန်း လမ်း၊ လမ်းမတော်မြို့နယ်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ သဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်စွာဖြင့် အသိပေးဖိတ်ကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ မြောင်းကြီးလမ်း၊ အမှတ်-၉၄၊ (၃)လွှာ(ခေါင်းရင်းခန်း)အခန်း(၃)၊ အကျယ်အဝန်း(၁၂×၆၀)ပေရှိတိုက်ခန်းအား ဦးထင်အောင်ဦး၊ ၁၂/မဂတ(နိုင်)၀၃၇၉၅၇ မှပိုင်ဆိုင်လက်ရှိဖြစ်ကြောင်း မြွက်ဟကြေညာ၊ တာဝန်ယူဝန်ခံရောင်းချသည့် အတွက် ၎င်းထံမှကျွန်ုပ်မိတ်ဆွေ ဒေါ်သီရိဦး၊ ၁၂/ဗတထ(နိုင်)၀၀၆၇၈၈ က အပြီးအပိုင်ဝယ်ယူရန် စရံငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့်အထောက်အထား၊ ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါ သည်။ အကယ်၍ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**<u>လွှဲအပ်ညွှန်ကြားချက်အရ</u>**
**ဦးကျော်စွာဝင်း**
**LL.B,DBL,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၆၇၅)**
**ဖုန်း - ၀၉ ၇၉၀၁၉၈၃၃၆**
**အမှတ်(၃၁)၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့**

## မူးယစ်
## ကိုပစ်
## ပန်းတိုင်
## သစ်
## စိတ်သစ်
## လူသစ်
## ဘဝသစ်

MOEE

YESC

လျှပ်စစ်ကြိုးများကို သံဇကာ၊ သွပ်မိုး၊ သံထည်ပစ္စည်းစသည့် လျှပ်ကူးပစ္စည်းများနှင့် ထိတွေ့ ချည်နှောင်၊ သွယ်တန်း သုံးစွဲခြင်း မပြုရ။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဖြစ်သောကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေ တည်တံ့ခိုင်မြဲရေး ခိုင်မာသေချာစေရန် တပ်တွင်းစည်းလုံးညီညွတ်မှုကို ကျစ်လျစ်သေချာစွာတည်ဆောက်သွားရန် အလေးအနက်ထားမှာကြားလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

# ISTAF World Cup 2024 ပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်း နှစ်ယောက်တွဲပြိုင်ပွဲ၌ ကွာတားဖိုင်နယ် တက်ရောက်

**ရန်ကုန် မေ ၁၉**

ISTAF World Cup 2024 ပိုက်ကျော်ခြင်းပြိုင်ပွဲ ဒုတိယနေ့ကို မေ ၁၉ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဆက်လက်ကျင်းပရာ မြန်မာပိုက်ကျော်ခြင်းအသင်း နှစ်ယောက်တွဲပြိုင်ပွဲ၌ ကွာတားဖိုင်နယ် တက်ရောက်ခဲ့သည်။

မြန်မာအသင်းသည် နှစ်ယောက်တွဲပြိုင်ပွဲ အုပ်စု ဒုတိယပွဲအဖြစ် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရာ ၂-၁ ပွဲဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ပထမပွဲတွင် ၁၅-၉ မှတ်ဖြင့် အနိုင်ရပြီး ဒုတိယပွဲငယ်တွင် ၁၆-၁၇ မှတ်ဖြင့် ပြန်လည်အရေးနိမ့်သော်လည်း တတိယပွဲငယ်တွင် ၁၅-၁၂ မှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယမန်နေ့က ကစားသည့် ပထမပွဲတွင် ဖိလစ်ပိုင်အသင်းကို အနိုင်ရထားသဖြင့် အုပ်စုနှစ်ပွဲစလုံးအနိုင်ရကာ အုပ်စုပထမဖြင့် ကွာတားဖိုင်နယ် တက်ရောက်ခဲ့သည်။ သုံးယောက်တွဲပြိုင်ပွဲ အုပ်စုပွဲများကို စတင်ကျင်းပရာ မြန်မာအသင်းသည် အိန္ဒိယအသင်းနှင့် တွေ့ဆုံခဲ့ရာ ၂-၁ ပွဲဖြင့် အနိုင်ရခဲ့သည်။

**စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❂**




မေ ၁၈ ရက်က ကျင်းပသည့် အုပ်စုပွဲတွင် မြန်မာနှင့် ဖိလစ်ပိုင် ယှဉ်ပြိုင်ကစားစဉ်။

**ယနေ့ ဖတ်စရာ**

**အစ္စရေးတပ်ဖွဲ့ဝင်များ၏ စစ်ဆင်ရေးဆင်နွှဲမှုကြောင့် ရာဖာမြို့မှ စွန့်ခွာထွက်ပြေးသူပေါင်း ၈၀၀၀၀၀ ရှိလာ**

စာမျက်နှာ » ၁၃

**စာဖတ်ခြင်းနှင့် ကြီးမြတ်သောလူမျိုး**

ဆောင်းပါး စာမျက်နှာ » ၁၅

**ပညာပန်းများ ပွင့်လန်းဖို့ ကျောင်းအပ်ကြပါစို့**



ဆောင်းပါး စာမျက်နှာ » ၁၈

# MNL Cup ပြိုင်ပွဲ အုပ်စု (က) တွင် ရန်ကုန်ယူနိုက်တက်အသင်း ရာနှုန်းပြည့်နိုင်ပွဲဖြင့် ဆီမီးတက်



ရန်ကုန်ယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားစဉ်။

**ရန်ကုန် မေ ၁၉**

၂၀၂၄ MNL Cup ပြိုင်ပွဲ အုပ်စု (က) နောက်ဆုံးနေ့ကို မေ ၁၉ ရက်က ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက် အသင်း ရာနှုန်းပြည့်နိုင်ပွဲရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့် ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ပွဲပြီးကတည်းက ဆီမီးဖိုင်နယ်တက်ရောက်ပြီးဖြစ်သော်လည်း ယခုနောက်ဆုံးပွဲတွင် မဟာယူနိုက်တက်ကို ထပ်မံအနိုင်ယူကာ

**စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❃**

# မြန်မာအမျိုးသမီးလိဂ်တွင် လက်ရှိချန်ပီယံ မြဝတီနှင့် သစ္စာအားမာန် သရေကျ

**ရန်ကုန် မေ ၁၉**

၂၀၂၄ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၃) နောက်ဆုံးနေ့အဖြစ် လက်ရှိချန်ပီယံ မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ မေ ၁၉ ရက်က စလင်းကွင်း၌ ယှဉ်ပြိုင်ကစားရာ ဂိုးမရှိသရေကျခဲ့သည်။

နှစ်ပွဲဆက်အရေးနိမ့်ထားသည့် နာမည်ကြီး သစ္စာအားမာန်အသင်းသည် ရှုံးပွဲဆက်နေမှုကို ရပ်တန့်နိုင်ခဲ့သော်လည်း နိုင်ပွဲရှာမတွေ့သေးဘဲ သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ လက်ရှိချန်ပီယံ မြဝတီအသင်းမှာလည်း နိုင်ပွဲထပ်မံပျောက်ဆုံးခဲ့ပြီး သုံးပွဲကစားရာတွင် လေးမှတ်သာရရှိသေးသည်။

လက်ရှိချန်ပီယံ မြဝတီအသင်းသည် ရူပါခိုင်၊ ဖြူဖြူဝင်း၊ ခိုင်သဇင်၊ အေးအေးမိုး၊ ဇင်မာထွန်းတို့ဖြင့် ပွဲထွက်လာပြီး သစ္စာအားမာန်အသင်းတွင်လည်း ငယ်ငယ်ထွေး၊ ခင်မိုမိုထွန်း၊ မျိုးမြမြငြိမ်း၊ မြတ်နိုးခင်၊ မေသက်မွန်မြင့်တို့ဖြင့် လူစုံခဲ့သည်။ နှစ်သင်းစလုံး နိုင်ပွဲရရှိရေးအတွက် အားထည့်ကစားခဲ့ပြီး ဂိုးရနိုင်သည့်အခွင့်အရေးများ အပြန်အလှန်ရခဲ့သော်လည်း အသုံးမချနိုင်သဖြင့် ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❒**